# ကြေးမုံ

The Mirror Daily

၁၉၅၇ ခု ဇွန် ၁၆ တွင် စတင်ထုတ်ဝေသည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၈၂ ခုနှစ်၊ တော်သလင်းလကွယ်၊ သောကြာနေ့။ Friday, 16 October 2020 ၁၀၁၆၇


# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) လက်မှတ်ရေးထိုးခြင်း (၅)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၁၅ ရက်)

**နိဒါန်း**

ဒီကနေ့ကတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးခြင်း (၅)နှစ်မြောက် အချိန်အခါပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပတ်လည်အချိန်အခါတွေမှာ အခမ်းအနားတွေကို ဒီခန်းမကြီးထဲမှာပဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီကနေ့မှာတော့ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ COVID–19 ကာကွယ်ထိန်းချုပ်ရေးအခြေအနေအရ အခမ်းအနား ကျင်းပနိုင်ခြင်းမရှိပါဘူး။ ဒါ့ကြောင့် ကျွန်မအနေနဲ့ ဒီဗီဒီယိုထုတ်လွှင့်မှုကတစ်ဆင့်ပဲ အားလုံးကို နှုတ်ခွန်းဆက်လိုက်ရပါတယ်။

**ထပ်လောင်း ကတိကဝတ်ပြုခြင်း**

နှစ်ပတ်လည်အခမ်းအနားတွေ၊ အထိမ်းအမှတ်ပွဲတွေ ကျင်းပပြုလုပ်ခဲ့ရခြင်းဟာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြတဲ့ အစုအဖွဲ့အသီးသီးအနေနဲ့ ဒီစာချုပ်မှာဖော်ပြပါရှိတဲ့ အခြေခံမူတွေ၊ သဘောတူညီချက်တွေ၊ သန္နိဋ္ဌာန်တွေကို ထပ်လောင်းအတည်ပြုကြခြင်းပဲ ဖြစ်ပါတယ်။ NCA ဆိုတာ နှစ်ဖက်ပူးတွဲပိုင်ဆိုင်တဲ့ စာချုပ်ဖြစ်ပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**"တိုက်ပွဲတွေ၊ စစ်ပွဲတွေ ပစ်ခတ်တိုက်ခိုက်မှုတွေကိုသာ ရပ်စဲဖို့လိုအပ်နေတာဖြစ်ပြီး ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးကိုတော့ ရပ်စဲလို့မရဘူး"ဆိုတာပါပဲ . . .**

**ငြိမ်းချမ်းရေးမှာ "စောင့်ကြည့်တာပေါ့" ဆိုတဲ့ သဘောမျိုးမထားကြဖို့ အလေးအနက်တိုက်တွန်း . . .**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်း (၅)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် မိန့်ခွန်းပြောကြားစဉ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**အာဆီယံဒေသတွင်း ပညာရေးစနစ်တွင် ဒစ်ဂျစ်တယ်ဖြင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အာဆီယံ-ယူနီဆက်ညီလာခံ ကျင်းပ**
စာမျက်နှာ » ၅

**ရုရှားသမ္မတ ပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့ အာမေးနီးယားနှင့် အဇာဘိုင်ဂျန် အရေး ဆွေးနွေး**
စာမျက်နှာ » ၁၂

**ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သတင်းနှင့် မှတ်တမ်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထား**
စာမျက်နှာ » ၁၅


CB BANK

Best Digital Bank 2020 By ASIAMONEY

ဘဏ်သို့သွားစရာမလိုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား CB Bank iBanking မှတဆင့် ဆောင်ရွက်လိုက်ပါ။

- Payroll Service
- Other Banks Transfer (MMK/USD)
- Bill Payment
- Non Trade Payment
- IRD Tax Payment
- Bulk Payment

မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။

ငွေသွင်း/ငွေထုတ်အတွက်ဆို 24/7 CRM ရှိတယ်။

Contact Center : 01-231 777 0

ကြေးမုံ

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု မမှိတ်မသုန်ကြိုးပမ်းတည်ဆောက်

တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မတူကွဲပြားမှုများကို အသိအမှတ်ပြုပြီး ပေါင်းစည်းအင်အားဖြင့် စုစည်းတည်ဆောက်နိုင်ရန်မှာ စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပင်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်ရန်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးကို မဖြစ်မနေဦးစွာတည်ဆောက်ရမည်ဖြစ်ပြီး ယင်းကိုတည်ဆောက်နိုင်ရန်အတွက် နှစ်ပေါင်း ၇၀ ကျော်ကြာပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းသွားအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် NCA တွင် လက်မှတ်ရေးထိုးသည့် ကနဦးလုပ်ငန်းစဉ်များတွင် ပြည်ထောင်စုတစ်ခုလုံး၏အကျိုးကို ရှေးရှု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်သင့်ကြပေသည်။ ယခုအခါ NCA တွင် ပါဝင်လက်မှတ်ရေးထိုးပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ရှိနေသည်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ကြရာ ယခုအခါ (၅)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးခြင်းသည် ငြိမ်းချမ်းရေးအတွက် ထူးခြားသော၊ အရေးကြီးသောနေ့တစ်နေ့ဖြစ်၍ ထိုနေ့နှစ်ပတ်လည်အခမ်းအနားကို နှစ်စဉ်နှစ်တိုင်းကျင်းပခဲ့သော်လည်း ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအရ ယခင်နှစ်များကကဲ့သို့ ကျင်းပနိုင်ခြင်းမရှိသဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယသို့ သဝဏ်လွှာပေးပို့ခဲ့သည်။

“နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်သည်အထိ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားခဲ့သော နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေး၊ ပါဝင်ပတ်သက်သူများအကြား ရင်ကြားစေ့ရေးနှင့် တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း” သဝဏ်လွှာတွင် ဖော်ပြပါရှိသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာကြုံတွေ့ခဲ့ရကာ ယင်းတို့ကို အစုအဖွဲ့များအကြား ပြန်လည်ဆွေးနွေးညှိနှိုင်းပြီး စိန်ခေါ်မှုများ၊ အခက်အခဲများအား ကျော်လွှားနိုင်မည့် သဘောတူညီချက်များကို ရယူနိုင်ခဲ့သည်။ ယနေ့အချိန်အခါသမယတွင် တိုင်းရင်းသားပြည်သူများအကြား ဝိဝါဒကွဲပြားစရာမရှိတော့ဘဲ တူညီသော ပြည်ထောင်စုအိပ်မက်တစ်ခုကို လက်တွေ့ပေါ်လာအောင် အကောင်အထည်ဖော်နေပြီဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစု ပင်လုံ အစည်းအဝေးများတွင် ပြည်သူအားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့ရသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဘုံတူညီသော ရည်မှန်းချက်များကို သဘောတူချမှတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏အနာဂတ်အတွက် အရေးအကြီးဆုံး ဦးစားပေးလိုအပ်ချက်သည် ငြိမ်းချမ်းရေးပင် ဖြစ်သည်။ ငြိမ်းချမ်းရေးသည် မိမိတို့ပတ်ဝန်းကျင်အတွက်၊ မိမိတို့နိုင်ငံအတွက်၊ မိမိတို့လူသားများအားလုံးအတွက် ငြိမ်းချမ်းသော ကမ္ဘာသစ်ဖြစ်သည်။ ငြိမ်းချမ်းသောကမ္ဘာကြီးတွင် မြန်မာနိုင်ငံသူနိုင်ငံသားအားလုံးလည်း အတူတကွလက်တွဲပါဝင် ပျော်ရွှင်ငြိမ်းချမ်းလိုကြပေသည်။ နှစ်ပေါင်း ၇၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများနှင့် ကြုံတွေ့ခဲ့ရပြီး မငြိမ်းချမ်းသေးသော မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို အားလုံးက ဝိုင်းဝန်းကူညီစာနာကြရမည်ဖြစ်သည်။ မငြိမ်းချမ်းသေးသော ဆိုးမွေများသည် ပြည်သူပြည်သားအားလုံး မျှဝေခံစားရမည့်၊ အကျိုးဆက်များကို အတူကြုံတွေ့၊ အတူဖြေရှင်းကြရမည့် သမိုင်းပေးတာဝန်များဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် NCA လက်မှတ်ရေးထိုးခြင်း (၅)နှစ်မြောက် အထိမ်းအမှတ် အခါသမယသို့ ပေးပို့သည့်သဝဏ်လွှာပါအတိုင်း လက်ရှိရင်ဆိုင်ဖြေရှင်းနေရသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ အောင်မြင်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများ ဘေးကင်းလုံခြုံ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး အစီအစဉ်သစ် အောင်မြင်ရေးတို့အတွက် ကျွန်ုပ်တို့အားလုံး မမှိတ်မသုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြမည်ဟု သန္နိဋ္ဌာန်ပြုပါကြောင်း။ ။

## မွေ့ပုံကန်တောင်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများပြီးစီး

မတ္တရာ အောက်တိုဘာ ၁၅

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မွေ့ပုံကန်တောင်ကျေးရွာတွင် မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းဖြင့် စီမံကိန်းအတိုးရငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်ခိုင်ထံမှ သိရသည်။

အဆိုပါ မြစိမ်းရောင်(ငါးကဏ္ဍ) စီမံကိန်းဝင် မွေ့ပုံကန်တောင်ကျေးရွာသည် ၂၀၁၅–၂၀၁၆ ခုနှစ်မှစတင်၍ မတည်ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်အထိ အတိုးရငွေပေါင်းကျပ် ၂၀၄ ဒသမ ၇ သိန်း ရရှိခဲ့ပြီး အတိုးရငွေမှ ကျပ် ၉၅ သိန်းနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေ ကျပ် ၁၆၀ ဒသမ ၈၁၆၂ သိန်းဖြင့် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။




## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၅

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ အောက်တိုဘာ ၁၉ ရက်တွင် လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**အလိမ္မာ စာမှာရှိ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅–၁၀–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၁၃၁ | ၁,၃၁၀,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၆,၄၃၈ | ၂၃,၈၂၀,၆၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၈ | ၁၇၆,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁,၈၀၉ | ၄,၉၇၄,၇၅၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၁၅

ရန်ကုန်(ရွှေဈေး) ၁၃၀၉၀၀၀ မန္တလေး(ရွှေဈေး) ၁၃၀၉၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၂၀ ကျပ် | ၆၆၀/၆၈၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | | |
|---|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၅/၄၄၀ | ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၄၀/၄၅၀ | ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၄၀ | ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၃.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၂၆.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၃.၅၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၇၃၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၇၅၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၂.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၈.၁၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၈.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အငယ်တန်း | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | – ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | – ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | ဓာတ်ပုံသတင်းထောက် | – ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | – ဒေါ်ဇင်မာဝင့် |
| ဘာသာပြန်စာတည်းများ | – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာပြင် | – ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| အကြီးတန်း | – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ **ရှေ့ဖုံးမှ**

ကျွန်မတို့အနေနဲ့ NCA ညှိနှိုင်းဆွေးနွေးစဉ်မှာ ထဲထဲဝင်ဝင် ပါဝင်ခဲ့တာ မဟုတ်ပေမယ့် နိုင်ငံတော်ရဲ့တာဝန်ကို လွှဲပြောင်းရယူပြီးတာနဲ့ ပထမဆုံးဦးစားပေးဆောင်ရွက်ခဲ့တာကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်နေသူ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့တွေ့ဆုံပြီး သဘောထားတွေ၊ အကြံပြုချက်တွေ နားထောင်ခဲ့ပါတယ်။ မတူကွဲပြားတဲ့ သဘောထားတွေ၊ ရှုမြင်ချက်တွေကြားမှာ တူညီတဲ့ လမ်းကြောင်းတစ်ခုကို ကျွန်မတို့ သတိပြုခဲ့မိပါတယ်။ အဲဒီလမ်းကြောင်းကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အခြေခံတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပဲ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)မှာ ထူးခြားချက်(၃)ချက်ရှိပါတယ်။ **ပထမအချက်**က တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေဘက်က စတင်အဆိုပြုခဲ့ပြီးတဲ့နောက်မှာ ဒီစာချုပ်ပေါ်ထွန်းရေးလမ်းစဖြစ်လာရတယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။

**ဒုတိယအချက်**ကတော့ အရင်ခေတ်၊ အရင်ကာလတွေမှာ အပစ်အခတ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးဆိုတာ (၂)ဖွဲ့တည်း အပြန်အလှန်ဆွေးနွေး သဘောတူ ဆောင်ရွက်ခဲ့တာမျိုးဖြစ်ပြီး စာချုပ်စာတမ်းရယ်လို့ ခိုင်ခိုင်မာမာ ချုပ်ဆိုတာမျိုး နည်းပါးခဲ့ပါတယ်။ NCA စာချုပ်မှာတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အများအပြား စုပေါင်းပါဝင်လက်မှတ်ထိုးခဲ့ကြတာပါ။ နောက်ထပ်လည်း အဖွဲ့တွေ ဆက်လက်ပါဝင်နိုင်အောင် လမ်းဖွင့်ပေးထားပါတယ်။

**တတိယအချက်**ကတော့ အပစ်အခတ်ရပ်စဲရေး၊ သေနတ်သံတိတ်ရေး သက်သက်မဟုတ်ဘဲ တိုင်းရင်းသားတွေအားလုံး မျှော်မှန်းခဲ့ကြတဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ဖြေရှင်းရေး၊ အနာဂတ်အတွက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်ကြီး တည်ဆောက်ရေးဆိုတဲ့ မျှော်မှန်းချက်တွေပါ ပါဝင်နေပါတယ်။ ဒါ့ကြောင့်လည်း ကျွန်မအနေနဲ့ NCA ထီးရိပ်ဆိုပြီး တင်စားပြောဆိုခဲ့တာ ဖြစ်ပါတယ်။

**NCA ဖော်ဆောင်မှုဆိုင်ရာ အခက်အခဲများ**

ကျွန်မတို့အနေနဲ့ NCA ကို စတင်ညှိနှိုင်းခဲ့ချိန်၊ စတင်လက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ချိန်တွေမှာ ပါဝင်ခဲ့ခြင်း မရှိပေမယ့်လည်း သဘောတူညီချက်တွေကို လက်တွေ့အကောင် အထည်ဖော်ရာမှာ အပြည့်အဝ တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ NCA ရဲ့ အဓိကအပိုင်းကြီးတွေဖြစ်တဲ့ **နိုင်ငံရေးဆွေးနွေးပွဲအပိုင်း** နဲ့ **ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာရေးအပိုင်း**တို့ကို ကျွန်မတို့အစိုးရအနေနဲ့ တာဝန်ယူခဲ့ရတာ ဖြစ်ပါတယ်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်တွေကို တပ်မတော်က အလုံးစုံတာဝန်ယူထားတာ ဖြစ်ပေမယ့်လည်း NCA စာချုပ်အရ အကောင်အထည်ဖော်မှုတွေမှာ ကျွန်မတို့အစိုးရပိုင်းအနေနဲ့ ဆက်စပ်မှုတွေ ရှိလာခဲ့ပါတယ်။

NCA လမ်းကြောင်းအတိုင်း **နိုင်ငံရေးအပိုင်း**နဲ့ **အပစ်ရပ်ခိုင်မာရေးအပိုင်း**တွေကို ဟန်ချက်ညီ အကောင်အထည်ဖော်ဆောင်ရွက်လာခဲ့ရာမှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကို ကျွန်မတို့အားလုံး ကြုံတွေ့ခဲ့ရပါတယ်။ ဒီလို ဖြစ်ပေါ်လာခဲ့တဲ့ အခက်အခဲတွေကို လေ့လာကြည့်ရင် NCA စာချုပ် ညှိနှိုင်းဆွေးနွေးခဲ့ချိန်တုန်းက ရှင်းရှင်းလင်းလင်း မရှိခဲ့တာတွေ၊ နှစ်ဖက်ဘုံနားလည်မှု မရရှိခဲ့တာတွေ၊ ကိုယ်လိုလားတဲ့ အစိတ်အပိုင်းအချို့ကိုပဲ ကွက်ပြီး ဖော်ဆောင်တာတွေ၊ ကိုယ်မလိုလားတဲ့ အစိတ်အပိုင်းတွေကျတော့ သိသိနဲ့လျစ်လျူရှုထားခဲ့တာတွေ၊ နှစ်ဦးနှစ်ဖက်ကြားမှာ အဓိပ္ပာယ်ဖွင့်ဆိုချက် ရှင်းရှင်းလင်းလင်း မရှိခဲ့တာတွေ အစရှိတဲ့ အချက်တွေ ပါဝင်နေပါတယ်။ လွန်ခဲ့တဲ့ (၅) နှစ်ကျော်ကာလက NCA စာချုပ် ချုပ်ဆိုနိုင်ဖို့ ညှိနှိုင်းဆွေးနွေးခဲ့ချိန်မှာ စိတ်ကူးနဲ့ပဲ မျှော်မှန်းပုံဖော်ခဲ့ကြရတာဖြစ်တဲ့အတွက် အကောင်အထည်ဖော်တဲ့ အချိန်ရောက်တော့ ပြဿနာတွေ ကြုံတွေ့လာရတာကလည်း သဘာဝကျပါတယ်။

**ပထမဆုံးအခက်အခဲ**ကတော့ စာချုပ်ပါ သဘောတူညီချက်တွေ၊ စာချုပ်ပါ ဝေါဟာရတွေအပေါ်မှာ ဘုံနားလည်မှု မရှိခဲ့တာပါပဲ။ နားလည်မှုတွေ ကွဲပြားတဲ့အခါ အကောင်အထည်ဖော်မှုတွေ ကွဲလွဲကုန်ကြတာပါပဲ။ သာဓကအားဖြင့် "အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ" ဆိုတာ NCA မှာ ပါရုံလေးပဲ ထည့်သွင်းထားခဲ့တာပါ။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မှာ အကျယ်ချဲ့ရေးသားထားတယ်ဆိုပေမယ့် NCA မှာကိုပဲ နားလည်မှုကွဲပြားနေတဲ့အတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျွန်မတို့ လက်တွေ့လုပ်ဆောင်ရာမှာ အခက်အခဲတွေအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒါ့ကြောင့် NCA အပေါ်မှာ နားလည်မှု တူညီမှ အကောင်အထည်ဖော်မှုတွေ ချောမွေ့နိုင်မယ်ဆိုတာကို ကျွန်မတို့ သုံးသပ်နိုင်ခဲ့ပါတယ်။

**ဒုတိယအခက်အခဲ**ကတော့ NCA အရ ပေါ်ပေါက်လာတဲ့ ယန္တရားတွေနဲ့ ဒီယန္တရားတွေရဲ့ လည်ပတ်မှုတွေ ဖြစ်ပါတယ်။ NCA အရ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)ရှိပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို တာဝန်ယူရတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)လည်း ရှိပါတယ်။ အပစ်ရပ်စောင့်ကြည့်ရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)လည်း ရှိပါတယ်။ နားလည်မှု၊ ယုံကြည်မှုနဲ့ သဘောတူစာချုပ်တွေ ရေးထိုးခဲ့တဲ့ အဖွဲ့တွေဟာ NCA အရ ပေါ်ပေါက်လာတဲ့ ယန္တရားတွေထဲမှာ လုပ်ငန်းလမ်းညွှန်တွေ၊ လုပ်ထုံးလုပ်နည်းတွေကို အလေးထားပြီး ငြင်းခုံမှုတွေ ဖြစ်လာကြပါတယ်။ နှစ်ဖက်တပ်တွေ တွေ့ဆုံပြီး ခေါင်းချင်းဆိုင်ဆွေးနွေးညှိနှိုင်းလိုက်ရင် ပြေလည်သွားနိုင်ပေမယ့်လည်း လုပ်ငန်းလမ်းညွှန်တွေကို အလေးထား ကိုးကားပြီး အောက်ခြေပိုင်းမှာ ယုံကြည်မှုတွေ လျော့ပါးခဲ့ရပါတယ်။ နိုင်ငံရေးအရ အရေးကြီးတဲ့ စေ့စပ်ညှိနှိုင်းမှုတွေထက် နည်းပညာရပ်ပိုင်းဆိုင်ရာ အငြင်းပွားမှုတွေကို ဦးစားပေးခဲ့ကြတဲ့အခါ နှစ်ဖက်ယုံကြည်မှုနဲ့ ပြေလည်သွားနိုင်တဲ့ ကိစ္စရပ်မျိုးတွေဟာ အစည်းအဝေး ဝိုင်းကြီးတွေထဲမှာ ငြင်းခုံကြရင်း ပိုမိုကြီးမားတဲ့ ပြဿနာတွေ ဖြစ်လာခဲ့ပါတယ်။ ယန္တရားလည်ပတ်မှုဆိုရာမှာလည်း နိုင်ငံရေးအပိုင်းက သတ်သတ်၊ တပ်ပိုင်းဆိုင်ရာက သတ်သတ်လို့ တချို့က ယူဆနေကြပါတယ်။ တကယ်တမ်းမှာတော့ နိုင်ငံရေးအပိုင်းနဲ့ တပ်ပိုင်းဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် ဆက်စပ်နေပါတယ်။ နိုင်ငံရေးဆွေးနွေးမှုတွေ လမ်းပိတ်လို့ အပြစ်ဖို့နေချိန်မှာ ယုံကြည်မှုတွေကျဆင်းပြီး တပ်ပိုင်းဆိုင်ရာညှိနှိုင်းမှုတွေကို ထိခိုက်စေပါတယ်။ အပြန်အလှန်အားဖြင့် တပ်ပိုင်းဆိုင်ရာ မပြေလည်မှုတွေကြောင့် ယုံကြည်မှုကျဆင်းပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို တစ်ဆို့သွားစေနိုင်ပါတယ်။ ဥပမာအားဖြင့် ကာလရှည်ကြာစွာ ရပ်နားထားခဲ့ရတဲ့ JMC အစည်းအဝေးတွေ ပြန်လည်စတင်နိုင်ဖို့ နိုင်ငံရေးအပိုင်းနဲ့ ဒွန်တွဲပြီး ကြိုးပမ်းမှ ဖြစ်မြောက်ခဲ့ပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းရေးကို တည်ဆောက်ရာမှာ ယန္တရားအားလုံးခြုံငုံပြီး ဟန်ချက်ညီမျှစေဖို့ အထူးပဲအရေးကြီးတယ်ဆိုတာကို ကျွန်မတို့ သုံးသပ်နိုင်ခဲ့ပါတယ်။

**တတိယအခက်အခဲ**ကတော့ NCA ရဲ့ အဝန်းအဝိုင်း၊ အကန့်အသတ်ပဲဖြစ်ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်မယ်ဆိုတာပဲ ဖော်ပြပါရှိပြီး ဘယ်လို အကောင်အထည်ဖော်မလဲဆိုတာ တိတိကျကျ မပါပါဘူး။ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကို အကောင်အထည်ဖော်မယ်ဆိုတာပဲ ပါပါတယ်။ ဘယ်လိုဖော်ကြမလဲဆိုတာကို ရှင်းရှင်းလင်းလင်း ဖော်ပြမထားခဲ့ပါဘူး။ ဒီ ထိလွယ် ရှလွယ်၊ အကဲဆတ်တဲ့ကိစ္စကို အကျယ်တဝင့် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ လက်တွေ့အကောင်အထည်ဖော်တဲ့အချိန်မှာ မပြောမဖြစ်ပြောကြရတဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် ကြိုတင်သတ်မှတ်ချက်၊ ပုံသေရပ်တည်ချက်တွေကို ကိုင်စွဲလာကြတဲ့အတွက် ရှေ့မတိုး၊ နောက်မဆုတ် အနေအထားနဲ့ လုံခြုံရေးအပိုင်းမှာ အများကြီးနှောင့်နှေးခဲ့ပါတယ်။ ဒါ့အပြင် သဘောတူညီချက်တွေ အကောင်အထည်ဖော်ရာမှာ ဘယ်ပုံဘယ်နည်း ဖော်ဆောင်ကြမယ်ဆိုတဲ့ စည်းကမ်းချက်တွေ မရှိခဲ့တဲ့အတွက် နိုင်ငံရေးအရ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်နေရင်းနဲ့ စိုးရိမ်မှုတွေလည်း ပေါ်ထွက်လာခဲ့ပါတယ်။ ဒီလို စိုးရိမ်မှုတွေကြောင့်လည်း နိုင်ငံရေးဆွေးနွေးပွဲတွေကို နှောင့်နှေးစေနိုင်တာတွေကိုလည်း တွေ့ခဲ့ရပါတယ်။

> **လက်နက်ကို အားကိုးအားထားပြုပြီး "အင်အားသာ အဓိက" ဆိုတဲ့ ခံယူချက်တွေကြောင့် ကျွန်မတို့နိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခဟာ "အရှည်ကြာဆုံး ပြည်တွင်းစစ်"ဆိုတဲ့ နာမည်ဆိုးနဲ့ ခေါ်တွင်ခြင်းခံခဲ့ရပါတယ်။ ဒီအစဉ်အလာတွေကို ချေဖျက်ပစ်ဖို့က ဒီကနေ့ ကျွန်မတို့ကိုယ်တိုင်က ငြိမ်းငြိမ်းချမ်းချမ်း ဆွေးနွေးညှိနှိုင်းပြီး အပေး-အယူ၊ အလျှော့-အတင်းနဲ့ လက်တွေ့လုပ်ကိုင်ပြနိုင်ဖို့ အထူးပဲအရေးကြီးပါတယ်။**

**ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)**

ဒီလိုကြုံတွေ့လာခဲ့ရတဲ့ အခက်အခဲတွေကို ပွင့်ပွင့်လင်းလင်း အချိန်ယူဆွေးနွေးပြီး ကျော်လွှားပြေလည်နိုင်မယ့် နည်းလမ်းတွေ ရှာဖွေခဲ့ရပါတယ်။ ရရှိခဲ့တဲ့ နည်းလမ်းတွေကို သဘောတူညီချက်တွေအဖြစ် ပြောင်းလဲပြီး နောင်လာမယ့်ကာလတွေမှာ ဒီလိုအခက်အခဲတွေ ဖြေရှင်းနိုင်ဖို့ ကျွန်မတို့ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရလဒ်ကတော့ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၁ ရက်နေ့မှာချုပ်ဆိုခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ရဲ့ အပိုင်း(၁) ဖြစ်တဲ့ **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ"**ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၂၀ အလွန် နှစ်တွေမှာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဘယ်ပုံဘယ်နည်း ရှေ့ဆက်ကြမလဲဆိုတဲ့ မေးခွန်းဟာ ကျွန်မတို့အစုအဖွဲ့တွေကြားမှာ ဖြစ်ပေါ်လာခဲ့ပါတယ်။ NCA မှာလည်း ဘယ်ပုံစံ၊ ဘယ်နည်းလမ်းဆိုတာ မပါပါဘူး။ ပြီးခဲ့တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်းနှစ်ခုက သဘောတူညီချက်တွေဟာလည်း ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုခဲ့ပြီးဖြစ်ပေမယ့် လက်တွေ့မှာ အကောင်အထည်ဖော်မှုတွေနဲ့ ဝေးကွာနေခဲ့ပါတယ်။ အချိန်ကာလနှစ်အပိုင်းအခြား သတ်မှတ်ချက်နဲ့ သွားကြရင် ကောင်းမလား၊ ဦးစားပေးအစီအစဉ်တွေနဲ့ အဆင့်လိုက်၊ အပိုင်းလိုက်၊ တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်သွားတဲ့ နည်းလမ်းနဲ့သွားမလား၊ စတဲ့ လက်တွေ့အကောင်အထည်ဖော်မှုတွေကို အလွှတ်သဘောဆွေးနွေးမှု အကြိမ်ပေါင်းများစွာနဲ့ ကျွန်မတို့ ညှိနှိုင်းခဲ့ကြရပါတယ်။ နောက်ဆုံးမှာတော့ အဆင့်လိုက် လုပ်ငန်းစဉ်တွေ သတ်မှတ်မယ်၊ အဆင့်လိုက်ပဲ အကောင်အထည်ဖော်မယ်ဆိုတာကို အားလုံးက သဘောတူလက်ခံခဲ့ပြီး ဘယ်လို ဦးစားပေးအစီအစဉ်နဲ့ သွားကြမလဲဆိုတာကို ဆက်လက်ဆွေးနွေးညှိနှိုင်းခဲ့ရပါတယ်။ အဲဒါကတော့ ပြည်ထောင်စုသဘောတူ စာချုပ်၊ အစိတ်အပိုင်း(၃)ရဲ့ အပိုင်း(၂)ဖြစ်တဲ့ **"၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနဲ့ အဆင့်လိုက် အကောင်အထည်ဖော်မှုများ"**ပဲ ဖြစ်ပါတယ်။ ဒါကိုလည်း စာချုပ်မှာ ထည့်သွင်းပြီး ကျွန်မတို့ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါတယ်။

ဒါ့အပြင် NCA မှာ "ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မယ်"ဆိုတာပဲ ဖော်ပြထားပါတယ်။ ကျွန်မတို့လိုချင်တာ ဘယ်လို ဒီမိုကရေစီမျိုးလဲ၊ ကျွန်မတို့ တည်ဆောက်ချင်တဲ့ ဖက်ဒရယ်ဆိုတာဟာ ဘယ်လိုဖက်ဒရယ်မျိုးလဲဆိုတာကို ကျွန်မတို့အကြားမှာ သဘောထား ကွဲလွဲခဲ့ရပါတယ်။ အခြေခံမူ သဘောတူညီချက်တွေ ဆွေးနွေးငြင်းခုံနေရင်းနဲ့ အချိန်ကြာလာတဲ့အခါမှာ ကျွန်မတို့အားလုံး သဘောတူလက်ခံတဲ့ အနာဂတ်ပြည်ထောင်စု ပုံသဏ္ဌာန်ကို ဘုံမျှော်မှန်းချက်(Common Vision)အနေနဲ့ ရယူနိုင်ဖို့ အရေးကြီးတာကို ကျွန်မတို့ သတိပြုမိခဲ့ပါတယ်။ ဒါကိုလည်း အချိန်ယူဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက် ရယူနိုင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ အဲဒါကတော့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ရဲ့ အပိုင်း(၃)ဖြစ်တဲ့ **"ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ"**ပဲ ဖြစ်ပါတယ်။

အားလုံးကို ပြန်ပြီး သုံးသပ်ကြည့်မယ်ဆိုရင် NCA ဟာ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲပြီး နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့၊ ဒီလိုစတင်ရာမှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဖို့ ခြေလှမ်းစတင်ခဲ့တာပဲ ဖြစ်ပါတယ်။ NCA ဆွေးနွေးစဉ်က စိတ်ကူးနဲ့ပုံဖော်စဉ်းစားခဲ့ကြရတာဖြစ်လို့ နိုင်ငံရေးပိုင်း၊ တပ်ပိုင်း ပြည့်စုံအောင် ထည့်သွင်းခဲ့ပေမယ့် လက်တွေ့အကောင်အထည်ဖော်ရာမှာ ကြုံတွေ့လာရတဲ့ အခက်အခဲတွေ ဖြေရှင်းနိုင်ဖို့၊ ဘယ်လို ဒီမိုကရေစီမျိုး၊ ဘယ်လိုဖက်ဒရယ်မျိုးဆိုတဲ့ ကိုယ်စီကိုယ်စီ ရှိနေခဲ့တဲ့ ဖက်ဒရယ် အိပ်မက်တွေကို "ပြည်ထောင်စုအိပ်မက်"အဖြစ် တညီတညွတ်တည်း ဘုံမျှော်မှန်းချက်အဖြစ် ချမှတ်နိုင်ဖို့၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရာမှာ လက်တွေ့ကျကျ အဆင့်လိုက်တည်ဆောက်နိုင်ဖို့ နောက်တစ်ဆင့်တက်လှမ်းလိုက်တာကတော့ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ပဲ ဖြစ်ပါတယ်။ NCA နဲ့ စတင်ခဲ့တဲ့ ခြေလှမ်းတွေ နောက်တစ်ဆင့်သို့ ခိုင်ခိုင်မာမာ တက်လှမ်းနိုင်ခဲ့တာဖြစ်တဲ့အတွက် ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ ပြည်ထောင်စုနဲ့ ကျွန်မတို့ တိုင်းရင်းသားပြည်သူအားလုံးအတွက် အထူးပဲအရေးကြီးလှတဲ့ အောင်မြင်မှုတစ်ရပ်ဆိုရင် မှားမယ်မထင်ပါဘူး။ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)ဟာ တကယ်တော့ ကျွန်မတို့ တိုင်းရင်းသားပြည်သူတွေအားလုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တခဲ့တဲ့ ပြည်ထောင်စုအိပ်မက်ကို အကောင်အထည်ဖော်နိုင်ဖို့ (၂၁)ရာစု ပင်လုံညီလာခံကနေ အခြေခံအုတ်မြစ်တစ်ခု ခိုင်ခိုင်မာမာ စိုက်ထူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒီအောင်မြင်မှုမှတ်တိုင်အတွက် အစုအဖွဲ့အသီးသီးက တွေ့ဆုံဆွေးနွေးမှုတွေမှာ ပါဝင်ခဲ့ကြသူအားလုံး၊ အဘက်ဘက်က ဝိုင်းဝန်းကူညီအကျိုးဆောင်ခဲ့၊ ကူညီပံ့ပိုးပေးခဲ့ကြသူအားလုံးကို ကျေးဇူးတင်ဂုဏ်ပြုတန်ဖိုးထားပါကြောင်း အလေးအနက် ပြောကြားလိုပါတယ်။

**သမိုင်းကြောင်းတစ်လျှောက် ပထမဆုံး သမိုင်းဝင်နိုင်ငံရေးဆွေးနွေးပွဲ**

ဒီနေရာမှာ ကျွန်မတို့နိုင်ငံရဲ့ သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မယ်ဆိုရင် (၂၀)ရာစု ပင်လုံညီလာခံနဲ့ လွတ်လပ်ရေးအရယူနိုင်ခဲ့ပြီးတဲ့နောက်ပိုင်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ စေ့စပ်ညှိနှိုင်းနိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုတဲ့ အခင်းအကျင်းကို ခိုင်မာအောင် ဆောင်ရွက်နိုင်ခဲ့တာ မရှိခဲ့ပါဘူး။ ဒါဟာလည်း လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ပဋိပက္ခနဲ့ တည့်တည့်တိုးခဲ့မိခြင်းရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ လက်နက်ကို အားကိုးအားထားပြုပြီး "အင်အားသာ အဓိက"ဆိုတဲ့ ခံယူချက်တွေကြောင့် ကျွန်မတို့နိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခဟာ "အရှည်ကြာဆုံး ပြည်တွင်းစစ်"ဆိုတဲ့ နာမည်ဆိုးနဲ့ ခေါ်တွင်ခြင်း ခံခဲ့ရပါတယ်။ ဒီအစဉ်အလာတွေကို ချေဖျက်ပစ်ဖို့က ဒီကနေ့ ကျွန်မတို့ကိုယ်တိုင်က ငြိမ်းငြိမ်းချမ်းချမ်း ဆွေးနွေးညှိနှိုင်းပြီး အပေး-အယူ၊ အလျှော့-အတင်းနဲ့ လက်တွေ့လုပ်ကိုင်ပြနိုင်ဖို့ အထူးပဲအရေးကြီးပါတယ်။

**စာမျက်နှာ ၄ သို့ ☆**

## မိန့်ခွန်း

☆ စာမျက်နှာ ၃ မှ

ကျွန်မတို့နိုင်ငံ လွတ်လပ်ရေးရရှိပြီးတဲ့နောက် ငြိမ်းချမ်းရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ချက်တွေကို ပြန်လေ့လာကြည့်ရင် တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ ရန်ကုန်ကိုခေါ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြပေမယ့် သဘောတူညီမှု မရရှိခဲ့ပါဘူး။ ဒီနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်မှာလည်း ငြိမ်းချမ်းရေးအတွက် ကမ်းလှမ်းမှုတွေ၊ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ရာမှာ လက်နက်ကိုင်အဖွဲ့ (၁)ဖွဲ့နဲ့ သဘောတူညီမှုရရှိခဲ့ပြီး လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တာဝန်ယူခဲ့တဲ့ တပ်မတော်အစိုးရလက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းပေါင်း (၄၀)နဲ့ အပစ်ရပ်သဘောတူညီချက်တွေ ရယူနိုင်ခဲ့ပေမယ့်လည်း နိုင်ငံရေးဆွေးနွေးမှုတွေ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ "နိုင်ငံရေးအစိုးရ မဟုတ်တဲ့အတွက် နိုင်ငံရေးအရ စေ့စပ်ဆွေးနွေး ညှိနှိုင်းခြင်းပြုရန် အကြောင်းမရှိ" ဆိုပြီး ကြေညာချက် ထုတ်ပြန်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ အစိုးရလက်ထက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၁၅) ဖွဲ့နဲ့ အပစ်ရပ်သဘောတူညီချက်တွေ လက်မှတ်ရေးထိုးနိုင်ခဲ့သလို NCA ဆိုတာလည်း ပေါ်လာခဲ့ပါတယ်။ NCA မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၁)ကြိမ် ကျင်းပနိုင်ခဲ့ပြီး စာတမ်းတွေ ဖတ်ကြားတဲ့ အခင်းအကျင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ကျွန်မတို့တာဝန်ယူတဲ့ ပြီးခဲ့တဲ့ (၄)နှစ်ကျော်ကာလအတွင်းမှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အကြိမ်ကြိမ် ပြင်ဆင်ခဲ့ရပါတယ်။ လက်တွေ့ ဆောင်ရွက်တဲ့အခါမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကို အခြေခံပြီး ပိုမိုကောင်းမွန်ချောမွေ့အောင် ပြင်ဆင်ခဲ့ရာမှာ (၁၂)ကြိမ်အထိ ပြင်ဆင်ခဲ့ရတာ ဖြစ်ပါတယ်။ ညီလာခံတစ်ကြိမ်နဲ့ တစ်ကြိမ် ပိုမိုထိရောက်ကောင်းမွန်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်လာအောင် ကျွန်မတို့အားလုံး ညှိနှိုင်းဆွေးနွေးပြီး ကြိုးပမ်းခဲ့တဲ့အတွက် ကျွန်မတို့ကြားမှာ ရင်းနှီးမှုနဲ့ နားလည်မှုတွေ ပိုပိုပြီး တိုးမြင့်လာခဲ့ပါတယ်။ တရားဝင် အစည်းအဝေးတွေနဲ့အတူ အရေးကြီးလှတဲ့ အလွတ်သဘော ဆွေးနွေးညှိနှိုင်းမှုတွေကိုလည်း အကြိမ်ပေါင်းများစွာ ပြုလုပ်ပြီး ကျွန်မတို့နိုင်ငံရဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း သမိုင်းတစ်လျှောက် ပထမဦးဆုံးလို့ဆိုနိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဖြစ်မြောက်အောင် အားလုံးက ကြိုးပမ်းဆောင်ရွက်ခဲ့ကြတာဖြစ်တဲ့အတွက် သမိုင်းဝင် နိုင်ငံရေးဆွေးနွေးပွဲလို့ ခေါ်တွင်နိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မတို့ဟာ တိုင်းရင်းသားတွေရဲ့အသံကို နားမထောင်ဘူး၊ တိုင်းရင်းသားတွေရဲ့ ခံစားချက်တွေကို လျစ်လျူရှုတယ်ဆိုတဲ့ ဝေဖန်မှုအချို့နဲ့ပတ်သက်ပြီးလည်း ရှင်းလင်းပြောကြားလိုပါတယ်။ NCA ကစလို့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတွေအထိ ကျွန်မတို့ဟာ တိုင်းရင်းသားအစုအဖွဲ့တွေရဲ့ လိုအင်ဆန္ဒတွေကို အခြေခံပြီး ဆွေးနွေးညှိနှိုင်းခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့အစိုးရလက်ထက်မှာ နောက်ထပ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(၂)ဖွဲ့ NCA မှာ ပါဝင်လက်မှတ်ရေးထိုးလာခဲ့ကြသလို ကျန်ရှိနေသေးတဲ့ အဖွဲ့တွေအတွက်လည်း အားလုံးပါဝင်ရေးမူနဲ့ လမ်းဖွင့်ထားတာ ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်တွေ၊ လမ်းညွှန်အခြေခံမူတွေကို ညှိနှိုင်းဆွေးနွေးကြရာမှာလည်း မပါဝင်နိုင်သေးတဲ့ အဖွဲ့တွေပါ လက်ခံနိုင်အောင် ကျွန်မတို့စဉ်းစားသုံးသပ်ပြီး ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ (၂၁)ရာစုပင်လုံညီလာခံဟာ လွတ်လပ်ရေးရရှိပြီးတဲ့နောက် သမိုင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ အချိန်ကိုက် ပေါ်ပေါက်လာခဲ့တဲ့၊ သမိုင်းကြောင်းတစ်လျှောက် ပထမဦးဆုံး နိုင်ငံရေးဆွေးနွေးပွဲ စားပွဲဝိုင်းဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးကြောင့် မပါဝင်နိုင်သေးတဲ့ ကျွန်မတို့ရဲ့ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးကိုလည်း ဖိတ်ခေါ်ပါတယ်။ ပါဝင်သင့်သူအားလုံး၊ ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးအတွက်လည်း ကျွန်မတို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

### ငြိမ်းချမ်းရေး သန္နိဋ္ဌာန်

ကျွန်မတို့နိုင်ငံရဲ့ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်ဟာ လွန်ခဲ့တဲ့ (၁၀) နှစ်ကျော် အချိန်ကာလနဲ့ နှိုင်းစာရင် ပြည်ထောင်စုရဲ့အနာဂတ်ကို ပုံဖော်နိုင်မယ့် လမ်းကြောင်းမှန်တစ်ခုပေါ်ကို ခိုင်ခိုင်မာမာ ရောက်လာခဲ့ပြီ ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မအနေနဲ့ အလေးအနက်ထားပြီး ထပ်လောင်းပြောချင်တာက အမှန်တကယ်သာ အားလုံးက ဆန္ဒပြင်းထန်မယ်၊ ကြိုးပမ်းမှုတွေ ထိရောက်မယ်ဆိုရင် ရုပ်လုံးအထင်အရှားပေါ်လာမယ့် ပြည်ထောင်စုဆိုတဲ့ ပုံပန်းသဏ္ဌာန်သက်သက်သာမကဘူး၊ ကျွန်မတို့တိုင်းရင်းသားမိသားစုဝင်တွေ အချင်းချင်းအကြား အတွင်းစိတ်မနောက အစ္စျတ္တ ငြိမ်းချမ်းချစ်ကြည်မှုကိုပါ ခိုင်မာစေမယ့် နိုင်ငံရေး ယဉ်ကျေးမှုနဲ့အတူ အနှစ်သာရပြည့်ဝတဲ့ "ပြည်ထောင်စုစစ်စစ်" ကိုပါ အတူတကွ ထုဆစ်နိုင်ကြမှာ ဖြစ်ပါတယ်။

**အမှန်တကယ်သာ အားလုံးက ဆန္ဒပြင်းထန်မယ်၊ ကြိုးပမ်းမှုတွေ ထိရောက်မယ်ဆိုရင် ရုပ်လုံးအထင်အရှားပေါ်လာမယ့် ပြည်ထောင်စုဆိုတဲ့ ပုံပန်းသဏ္ဌာန်သက်သက်သာမကဘူး၊ ကျွန်မတို့ တိုင်းရင်းသားမိသားစုဝင်တွေ အချင်းချင်းအကြား အတွင်းစိတ်မနောက အစ္စျတ္တငြိမ်းချမ်းချစ်ကြည်မှုကိုပါ ခိုင်မာစေမယ့် နိုင်ငံရေး ယဉ်ကျေးမှုနဲ့အတူ အနှစ်သာရပြည့်ဝတဲ့ "ပြည်ထောင်စုစစ်စစ်" ကိုပါ အတူတကွ ထုဆစ်နိုင်ကြမှာ ဖြစ်ပါတယ်။**

**ငြိမ်းချမ်းရေးကင်းမဲ့ခြင်းကြောင့် ဒီနိုင်ငံမှာ လက်နက်အားကိုးဝါဒကို ပိုပြီးကြီးထွားလာစေမယ်။ ယဉ်ကျေးတဲ့၊ ငြိမ်းချမ်းတဲ့၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့ နိုင်ငံရေးဓလေ့ကိုလည်း ချည့်နဲ့စေနိုင်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာတွေဟာလည်း တံလျှပ်လိုပဲ တကယ့်လက်တွေ့မှာ ဖမ်းဆုပ်ကိုင်နိုင်မှာ မဟုတ်ဘူးဆိုတာကို ကျွန်မတို့ ပြည်သူပြည်သားတွေ အလေးအနက် သုံးသပ်ဆင်ခြင်ကြစေလိုပါတယ်။**

အခုလို NCA စာချုပ် လက်မှတ်ရေးထိုးမှု ၅ နှစ်ပြည့်ကာလမှာ အချိန်ကာလနဲ့ပတ်သက်ပြီး စဉ်းစားဆင်ခြင်မိတာတစ်ခုရှိပါတယ်။ ဒါကတော့ အချိန်ကြာမြင့်အောင် လုပ်ဆောင်ခြင်း၊ အချိန်ဆွဲခြင်းဆိုတာပါပဲ။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး အချိန်ဆွဲတာဟာ ငြိမ်းချမ်းရေးကို ငြင်းပယ်သလိုမျိုးလုပ်ရာရောက်နိုင်တယ်လို့တောင် မြင်မိပါတယ်။ တာဝန်ရှိတဲ့ခေါင်းဆောင်တွေဟာ ကိုယ်တာဝန်ရှိတဲ့ လုပ်ငန်း၊ တာဝန်ယူရမယ့်နေရာမှာ ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် မဆောင်ရွက်ဘဲ ကိုယ့်ရဲ့ ပုဂ္ဂိုလ်ရေး၊ ကိုယ့်ရဲ့ နိုင်ငံရေး၊ ကိုယ့်ရဲ့ ပရိသတ်အကြိုက် အကျိုးစီးပွားကွက်ကွက်ကလေးကို ဦးစားပေးပြီး အချိန်ဆွဲ ဖင့်နွှဲနေမယ်ဆိုရင်၊ ဒီထက်ပိုပြီးဆိုးတာက ငြိမ်းချမ်းရေးကို ဖျက်လိုဖျက်ဆီးလုပ်နေမယ်ဆိုရင်တော့ ကိုယ်တာဝန်ခံရမယ့် လူတွေအတွက်၊ ကိုယ်တာဝန်ယူထားရတဲ့ ကဏ္ဍအတွက် တာဝန်မကျေရာ ရောက်ပါလိမ့်မယ်။ ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသနဲ့ ကိုယ့်လူထုကစလို့ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် တာဝန်ရှိတဲ့နေရာ ရောက်နေရင်တော့ ပြည်ထောင်စုတစ်ခုလုံးရဲ့ အနာဂတ်နဲ့ချီပြီး တာဝန်မကျေပွန်သူ ဖြစ်လာနိုင်တယ်ဆိုတာကို အထူးသတိပြုစေလိုပါတယ်။

အခုဆိုရင် ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ COVID-19 ဆိုင်ရာ စိန်ခေါ်မှုတွေ၊ ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်တွေ ရှိနေပေမယ့်လည်း ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ ယာယီရပ်တန့်ထားလို့ရတဲ့အရာ မဟုတ်ဘူး။ ကပ်ရောဂါကူးစက်မှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေ ရှိနေမှုပေါ် အခွင့်ကောင်းယူပြီး စစ်ရေးအရ အမြတ်ထုတ်တာတွေ၊ ရန်လိုမှုတွေ ပြသနေတာတွေကိုလည်း ရပ်တန့်းကရပ်ကြဖို့ အလေးအနက် ပြောကြားလိုပါတယ်။ ပြီးခဲ့တဲ့ (၂၁)ရာစုပင်လုံညီလာခံမှာ ၂၀၂၀ ရွေးကောက်ပွဲတွေ အလွန်မှာလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ရှေ့ဆက်ကြမယ်ဆိုတဲ့ ကတိကဝတ်တွေ အပ်နှင်းခဲ့ကြတာဟာ အချိန်ကာလကို ခဏဆိုင်းလိုက်တယ်လို့လည်း မမြင်စေချင်ပါဘူး။ ကျွန်မတို့ အားလုံးပြုနိုင်တဲ့ သဘောတူညီချက်၊ သစ္စာတရားကို ညီလာခံကြီးမှာ အထင်အရှားပြုခဲ့ကြတာ ဖြစ်ပါတယ်။ တကယ်တော့ ငြိမ်းချမ်းရေးဆိုတာ ခါးဆက်အပြတ်ခံလို့ မရဘဲ တစိုက်မတ်မတ် အချိန်တိုင်း ကြိုးစားနေကြရမှာပါ။ ငြိမ်းချမ်းရေးမရှိလို့၊ ငြိမ်းချမ်းရေးမရသေးလို့ ဒုက္ခပင်လယ်ဝေနေကြရတဲ့ ကျွန်မတို့ရဲ့ ပြည်သူတွေ တတ်နိုင်သမျှ သက်သာရာရစေဖို့ အချိန်တိုင်း ကြိုးပမ်းနေကြရမှာပါ။

ဒါကြောင့် NCA ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာပါနေတဲ့ အဖွဲ့တွေရော၊ NCA လက်မှတ်မထိုးရသေးပေမယ့် ဆွေးနွေးညှိနှိုင်းနေဆဲ အဖွဲ့အစည်းတွေရော၊ အားလုံးအနေနဲ့ အပြန်အလှန်ဆက်သွယ်မှု၊ ထိတွေ့ပြောဆိုမှု၊ ညှိနှိုင်းအဖြေရှာမှုတွေကို အလွတ်သဘောပဲဖြစ်ဖြစ်၊ တရားဝင်ပဲဖြစ်ဖြစ် ဆက်တိုက်လုပ်နေကြရမှာပါ။ အထူးအလေးအနက်ထားပြီး ပြောကြားလိုတာကတော့ **"တိုက်ပွဲတွေ၊ စစ်ပွဲတွေ ပစ်ခတ်တိုက်ခိုက်မှုတွေကိုသာ ရပ်စဲဖို့ လိုအပ်နေတာဖြစ်ပြီး ငြိမ်းချမ်းရေး၊ အပစ်အခတ်ရပ်စဲရေးကိုတော့ ရပ်စဲခံလို့မရဘူး"** ဆိုတာပါပဲ။ နေ့စဉ်နေ့တိုင်းမှာ ရှေ့ကိုပဲ အားသွန်ခွန်စိုက်ချီတက်နေကြရမှာပါ။ ငြိမ်းချမ်းရေးမှာ "စောင့်ကြည့်တာပေါ့" ဆိုတဲ့ သဘောမျိုးမထားကြဖို့ အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းချင်ပါတယ်။

### နိဂုံးချုပ်

နိဂုံးချုပ်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ သူ့ချည်းသက်သက် သီးသန့်ဖြစ်နေတဲ့ လုပ်ငန်းစဉ် မဟုတ်ဘူးဆိုတာကိုလည်း ထပ်လောင်းသတိပြုကြစေချင်ပါတယ်။ အခုဆိုရင် COVID-19 ရဲ့ ကျန်းမာရေး၊ စီးပွားရေးစတဲ့ အကျိုးဆက်တွေကို ကျွန်မတို့နိုင်ငံနဲ့ ကျွန်မတို့ပြည်သူတွေ ကိုယ်တိုင် ရင်ဆိုင်နေရတဲ့ အခြေအနေ၊ အနာဂတ်အတွက် အရေးကြီးလှတဲ့ ဒီမိုကရေစီနည်းလမ်းတကျကျင်းပမယ့် ရွေးကောက်ပွဲတွေရဲ့ အခြေအနေ၊ ဒေါ့အပြင် အားပြိုင်မှုတွေနဲ့ ပြောင်းလဲလာနေတဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ပထဝီနိုင်ငံရေးအခြေအနေ စတဲ့ မြောက်မြားစွာသော ဆက်စပ်အခြေအနေတွေထဲမှာ ကျွန်မတို့နိုင်ငံရဲ့ အရေးကြီးလှတဲ့ ငြိမ်းချမ်းရေးကို တစ်နေ့ပြီးတစ်နေ့ ပိုမိုတိုးတက်ကောင်းမွန်အောင်၊ တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားနေကြရမှာပါ။

ကိုယ့်နိုင်ငံမှာ အားနည်းချက်တွေရှိရင် မလိုလားအပ်တဲ့ အကျိုးဆက်တွေကို ကျွန်မတို့အနေနဲ့ ဖိတ်ခေါ်နေသလိုဖြစ်နေမှာကို သတိချပ်ကြစေချင်ပါတယ်။ လွတ်လပ်ရေးရပြီးကတည်းက ကျွန်မတို့နိုင်ငံရဲ့ အဓိကအားနည်းချက်ကို ပြောပါဆိုရင် တစ်မျိုးသားလုံး ညီညွတ်တဲ့ အမျိုးသားညီညွတ်ရေးနဲ့ ညီညွတ်ရေးကြောင့် တည်တံ့စေမယ့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ခြင်း မရှိခဲ့တာပါပဲ။ ဒီတော့ အကျိုးဆက်အနေနဲ့ ဖွံ့ဖြိုးမှုလည်း မရှိနိုင်တော့ဘူး။ ဖွံ့ဖြိုးမှုရှိခဲ့ရင်တောင်မှ အားလုံး မျှဝေခံစားနိုင်မယ့် ဖွံ့ဖြိုးမှုဆိုတာမျိုးလည်း မဖြစ်နိုင်ပါဘူး။

အခုအချိန်မှာ ကျွန်မတို့အားလုံးဟာ ကျွန်မတို့ ပြည်ထောင်စုရဲ့ ရောဂါကိုလည်း သိ၊ ကုထုံးကိုလည်း သိနေပါပြီ။ NCA စာချုပ်က အစပြုလိုက်ပြီးတဲ့နောက် ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၃)လိုမျိုး ခိုင်မာတဲ့ ရှေ့ဆက်လျှောက်လှမ်းရမယ့် လုပ်ငန်းစဉ်တွေနဲ့ အုတ်မြစ်လည်း ချနိုင်ခဲ့ပါပြီ။ ၂၀၂၀ အလွန် ရှေ့ဆက်မယ့် ငြိမ်းချမ်းရေးခရီးမှာ လိုအပ်နေတာက ကျွန်မတို့အားလုံး ညီညွတ်ရေးပြိုကွဲနေခြင်းဆိုတဲ့ ရောဂါဆိုးကြီး ပျောက်ကင်းချင်စိတ်ရှိဖို့၊ အားလုံးသိထားပြီးဖြစ်တဲ့ ကုထုံးအတိုင်း အနာနဲ့ဆေးချက်တည့်အောင် အချိန်မဆွဲဘဲ ကုသမှုပေးပြီး အမြန်ဆုံး ရောဂါပျောက်ကင်းဖို့ပဲဖြစ်တယ်လို့ပဲ တိုက်တွန်းချင်ပါတယ်။

ငြိမ်းချမ်းရေးကင်းမဲ့ခြင်းကြောင့် ဒီနိုင်ငံမှာ လက်နက်အားကိုးဝါဒကို ပိုပြီးကြီးထွားလာစေမယ်။ ယဉ်ကျေးတဲ့၊ ငြိမ်းချမ်းတဲ့၊ တွေ့ဆုံဆွေးနွေးအဖြေရှာရေးဆိုတဲ့ နိုင်ငံရေးဓလေ့ကိုလည်း ချည့်နဲ့စေနိုင်ပါတယ်။ တစ်ဆက်တည်းမှာပဲ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုတာတွေဟာလည်း တံလျှပ်လိုပဲ တကယ့်လက်တွေ့မှာ ဖမ်းဆုပ်ကိုင်နိုင်မှာ မဟုတ်ဘူးဆိုတာကို ကျွန်မတို့ပြည်သူပြည်သားတွေ အလေးအနက် သုံးသပ်ဆင်ခြင်ကြစေလိုပါတယ်။ ဒါတွေဟာ ကိုယ်နေထိုင်ရာကိုယ့်ဒေသ၊ ကိုယ့်အိမ်နားလေးမှာ ဖြစ်မှမဟုတ်ဘူး။ ပြည်ထောင်စုကြီးရဲ့ ဘယ်နေရာမှာပဲဖြစ်နေဖြစ်နေ အားလုံးခံစားရတဲ့ ဆိုးမွေတွေပဲဆိုတာကို သိမြင်ကြစေလိုပါတယ်။ ကျွန်မတို့ တိုင်းရင်းသားတွေ၊ ကျွန်မတို့ ပြည်သူတွေဟာ နှစ်ပေါင်းများစွာ မငြိမ်းချမ်းတဲ့ဒဏ်ကို ခါးကော့အောင် ခံခဲ့ရတာကြာလှပါပြီ။ ကျွန်မတို့ ပြည်သူတွေဘက်ကလည်း ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားနေတဲ့ အဖွဲ့တွေ၊ ပုဂ္ဂိုလ်တွေကို အားပေးထောက်ခံရုံသာမက ပြည်သူတွေကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးအကြောင်း သိနားလည်အောင် ကြိုးစားခြင်းဆိုတဲ့ အခြေခံအသိကစလို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ စွမ်းတဲ့နေရာ၊ ကျရာနေရာ၊ တတ်နိုင်တဲ့နေရာစုံက ပါဝင်ပေးကြပါ။ ဒီလိုပါဝင်ပေးခြင်းအားဖြင့် အမျိုးသားညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးအုတ်မြစ်အပေါ် အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ပြီး ကမ္ဘာ့အလယ်မှာ သိက္ခာရှိတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဩဂုတ်လအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဩဂုတ်လအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၄ ဒသမ ၁၆ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၂ ဒသမ ၁၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၁၆ ဒသမ ၃၀ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၃၁ ဒသမ ၂၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၆ ဒသမ ၈၅ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၈ ဒသမ ၀၆ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဩဂုတ်လအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၂၄ ဒသမ ၃၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှု ပိုငွေမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၂၄ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဩဂုတ်လအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၉၄၅ ဒသမ ၉၄ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၇၂ ဒသမ ၉၈ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၂၁၈ ဒသမ ၉၂ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇၉၁ ဒသမ ၆၂ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၁၇ ဒသမ ၅၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၇၀၉ ဒသမ ၁၅ သန်းဖြစ်သည်။ သို့ဖြစ်ပါ၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဩဂုတ်လအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၉၂၈ ဒသမ ၀၇ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၁၄၉၀ ဒသမ ၂၃ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။

သတင်းစဉ်

# အာဆီယံဒေသတွင်း ပညာရေးစနစ်တွင် ဒစ်ဂျစ်တယ်ဖြင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အာဆီယံ-ယူနီဆက်ညီလာခံ ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၁၅**
အာဆီယံဒေသတွင်း ပညာရေးစနစ်တွင် ဒစ်ဂျစ်တယ်ဖြင့် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အာဆီယံ-ယူနီဆက်ညီလာခံ (ASEAN-UNICEF Conference on Digital Transformation of the Education System throughout ASEAN) ကို ယနေ့နံနက် ၈ နာရီတွင် Zoom Webinar စနစ်ဖြင့် ကျင်းပသည်။

**အလေးပေးဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် ပညာရေးစနစ်ကို ပြင်းထန်စွာ ထိခိုက်စေလျက်ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ယင်းကပ်ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကို လျှော့ချနိုင်စေရန်နှင့် ပညာရေးစနစ် ပိုမိုကောင်းမွန်လာစေရန် အလေးပေးဆောင်ရွက်လျက်ရှိကြောင်း။

ပါမောက္ခချုပ်များကော်မတီက တည်ဆောက်ခဲ့သော မြန်မာဒစ်ဂျစ်တယ်ပညာရေး ပလက်ဖောင်း(Myanmar Digital Education Platform – MDEP)ကို အသုံးပြုလျက် Grade 4၊ 7၊ 10 သင်ရိုးညွှန်းတမ်းအသစ်များကို မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာ ဆရာမများအားလုံးအား အွန်လိုင်းသင်တန်းများ ပို့ချခဲ့ပါကြောင်း၊ MDEP၊ ပြည်သူပိုင် ပုဂ္ဂလိကပိုင် TV Channels များနှင့် ရေဒီယိုများမှထုတ်လွှင့်ရန် Audio နှင့် Video သင်ခန်းစာများကို ပြုစုတည်းဖြတ်လျက်ရှိပါကြောင်း၊ ဗီဒီယိုသင်ခန်းစာများကို Education Channel ရုပ်မြင်သံကြားမှ တစ်နေ့လျှင် ၈ နာရီကြာ ထုတ်လွှင့်ပြသလျက်ရှိပါကြောင်း၊ အင်တာနက်မရရှိသော ဝေးလံခေါင်ဖျား ဒေသများနှင့် ကျေးလက်ဒေသများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ DBE Box မှ သင်ယူမှု အခွင့်အလမ်းများရရှိစေရန်အတွက် DBE Stick များတွင် ထည့်သွင်းရန် သင်ခန်းစာများကို ပြုစုလျက်ရှိပါကြောင်း၊ အတန်းတိုင်းမှ ကျောင်းသား ကျောင်းသူများ၊ မိဘများ အပတ်စဉ်၊ လစဉ်ပုံမှန် download ပြုလုပ်နိုင်မည့် နေအိမ်အခြေပြုသင်ခန်းစာများကိုလည်း ပြုစုလျက်ရှိပါကြောင်း။

MDEP ကို အသုံးပြု၍ တက္ကသိုလ်များအတွက် အွန်လိုင်းသင်ယူမှုကို အကောင်အထည်ဖော်သွားမည်ဖြစ်သကဲ့သို့ အင်တာနက်မရရှိသော ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်ဒေသများမှ တက္ကသိုလ်ကျောင်းသားများအတွက် DHE Box နှင့် Data Stick များ ဖြည့်ဆည်းပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ ပုံမှန်အဝေးသင်ပညာရေးစနစ်အပြင် အွန်လိုင်းမှတစ်ဆင့် သင်ယူနိုင်မည့် Myanmar National Open University ထူထောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ကိုယ်ပိုင်စီမံခန့်ခွဲခွင့်**

အခြေခံပညာ ဆရာ ဆရာမများနှင့် တက္ကသိုလ် ဆရာ ဆရာမများအတွက် သင်ယူမှုစီမံခန့်ခွဲရေးစနစ် (Learning Management System)နှင့် ဒစ်ဂျစ်တယ် သင်ကြားသင်ယူမှုနည်းစနစ် (Digital Teaching- Learning Methodology) များ တိုးတက်ရေးကို အားပေးပြီး သင်တန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ စာသင်ခန်းတွင်း သင်ယူမှု (Face-to-face Learning)၊ အွန်လိုင်းသင်ယူမှု (Online Learning) နှင့် ပေါင်းစပ်သင်ယူမှု (Blended Learning)များမှတစ်ဆင့် ဒေသတွင်း လုပ်သားဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် လူတိုင်းအတွက် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းများကို မြှင့်တင်ပေးလိုပါကြောင်း၊ ထို့ကြောင့် ပါမောက္ခချုပ်များ ကော်မတီသည် တက္ကသိုလ်နှင့် လုပ်ငန်းခွင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး (University-Industry Partnership) အပါအဝင် တက္ကသိုလ်နှင့် ကောလိပ်အားလုံး လွတ်လပ်သော ကိုယ်ပိုင်စီမံခန့်ခွဲခွင့်ဖြင့် ရပ်တည်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**အစားထိုးနိုင်မည်မဟုတ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာတွင် ပညာရေးစနစ်ကို ဒစ်ဂျစ်တယ်ဖြင့် ပြုပြင်ပြောင်းလဲမှုသည် အဆင့်မြင့်နည်းပညာများနှင့် ကိရိယာများ အသုံးပြု၍ သင်ယူမှုပတ်ဝန်းကျင်ကောင်းကို ပုံဖော်ခြင်းပင်ဖြစ်ပါကြောင်း၊ လူသားအင်အားစုနေရာတွင် အလိုအလျောက်နည်းပညာများ၊ AI၊ Robots၊ IOT တို့က အစားထိုးဝင်ရောက်လာလျက်ရှိသဖြင့် လုပ်သားအင်အားစုများအတွက် ယှဉ်ပြိုင်မှု ပိုမိုအားကောင်းလာပါကြောင်း၊ ထို့ကြောင့် နည်းပညာဖွံ့ဖြိုးတိုးတက်လျက်ရှိသော ယနေ့ကမ္ဘာကြီးတွင် လုပ်သားအင်အားစုများအနေဖြင့် ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ သဘောထားအမြင်နှင့် လူမှုရေးတန်ဖိုးများကို မြှင့်တင်ပေးရန် လိုအပ်လာပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် အွန်လိုင်းသင်ယူမှုနှင့် ပေါင်းစပ်သင်ယူမှုတို့သည် သင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် အရေးပါသော်လည်း ယင်းတို့မှာ ၂၁ ရာစု ကျွမ်းကျင်မှုများအတွက် အရည်အချင်းပြည့်ဝသော ဆရာ ဆရာမများ၏ စာသင်ခန်းတွင်း သင်ကြားမှု (Face-to-face Learning)ကိုမူ အစားထိုးနိုင်မည် မဟုတ်ပါကြောင်း၊ နိုင်ငံသားကောင်း အရည်အသွေး၊ ဆက်သွယ်မှုအရည်အသွေး၊ အဖွဲ့လိုက်ဆောင်ရွက်တတ်မှု၊ အပြုသဘောဆောင်သောအမြင်ရှိမှုနှင့် ပင်ကိုစွမ်းရည်ကဲ့သို့သော Transferrable Skills များကို မြှင့်တင်ပေးသွားရန် အရေးပါလျက်ရှိနေပါကြောင်း။

**ဒစ်ဂျစ်တယ်ပြောင်းလဲရေး**

အလားတူပင် High-tech Learning နှင့် High-touch Learning နှစ်မျိုးလုံးသည်လည်း နည်းပညာခေတ်တွင် ဒေသတွင်း အဆင့်နှင့် ကမ္ဘာ့အဆင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများ မြှင့်တင်ရေးတွင် အရေးပါလျက်ရှိပါကြောင်း၊ အနာဂတ်တွင် အဓိကစိန်ခေါ်မှုတစ်ရပ်မှာ စာသင်ကျောင်းများနှင့် တက္ကသိုလ်စာသင်ခန်းများသည် ကျောင်းသားများအတွက် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာများဖြင့် ပေါင်းစပ်ပံ့ပိုးပေးနိုင်ရေးပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နည်းပညာနှင့် အခြေခံအဆောက်အအုံပံ့ပိုးမှု၊ ပညာရေး အင်အားစု၏ ဒစ်ဂျစ်တယ်နည်းပညာကျွမ်းကျင်မှု၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် သင်ကြားသင်ယူမှု၊ အရည်အသွေးအာမခံမှု၊ အာဆီယံဒေသတွင်း အရည်အသွေး အသိအမှတ်ပြုမှုများကို အာမခံမည့် အသွင်ကူးပြောင်းခြင်းဆိုင်ရာ မဟာဗျူဟာစီမံကိန်းများနှင့် မူဝါဒများတိုးတက်ရေးအတွက် အတူတကွ လက်တွဲလုပ်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း၊ လုံခြုံစိတ်ချမှုရှိသော ဒစ်ဂျစ်တယ်နည်းပညာဖြင့် သင်ယူမှုအခွင့်အလမ်းများမြှင့်တင်ရေးနှင့် အာဆီယံဒေသတွင်း ပညာရေးစနစ်တွင် ဒစ်ဂျစ်တယ်ဖြင့် ပြောင်းလဲသွားရေးဟူသော ဤညီလာခံ၏ ပူးတွဲကြေညာချက်ကို အနာဂတ်ဒေသတွင် သာတူညီမျှမှု၊ အားလုံးပါဝင်မှုကို အားပေးလျက်ထောက်ခံကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အာဆီယံပညာရေးဝန်ကြီးများက မိမိတို့၏သဘောထားအမြင်များကို အလှည့်ကျဆွေးနွေးကြကာ အာဆီယံပညာရေးဝန်ကြီးများ၏ ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ အာရှ-ပစိဖိတ်ဒေသဆိုင်ရာဌာန၏ High-level Meeting on the Regional Economic Outlook သို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၅**
အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(International Monetary Fund-IMF၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာဌာန၏ High-level Meeting on the Regional Economic Outlook ကို ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ အာရှ-ပစိဖိတ်ဒေသမှ IMF အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ IMF၊ Asia-Pacific Department မှ Acting Director Mr. Jonathan D.Ostry က Navigating the Pandemic: Multi-Speed Recovery နှင့်စပ်လျဉ်း၍ တင်ပြသည်။




ထို့နောက် အာရှ-ပစိဖိတ်ဒေသရှိ ဘဏ္ဍာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုများနှင့် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်လျက်ရှိသည့် မူဝါဒများ၊ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ မိမိတို့၏ အတွေ့အကြုံများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ ဗဟန်းမှ

"ဖွင့်ရက်တစ်ရက်နဲ့ အချိန်တစ်နာရီ ထပ်တိုးဖွင့်လှစ်ထားတယ်။ ပထမ သုံးရက်ပဲဖွင့်မလို့၊ ဗဟန်းက မြို့နယ်လည်းကြီးတော့ လူနာတွေများများပြလို့ရအောင်၊ နောက်ပြီး ဗဟန်းမှာ အနံ့ပျောက်စင်တာတို့၊ ကွာရန်တင်းစင်တာတို့လည်း အများကြီးရှိတော့ များများရှာပြီး များများထည့်လို့ရအောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်"ဟု လူထုအခြေပြုဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်) တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

**ဆရာဝန်လိုအပ်လျက်ရှိ**

လက်ရှိတွင် အဆိုပါဆေးခန်း၌ စေတနာ့ဝန်ထမ်း လုပ်အားပေးအနေဖြင့် ဆရာဝန် ငါးဦး၊ သူနာပြု ရှစ်ဦးနှင့် We Love Yangon ပရဟိတအဖွဲ့ကလည်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးခန်းကိုတစ်ရက်လျှင် ဆရာဝန်နှစ်ဦး၊ သူနာပြု နှစ်ဦးနှင့် အခြား စေတနာ့ဝန်ထမ်း သုံးဦး စုစုပေါင်း အင်အား ခုနစ်ဦးခန့်နှင့် ဆောင်ရွက်နေရပြီး စေတနာ့ဝန်ထမ်း ဆရာဝန်လိုအပ်လျက်ရှိရာ လုပ်အားပေးကူညီလိုသူများအနေဖြင့် တာဝန်ခံဆရာဝန် ဒေါက်တာဇေသူအောင် ဖုန်း-၀၉-၉၈၉၂၅၈၇၈၆ ထံသို့ ဆက်သွယ်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ထို့ပြင် ခေတ္တယာယီပိတ်ထားသည့် ၂၄ ခုမြောက် သဃ်န်းကျွန်းမြို့နယ် လူထုအခြေပြုဖျားနာကုအခမဲ့ဆေးခန်းကို လာမည့်ရက်သတ္တပတ်အတွင်း ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ရာ စေတနာ့ဝန်ထမ်းများ လိုအပ်လျက်ရှိကြောင်း သိရသည်။

**တိုးချဲ့ဖွင့်လှစ်သွားမည်**

အဆိုပါဆေးခန်းဖွင့်လှစ်ပြီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း လူထုအခြေပြုဖျားနာကုအခမဲ့ဆေးခန်းပေါင်း ၂၄ ခုရှိမည်ဖြစ်ရာ လက်ရှိတွင် ဆေးခန်း ၂၃ ခုဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို လည်ပတ်ဆောင်ရွက်ပေးလျက်ရှိပြီး ဆက်လက်၍ ပုဇွန်တောင်၊ စမ်းချောင်း၊ မင်္ဂလာဒုံ စသည့် မြို့နယ်များ၌လည်း ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဒေါက်တာကျော်မင်းထွန်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖျားနာကုအခမဲ့ဆေးခန်းများ ဖွင့်လှစ်ထားသည့် မြို့နယ်များမှာ ဗဟန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ လှိုင်သာယာ၊ အင်းစိန်၊ အရှေ့ဒဂုံ၊ ရွှေပြည်သာ၊ တောင်ဒဂုံ၊ တောင်ဥက္ကလာ၊ ကြည့်မြင်တိုင်၊ မှော်ဘီ၊ အလုံ၊ ရန်ကင်း၊ လှိုင်၊ သာကေတ၊ မြောက်ဥက္ကလာ၊ မရမ်းကုန်း၊ တွံတေး၊ ဒေါပုံ၊ သန်လျင်၊ ကော့မှူးနှင့် ကွမ်းခြံကုန်း စသည့် မြို့နယ်များဖြစ်ကြောင်း သိရသည်။

**အေးမင်းသူ**

# ဟိန္ဒူကုပ်ရှ်ဟိမဝန္တာဒေသတွင်း ဝန်ကြီးများ၏ တောင်တန်းဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၅**
အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (International Center for Integrated Mountain Development – ICIMOD) ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဟိန္ဒူကုပ်ရှ်ဟိမဝန္တာ ဒေသတွင်း ဝန်ကြီးများ၏ တောင်တန်းဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေး-၂၀၂၀ ပြည့်နှစ် (Hindu Kush Himalaya Ministerial Mountain Summit 2020)ကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယခုအစည်းအဝေးသည် ဟိန္ဒူကုပ်ရှ်ဟိမဝန္တာ တောင်တန်းဒေသ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်ရေးနှင့် တောင်တန်းဒေသဂေဟစနစ်များ ရေရှည်တည်တံ့ရေးတို့အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းလာစေရန် တွန်းအားဖြစ်စေကြောင်း၊ မြန်မာနိုင်ငံသည် ICIMOD စတင်တည်ထောင်ရာတွင် ပါဝင်ခဲ့သည့် အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ICIMOD နှင့်လက်တွဲ၍ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှု လျော့ချတိုက်ဖျက်ရေး၊ တောင်တန်းဒေသရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ရေဝေရေလဲ ဒေသများ ထိန်းသိမ်းရေး အစရှိသည့် လုပ်ငန်းနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ လက်တွဲ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ညှိနှိုင်းအကောင်အထည်ဖော်ပေးသည့်အတွက် ICIMOD ကို ကျေးဇူးတင်ရှိကြောင်း၊ ICIMOD ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဒေသတွင်းမှ ပညာရှင်များ ပြုစုရေးဆွဲထားသည့် ဟိန္ဒူကုပ်ရှ်ဟိမဝန္တာ ဒေသတွင်းလုပ်ငန်းအစီအစဉ် (HKH Call to Action)သည် တောင်တန်းဒေသဂေဟစနစ်များ ရေရှည်တည်တံ့ရေးနှင့် တောင်တန်းဒေသနေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းလာစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဟိန္ဒူကုပ်ရှ် ဟိမဝန္တာဒေသတွင်း ဝန်ကြီးများ၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ဝန်ကြီးများ၏ ထုတ်ပြန်ကြေညာချက်တွင် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းစေရန်နှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို သုံးသပ်ဆွေးနွေးရန်အတွက် ဝန်ကြီးများ အစည်းအဝေးကို နှစ်နှစ် တစ်ကြိမ်ကျင်းပရန်၊ ဒေသတွင်းနှင့် နိုင်ငံတကာဆွေးနွေးပွဲများ၊ ကုလသမဂ္ဂ ဆွေးနွေးပွဲများတွင် ဟိန္ဒူကုပ်ရှ် ဟိမဝန္တာဒေသအား စည်းလုံးညီညွတ်စွာဖြင့် ကိုယ်စားပြုရန်၊ တောင်တန်းဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်မည့် မူဝါဒများ ဖော်ထုတ်ရာတွင် သိပ္ပံနည်းကျ တွေ့ရှိချက်များကို ပိုမိုထည့်သွင်းစဉ်းစားနိုင်ရန်အတွက် အဖွဲ့အစည်းပေါင်းစုံ ပါဝင်သော ဟိန္ဒူကုပ်ရှ် ဟိမဝန္တာဒေသတွင်း သိပ္ပံရေးရာနှင့် မူဝါဒရေးရာဖိုရမ် (HKH Science – Policy Forum)ကို ပုံမှန်ကျင်းပရန်၊ ဒေသတွင်း ရှစ်နိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များဖြင့် လုပ်ငန်းအဖွဲ့ (Task Force) ဖွဲ့စည်း၍ ဟိန္ဒူကုပ်ရှ် ဟိမဝန္တာလုပ်ငန်းအစီအစဉ် (HKH Call to Action) အကောင်အထည်ဖော်ရန်အတွက် ဒေသတွင်းအဖွဲ့အစည်း စနစ်တစ်ခုထူထောင်နိုင်ရေး ဖြစ်နိုင်ဖွယ်အလားအလာများကို လေ့လာဆန်းစစ်ရန်တို့ကို ထည့်သွင်းဖော်ပြထားသည်။

ယင်းဟိန္ဒူကုပ်ရှ်ဟိမဝန္တာဒေသတွင်း ဝန်ကြီးများ၏ တောင်တန်းဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါနှင့် ပါကစ္စတန်နိုင်ငံတို့မှ ဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၊ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် လူနာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ဆန္ဒမဲပေးနိုင်ရေး ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၅**
အထွေထွေရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်နိုင်ရေးနှင့် လူနာများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများနှင့် ဆေးရုံများတွင် တာဝန်ကျနေသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ဆန္ဒမဲပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ သေချာစေရေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေဘဲ ဘေးကင်းစိတ်ချမ်းသာစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဦးဆောင်မှုဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့သည် လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကို အသေးစိတ်ရေးဆွဲခဲ့ပြီးဖြစ်၍ လက်တွေ့သရုပ်ပြသခြင်းနှင့် သင်တန်းများ ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ပံ့ပိုးမှုနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အဆင်ပြေလျက်ရှိပါကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြသခြင်းကို နှစ်ကြိမ်ကြည့်ရှုခဲ့ရာတွင် မဲရုံသို့ မဝင်ရောက်မီ တန်းစီချိန်မှစ၍ ဝင်ရောက်ပြီး အဆင့်ဆင့်သော ဆန္ဒမဲပေးမှုများနှင့် မဲရုံမှ ပြန်လည်ထွက်ခွာသည်အထိ အဆင့်ဆင့်ကို အသေးစိတ်ကြည့်ရှုခဲ့ကာ လမ်းညွှန်ချက်များနှင့် အကြံပြုချက်များ ပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါအချက်များကို မိမိတို့တိကျစွာ လိုက်နာပြင်ဆင်ကာ ဆန္ဒမဲပေးရာတွင် ရောဂါကူးစက်မှု အလားအလာမရှိသလောက်နည်းပါးစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ လက်တွေ့သရုပ်ပြသခြင်း အစီအစဉ်များတွင် တွေ့ရှိခဲ့သော လိုအပ်ချက်များကို သေချာစွာဖြည့်ဆည်းဆောင်ရွက်ပြီးနောက် ကျန်းမာရေးရှုထောင့်မှ လစ်ဟာမှုမရှိစေရေးအတွက် ထပ်မံ လုပ်ဆောင်ရန်ရှိပါက ဆွေးနွေးကြစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဤကိစ္စရပ်များကို နိုင်ငံ၏ အရေးကဲ့သို့ သဘောထားကာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများနှင့် အပြန်အလှန် အသေးစိတ်ဆွေးနွေးပြီး လမ်းညွှန်ချက်များ ချမှတ်လျက်ရှိပါကြောင်း၊ ရေးဆွဲထားသည့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့် စံလုပ်ထုံးလုပ်နည်းများ ရှင်းလင်းပီပြင် တိကျစေရန်နှင့် လက်တွေ့မြေပြင်တွင် အမှန်တကယ်လုပ်ဆောင်နိုင်သည့် အချက်များကိုသာ မိမိတို့ ထည့်သွင်းရေးဆွဲထားပါကြောင်း။

ယနေ့ဆွေးနွေးရာတွင် လုပ်ငန်းများ ပိုမိုပီပြင်အဆင်ပြေစေရေး၊ မဲရုံများတွင် တာဝန်ယူ ဆောင်ရွက်သူများနှင့် ဆန္ဒမဲပေးမည့် ပြည်သူများအတွက် လိုအပ်မည့် ရောဂါကာကွယ်ရေးပစ္စည်းများ ဖြန့်ဖြူးမည့်နေရာသို့ အချိန်မီရောက်ရှိစေနိုင်ရေး၊ မဲရုံတစ်ရုံချင်းစီအတွက် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ ကြိုတင်တွက်ချက်၍ ထောက်ပံ့ပို့ဆောင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များကို ပံ့ပိုးရမည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၏ လုပ်ငန်းတာဝန်များ ပိုမိုပီပြင်စေရေး ဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးမှုနှင့် ပတ်သက်၍ မရှင်းလင်းသည့် ကိစ္စရပ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့အား ပွင့်လင်းစွာတင်ပြဆွေးနွေးညှိနှိုင်းကြရန် ဖြစ်ပါကြောင်း၊ အထွေထွေရွေးကောက်ပွဲပြုလုပ်သည့် နေ့ရက်တွင် သတ်မှတ်နေရာအမျိုးမျိုးတွင် အသွားအလာကန့်သတ်ခံထားရသူများနှင့် ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူနေရသူများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးနှင့် မိမိ မဲဆန္ဒပေးရမည့် တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၏ ပြင်ပတွင် တွဲဖက်တာဝန် ထမ်းဆောင်နေကြရမည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ဆန္ဒမဲပေးနိုင်ရေး ကိစ္စရပ်များအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်းနှင့် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲချမှတ်ခြင်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများ ထိုသို့ ဆန္ဒမဲပေးနိုင်ရန်အတွက် လုပ်ဆောင်ရမည့်အချက်များကို ယခုရက်ပိုင်းအတွင်း အမြန်ဆုံးကြိုတင်အသိပေး ဖြန့်ဝေမည့်အပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားခြင်းနှင့် ဝန်ကြီးဌာနက ကျန်းမာရေးဝန်ထမ်းများထံ ဖြန့်ဝေထားသော Mobile Tablet ၃၀၀၀၀ ခန့်တို့သို့ ဗဟိုမှနေ၍ အင်တာနက်မှတစ်ဆင့် ထည့်သွင်းသွားမည်ဖြစ်ပါကြောင်း၊ မြို့နယ်အသီးသီးရှိ မဲရုံများမှ မဲရုံမှူးများ၊ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့် တာဝန်ရှိသူများအကြား ဆက်သွယ်ရေးလမ်းကြောင်း ကောင်းမွန်ရန်မှာ အထူးအရေးကြီးပါကြောင်း၊ မဲရုံများမှ မဲရုံမှူးများနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများထံသို့ အပြန်အလှန် ဆက်သွယ်နိုင်ရန်အတွက် ဖုန်းနံပါတ်များ ကြိုတင်ပြုစုထားရှိခြင်းနှင့် ၎င်းတို့ထံသို့ သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ ဆက်သွယ်နိုင်သည့် (hot line) ဖုန်းနံပါတ်များ ဖြန့်ဝေထားရှိခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အလားတူ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများထံသို့ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်နှင့် ဗဟိုအဆင့် (hot line) ဖုန်းနံပါတ်များကို ဖြန့်ဝေထားရှိမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ပီပြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ခွဲဝေ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ကဏ္ဍအလိုက် တာဝန်များကို သက်ဆိုင်ရာသို့ ကြိုတင်ဖြန့်ဝေထားရှိစေလိုပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေး အခြေခံနိယာမ သဘောတရားများနှင့်အညီ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေအရပ်ရပ်ကို မျှော်မှန်းတွက်ဆကာ ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မဲရုံများတွင် တာဝန်ယူမည့် ကျန်းမာရေးဝန်ထမ်းများ လက်ရှိတွင် ပြင်ဆင်ထားရှိမှု၊ မဲရုံနေရာသတ်မှတ်ရန် ကွင်းဆင်းစစ်ဆေးထားရှိမှု အစီရင်ခံစာများရရှိမှု၊ လက်ရှိ မဲရုံအရေအတွက်၊ ရောဂါကာကွယ်ရေးပစ္စည်းများ ခွဲဝေဖြန့်ဖြူးမည့် အစီအစဉ် စသည့်အချက်များကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မဲရုံအရေအတွက်၊ ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားမှုနှင့် ကျန်းမာရေးဝန်ထမ်းအင်အား ထပ်မံလိုအပ်မှု၊ ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသေးစိတ် တင်ပြဆွေးနွေးခဲ့ကြပြီး အသွားအလာကန့်သတ်ခံထားရသူများ၊ ဆေးရုံများတွင် တက်ရောက် ကုသမှုခံယူနေရသူများနှင့် မဲဆန္ဒနယ်ပြင်ပတွင် တာဝန်ထမ်းဆောင်ကြရမည့် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူတို့က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း လမ်းညွှန်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် Coronavirus Disease – 2019 (COVID-19) ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်နေမှု၊ လုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ထုံးလုပ်နည်းများ ရေးဆွဲထားရှိမှုများ၊ မဲပေးသည့်အစီအစဉ် လက်တွေ့သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့မှု၊ မဲရုံများတွင် မဲရုံဝန်ထမ်းအဖွဲ့များ စီစဉ်ထားရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်သည့် အခွင့်အရေး မဆုံးရှုံးစေရေး ဆောင်ရွက်နေမှုများ၊ မဲဆန္ဒနယ် ပြင်ပသို့ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိမှုများနှင့် သတ်မှတ်ပုံစံဖြင့် လျှောက်ထားရမည့်နည်းလမ်း၊ ကြိုတင်ဆန္ဒမဲပေးနိုင်သည့် နည်းလမ်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးခြင်းများနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အောက်တိုဘာ ၁၅ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် - ၁၉ အကြောင်း သိကောင်းစရာ အမေး / အဖြေ အစီအစဉ်ကို ပြည်သူများသိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်-

ထက်လျှံ၊ ဓာတ်ပုံ - ဇော်မင်းလတ်



ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်တွင် ဒေါက်တာစည်သူအောင်၊ ပါမောက္ခ ဒေါက်တာထင်အောင်စောနှင့် ဒေါက်တာကိုကိုနိုင်တို့ ပါဝင်ဖြေကြားဆွေးနွေးစဉ်။

**အစီအစဉ်မှူး**။ ။ ကိုဗစ် - ၁၉ ရောဂါနဲ့ ပတ်သက်လို့ ပြည်သူတွေရဲ့ မေးမြန်းချက်ကို ဖြေကြားပေးနေတဲ့ အစီအစဉ်ကနေ ပြန်လည်ကြိုဆိုပါတယ်။ မနေ့က အစီအစဉ်မှာဆိုရင်လည်း ကိုဗစ် - ၁၉ ရောဂါကို ကိုယ်တိုင်ကြုံတွေ့ခံစားရပြီး မှန်ကန်စွာ ကုသမှုခံယူရင်း ပြန်လည်သက်သာ ပျောက်ကင်းသွားကြသူတွေနဲ့ တွေ့ဆုံမေးမြန်း တင်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။

ရောဂါဖြစ်ပွားမှုနဲ့ပတ်သက်လို့ ကိုယ်ခံအား ကောင်းတဲ့သူတွေမှာ ရောဂါလက္ခဏာ မတွေ့ရှိရဘဲ ရောဂါကူးစက်ခံနေရတာတွေ၊ အဲဒီကမှတစ်ဆင့် ကိုယ်ခံအား မကောင်းတဲ့သူတွေဆီကို ကူးစက်သွားတဲ့ အခါမှာတော့ အင်မတန်မှကို အန္တရာယ်ရှိနိုင်ပါတယ်။

**မျှဝေပေးနေ**

ဒါကြောင့် မိမိတစ်ဦးတည်းအတွက် မတွေးဘဲနဲ့ အများအတွက်၊ ပတ်ဝန်းကျင်အတွက် စဉ်းစားတွေးတော ပေးပြီး ကိုဗစ် - ၁၉ ရောဂါကို သတိလက်လွှတ် သဘော မထားဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ ရောဂါကာကွယ်ရေးဆိုင်ရာ လမ်းညွှန် ချက်တွေ၊ ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက မျှဝေပေးနေတဲ့ မှန်ကန်တဲ့သတင်းအချက်အလက်တွေ၊ ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို အတိအကျ လိုက်နာ ပြီး ကိုဗစ် - ၁၉ ကာကွယ်ထိန်းချုပ်ရေးမှာ တစ်တပ် တစ်အား ပါဝင်ပေးကြဖို့ တိုက်တွန်းပါတယ်။

ဒီနေ့အတွက် မေးခွန်း မေးမြန်း/ဖြေကြား ဆွေးနွေး မှုမှာ ပါမောက္ခဒေါက်တာထင်အောင်စော [ဥက္ကဋ္ဌ- မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၊ နည်းပညာပိုင်း ဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်ရေး အဖွဲ့ဝင်]၊ ဒေါက်တာကိုကိုနိုင် [ဆေးရုံအုပ်ကြီး၊ ကိုဗစ်- ၁၉ ကုသရေးဌာန ဖောင်ကြီး (ရန်ကုန်)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန]တို့နဲ့အတူ ဒေါက်တာစည်သူ အောင် [ညွှန်ကြားရေးမှူး(ရောဂါနှိမ်နင်းရေး)၊ ကျန်းမာ ရေးနှင့် အားကစားဝန်ကြီးဌာန]က ဦးဆောင်ဆွေးနွေး ပေးသွားမှာ ဖြစ်ပါတယ်။

ဆရာကြီးတို့အားလုံး မင်္ဂလာပါ။ ဒီနေ့မှာ ပါဝင် ဆွေးနွေးပေးတဲ့အတွက် ဆရာကြီးတို့ကို အထူးကျေးဇူး တင်ရှိကြောင်း ပြောကြားပါရစေ။ ဒီနေ့ရဲ့ဆွေးနွေးမှုတွေ ကို စတင်နိုင်ဖို့အတွက် ဆရာ ဒေါက်တာစည်သူအောင် ကနေ စတင်ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစည်သူအောင်**။ ။ ကျွန်တော်တို့ ဒီနေ့ ရက်သတ္တပတ် သုံးပတ်မြောက်၊ မနေ့ကအထိပေါ့နော်။ မေးလာသမျှသော မေးခွန်းတွေကို ကျွန်တော်တို့ အဖွဲ့တွေက ဆရာကြီးတွေ၊ ပါမောက္ခ သမားတော်ကြီးတွေက မေးခွန်းတော်တော် များများကို ဖြေဆိုကြပြီးဖြစ်ပါတယ်။

ဒီနေ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ Facebook စာမျက်နှာမှာ မေးလာသမျှသော မေးခွန်း တွေက တော်တော်လေးကို များပြားလွန်းတဲ့အတွက် ကျွန်တော်တို့က ဒါတွေကိုပေးထားတဲ့ အချိန်အကန့် အသတ်အတွင်းမှာ တတ်နိုင်သလောက် ကြိုးစားပြီး ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး ဆေးရုံကုသရေးပိုင်းဆိုင်ရာနဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ မေးခွန်းများအနက်မှ အဓိက ကုသရေးပိုင်းဆိုင်ရာ မေးခွန်းများကို ဖြေဆိုပေးဖို့အတွက် မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)ဥက္ကဋ္ဌ ဆရာကြီး ပါမောက္ခဒေါက်တာထင်အောင်စောကို ဖြေဆိုပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ပါမောက္ခဒေါက်တာထင်အောင်စော**။ ။ ပထမဆုံးအနေနဲ့ ဆေးရုံဆင်းတာ ၁၂ ရက်ကျော်ရှိပြီ ချောင်းဆိုးနေဆဲဆိုတဲ့ စိတ်ပူလို့ မေးတဲ့ မေးခွန်းရယ်၊ နောက်တစ်ခု ကိုဗစ်က အဆုတ်မှာ ရောဂါဖြစ်တယ်ဆိုတော့ နိုင်ငံခြားသွား အလုပ်လုပ် တဲ့သူတွေ ဆေးစစ်ရရင် အခက်အခဲရှိမလားဆိုတဲ့ မေးခွန်းတို့နဲ့ပတ်သက်ပြီး ကျွန်တော် တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးပါ့မယ်။

**ကောင်းသွားကြတာများ**

ဒီမေးခွန်းတွေရဲ့ အလိုအရ ကိုဗစ်ဖြစ်ပြီးနောက်ပိုင်း နေကောင်းသွားတဲ့အခါ ရေရှည်မှာ ဘာဆက်ဖြစ်နိုင် သလဲဆိုတဲ့ စိုးရိမ်ပူပန်မှုကို ကျွန်တော် ခံစားမိပါတယ်။ ဒါပေမယ့် ကျွန်တော်သိတာတစ်ခုက ဘာလဲဆိုရင် ရုတ်တရက် ကိုဗစ်ဖြစ်ပြီး နောင်မှာလည်း နာတာရှည် ကိုဗစ်ဆိုပြီးတော့ ဆက်ဖြစ်နိုင်တဲ့ အခြေအနေတစ်ခုရှိပါ တယ်။ အများသိပြီးသားအတိုင်းပေါ့နော်၊ လူ ၁၀၀ မှာ ကိုဗစ်ဖြစ်ရင် လူ ၈၀ က ရောဂါဘာမှ မပြင်းထန်ဘဲနဲ့ ၁၀ ရက်နေရင်၊ နှစ်ပတ်နေရင် ကောင်းသွားကြတာ များပါတယ်။ ဘာမှတောင် ဆေးထူးထူးခြားခြား သောက်စရာမလိုပါဘူး။

နောက် ၁၅ ရာခိုင်နှုန်းလောက်ကပေါ့နော်၊ လူ ၁၀၀ မှာ ၁၅ ယောက်လောက်က ရောဂါပြင်းထန်နိုင်တယ်။ လူ ၁၀၀ မှာ ၅ ဦးက သည်းသည်းသန်သန် နေမကောင်းဖြစ်နိုင် တယ်။ အဲဒီတော့ ဒီလူတွေအများစုကို ဆေးရုံတင်ရတာ ကတော့ စောစောကပြောသလို သူများတကာကို ကူးစက် မှာ စိုးတဲ့အတွက်ကြောင့်မို့ မကူးစက်အောင် ကာကွယ်ဖို့ ဆေးရုံတင်ရတာဖြစ်တယ်။

နောက်ပြီး စောစောကပြောတဲ့ သည်းသည်းသန်သန် ဖြစ်မယ့်လူတွေကို အချိန်မီ ဆေးကုသနိုင်ဖို့ ဆေးရုံတင် ရတာ ဖြစ်ပါတယ်။ အများစုက စောစောကပြောသလိုပါပဲ ၁၀ ရက်နေရင် နေကောင်းသွားကြတယ်။ နှစ်ပတ်နေရင် တော်တော်လေး နေကောင်းကျန်းမာသွားကြပါတယ်။

**ဆက်ရှိနိုင်**

သို့သော်လည်း လူ ၁၀၀ မှာ ၁၅ ဦး၊ ၂၀ လောက်ကဖြင့် တစ်လကျော်လောက်အထိကို ဆက်လက်ပြီး ချောင်းဆိုး နေတာတွေ ဆက်ရှိနိုင်ပါတယ်။ နောက် အားအင်ကုန်ခန်း နေတာတို့၊ မောပန်းနေတာတို့၊ ကိုယ်လက်ကိုက်ခဲနေတာတို့ စသည်ဖြင့် ဆက်ရှိနိုင်ပါတယ်။

တချို့သော ရှားရှားပါးပါး လူတွေမှာဆိုရင် အာရုံ ကြောထိခိုက်သွားတာ ရှိနိုင်ပါတယ်။ မျက်စိအမြင် ချို့ယွင်း သွားတာတို့၊ အကြားအာရုံချို့ယွင်းသွားတာတို့ ဖြစ်ပွားနိုင် တယ်။ ဆီးချိုရောဂါ၊ သွေးချိုရောဂါဖြစ်ပြီး ကျန်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။

သုတေသန စာတမ်းတွေအရ သုံးလကြာတဲ့အခါမှာ လူ ၁၀၀ မှာ နှစ်ဦးလောက်က ဆက်လက်ပြီး ကျန်းမာရေးပါ ချို့ယွင်းပြီးတော့ ကျန်နေခဲ့တာ ရှိနိုင်တယ်လို့ ဆိုပါတယ်။ သို့သော် အများစုက ကောင်းသွားတာ ဖြစ်ပါတယ်။

ယခုမေးခွန်းရှင်က ချောင်းဆိုးနေသေးတယ်လို့ ဆိုတဲ့အခါ ချောင်းဆိုးပျောက်ဆေးစွဲသောက်လို့ ရလားဆို တော့ သောက်လို့ရပါတယ်။ ကိုယ့်ကျန်းမာရေးကို ဂရုစိုက် ရမှာ ဖြစ်ပါတယ်။ သိပ်ပင်ပန်းတဲ့ အရာတွေကို ရှောင်ရှားဖို့ က အဓိကဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သက်သောင့် သက်သာနေဖို့နဲ့ ဖြည်းဖြည်းချင်း ပြန်ကောင်းလာသူရှိတယ်။ အများစုကဖြင့် ပြန်ကောင်းလာတာကို ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ပထမဦးဆုံး အကြံပေးချင်ပါတယ်။

ဒုတိယအချက်က အဆုတ်ရောဂါဖြစ်တယ်၊ မှန်ပါ တယ်။ လူတိုင်းအများစုက ကောင်းသော်လည်း တချို့သော သူတွေမှာ အဆုတ်ပြင်းပြင်းထန်ထန်ရောင်တယ်။ အဆုတ်က ရောင်ပြီးတဲ့အခါ ဒဏ်ရာ ကျန်ခဲ့တတ်ပါတယ်။ ဒဏ်ရာကျန် ခဲ့ရင် ဓာတ်မှန်ရိုက်တဲ့အခါ အဲဒီဒဏ်ရာ ပေါ်နေတတ်ပါတယ်။

နိုင်ငံခြားကို အလုပ်သွားလုပ်တဲ့သူတွေဟာ ဆေးစစ် ရင် ဖြစ်နိုင်သလားဆိုတော့ နိုင်ငံခြားက ဆေးစစ်ရင် တီဘီ ရောဂါ ဖြစ်နိုင်သလားဆိုပြီး စိတ်ပူလို့ စစ်ကျခြင်းဖြစ်ပါ တယ်။ တီဘီရောဂါဟာ ကူးစက်တတ်တဲ့အတွက်ကြောင့်မို့ အလုပ်သွားလုပ်တဲ့သူတွေမှာ ဆေးစစ်ရခြင်းဖြစ်ပါတယ်။ ကိုဗစ်နဲ့ သိပ်မဆိုင်ဘူးလို့ ကျွန်တော် ယူဆရပါတယ်။

နောက် မေးခွန်းရှင်က ဆက်မေးထားတာက သူဆေးရုံဆင်းတဲ့အထိ Second Time နောက်တစ်ကြိမ် Swab မယူလိုက်တဲ့အတွက် စိတ်ပူပြီးမေးပါတယ်။ အဲဒီ တော့ တချို့သောသူတွေသည် ဟုတ်ပါတယ်၊ အာခေါင် တို့ဖတ် ပြန်မယူလိုက်တဲ့အတွက်ကြောင့်မို့ သူတို့တစ်တွေ ဟာ ရောဂါပျောက်တာ သေချာရဲ့လား၊ မသေချာဘူးလား ဆိုပြီး စိတ်ထဲမှာ ဒွိဟသံသယဖြစ်ကြမယ်လို့ နားလည်ရပါ တယ်။ အိမ်ပြန်ရောက်သော်လည်း သူများတကာကို ကူးစက်မှာ စိတ်ပူနေတယ်လို့ နားလည်ရပါတယ်။

**သိပ်နားမလည်သေး**

ယခင်ကတော့ အာခေါင်တို့ဖတ် နှစ်ကြိမ်၊ သုံးကြိမ် ပြန်ယူပါတယ်။ ပြန်ယူတဲ့အခါ တစ်ခါတစ်ရံ တွေ့ပါတယ်။ ပြန်တွေ့တဲ့အခါ ဆေးရုံပေါ်မှာ စစ်နေရတာတွေ၊ အကြာကြီး နေရတာတွေ ရှိပါတယ်။ တချို့တွေဆိုရင် အကြိမ်ကြိမ် ပြန်ယူ၊ အကြာကြီးနေရတာတွေ ရှိပါတယ်။ အဲဒါယခင် တုန်းက ကျွန်တော်တို့ ကိုဗစ်အကြောင်း သိပ်နားမလည် သေးလို့ ဖြစ်ရတာပါ။

နောက်ပိုင်း သုတေသန တွေ့ရှိချက်တွေအရ အာခေါင် တို့ဖတ် ပြန်ယူတဲ့အခါမှာ PCR Method နဲ့ ပြန်တွေ့တဲ့အရာ သည် အသက်ရှင်နေတဲ့ပိုး မဟုတ်ပါဘူး။ သူသည် ပိုးရဲ့ ဗီဇပစ္စည်းသာဖြစ်တဲ့အတွက်ကြောင့်မို့ ဒီဗီဇပစ္စည်း တွေ့ရှိရုံနဲ့တင် ရောဂါပိုးက ဆက်ရှိနေသေးတယ်။ ဒါမှ မဟုတ် ရောဂါပိုးက ကူးစက်နိုင်သေးတယ်လို့ အဓိပ္ပာယ် မထွက်ပါဘူး။

လောလောဆယ် သုတေသန တွေ့ရှိချက်တွေအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ လက်ခံထားတာက ရောဂါပိုးသည် ရောဂါစဖြစ်တာကနေ ၁၀ ရက်ကြာတဲ့အခါမှာ နေမကောင်း တဲ့ လက္ခဏာတွေ မရှိတော့ဘူးဆိုရင် ရောဂါပိုးက အခြားသူ ကို ကူးစက်နိုင်ခြင်း မရှိတော့ပါဘူး။ ဒါကြောင့် နောက်တစ်ခါ ပြန်စစ်ဖို့ မလိုတော့ဘူးလို့ ဆုံးဖြတ်ချက် ပေးထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံမှာလည်း ယခုပြန်ပြီးမစစ်တော့ဘဲ ဆေးရုံက ပေးဆင်းလိုက်ခြင်း ဖြစ်ပါတယ်။

နောက်ဆက်မေးထားတဲ့ မေးခွန်းတစ်ခုက သွေးအုပ်စုနဲ့ပတ်သက်ပြီး သွေးအုပ်စုအလိုက် ကိုဗစ် ရောဂါ ပြင်းထန်တာမျိုးရှိသလားလို့ မေးထားတာဖြစ်ပါ တယ်။ မဆိုင်ပါဘူးလို့ ဖြေပါရစေ။ ယခင် လွန်ခဲ့တဲ့ ၄/၅ လ လောက်တုန်းက တရုတ်နိုင်ငံမှာ ပြုလုပ်ခဲ့တဲ့ သုတေသနတွေမှာတော့ဖြင့် သွေးအုပ်စု **“အေ”** အမျိုး အစားက ပိုဖြစ်နိုင်တယ်၊ ပိုပြင်းထန်နိုင်တယ်လို့၊ **“အို”** က ပိုသက်သာနိုင်မယ်လို့ သုတေသနပြုခဲ့ပါတယ်။ ယခု မဟုတ်တော့ဘူးလို့ တွေ့ရှိရပါတယ်။

**ပိုပြီးပြင်းထန်နိုင်**

သို့သော်လည်း ကိုယ်ခံအားကျတဲ့သူတွေမှာ အထူး သဖြင့် ကင်ဆာရောဂါဖြစ်တဲ့သူတွေ၊ ကင်ဆာဆေးသုံးစွဲ နေရတဲ့သူတွေ ဒါမှမဟုတ် ခန္ဓာကိုယ်ထဲမှာ ကျောက်ကပ် တို့၊ အသည်းအစားထိုးထားတဲ့သူတွေဆိုရင် ကိုယ်ခံအား ကျနိုင်ပါတယ်။ အဲဒီလို လူမျိုးတွေမှာတော့ဖြင့် ရောဂါပိုး တွေ ပိုပြီးပြင်းထန်နိုင်တယ်ဆိုတာကို တွေ့ရှိရပါတယ်။

ရောဂါပိုးဟာ ကြာလာရင် တုပ်ကွေးလိုမျိုး အားပျော့သွားမလားဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဗိုင်းရပ်စ်ပိုးတွေဟာ ဗီဇပြောင်းလဲတတ်ပါတယ်။ ဗီဇ ပြောင်းလဲတဲ့အတွက်ကြောင့်မို့ “ပိုး” ရဲ့ ပြင်းထန်မှု လျော့သွားနိုင်သလားဆိုတာက ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ပိုဆိုးတာလည်း ဖြစ်နိုင်တာပဲ၊ ယခု အချိန်အထိက မတိကျသေးပါဘူး။ အဲဒီတော့ ပိုဆိုးလာမှာလား၊ ပိုကောင်းလာမှာလား မသိသေးတဲ့ အခါကျတော့ ပိုပြီး ဂရုစိုက်ကြတာပဲ အကောင်းဆုံးဖြစ်ပါတယ်။ နောက်ဗီဇ ပြောင်းလဲဖို့ နှစ်ကာလကြာမြင့်တဲ့အတွက် လောလော ဆယ်မှာ အဲဒါကို စိတ်ပူစရာ မလိုသေးဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။

**ဗိုင်းရပ်စ်ပိုးတွေဟာ ဗီဇပြောင်းလဲတတ်ပါတယ်။ ဗီဇပြောင်းလဲတဲ့အတွက်ကြောင့်မို့ “ပိုး” ရဲ့ ပြင်းထန်မှု လျော့သွားနိုင်သလားဆိုတာက ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ပိုဆိုးတာလည်း ဖြစ်နိုင်တာပဲ၊ ယခု အချိန်အထိက မတိကျသေးပါဘူး။ အဲဒီတော့ ပိုဆိုးလာမှာလား၊ ပိုကောင်းလာမှာလား မသိသေးတဲ့အခါကျတော့ ပိုပြီး ဂရုစိုက်ကြတာပဲ အကောင်းဆုံးဖြစ်ပါတယ်။ နောက်ဗီဇပြောင်းလဲဖို့ နှစ်ကာလကြာမြင့်တဲ့အတွက် လောလော ဆယ်မှာ အဲဒါကို စိတ်ပူစရာ မလိုသေးဘူး။**

**ပျောက်တယ်ဆိုတဲ့ဆေး မရှိသေး**

နောက်ဆုံးတစ်ခုအနေနဲ့ လောလောဆယ် အွန်လိုင်းပေါ်မှာတက်လာတဲ့ တချို့သော ဆေးဝါး တွေပေါ့နော်။ တိုင်းရင်းဆေးလို့ ပြောတာရှိတယ်။ မြန်မာ တိုင်းရင်းဆေးရော တခြားနေရာတွေက တိုင်းရင်းဆေး တွေရောမှာ ကိုဗစ်ကို ပျောက်တယ်ဆိုပြီး အဆိုပြုနေကြ တာ ရှိပါတယ်။ ကမ္ဘာ့ကျန်းမာရေးဌာနက သော်လည်း ကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သော်လည်းကောင်း၊ တိုင်းရင်းဆေးဆရာများ ဆေးကောင်စီ က သော်လည်းကောင်း အသိအမှတ်ပြုထားသော ပျောက်တယ်ဆိုတဲ့ဆေး မရှိသေးပါဘူး။ ဒါကြောင့်မို့ ဒါတွေကို မယုံကြပါနဲ့၊ တတ်ကျွမ်းနားလည်တဲ့ ဆရာဝန် တွေ၊ တိုင်းရင်းဆေးဆရာတွေနဲ့တိုင်ပင်ပြီး ဆေးကုသကြ ပါလို့ ကျွန်တော်အနေနဲ့ ပြောကြားလိုပါတယ်။

**ဒေါက်တာစည်သူအောင်**။ ။ ဆက်လက်ပြီး ဆေးရုံ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ မေးခွန်းတွေကို ဖြေကြားပေးဖို့အတွက် အဓိက ဆောင်ရွက်ပေးနေတဲ့ ဖောင်ကြီး ကိုဗစ် - ၁၉ ရောဂါ အထူးကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဆရာဒေါက်တာ ဦးကိုကိုနိုင်အနေနဲ့ မေးခွန်းတွေကို အားလုံးခြုံငုံပြီးတော့ ကြိုးစားဖြေဆိုပေးဖို့ မေတ္တာရပ်ခံပါတယ်။

**ဒေါက်တာကိုကိုနိုင်**။ ။ ကျွန်တော့်အနေနဲ့ လက်ရှိ ဖောင်ကြီး ကိုဗစ် - ၁၉ ကုသရေးစင်တာမှာ ဆေးရုံအုပ်ကြီးတာဝန်နဲ့ တွဲဖက် ထမ်းဆောင်နေပါတယ်။ ကျွန်တော်ရဲ့ မူရင်းတာဝန်က မင်္ဂလာဒုံ HIV အထူးကုဆေးရုံကြီးရဲ့ ဆေးရုံအုပ်ကြီးဖြစ်ပါ တယ်။

**ကြိုတင်ပြင်ဆင် တည်ထောင်ခဲ့**

လက်ရှိဖောင်ကြီး ကိုဗစ်ကုသရေးစင်တာက ကျွန်တော်တို့နိုင်ငံမှာ ကိုဗစ်အကြီးအကျယ် မဖြစ်ပွား ခင်ကတည်းက ကြိုတင်ပြီးတော့ အဆိုးဆုံးတွေဖြစ်လာ ခဲ့ရင် ရင်ဆိုင်နိုင်အောင်ဆိုပြီး ကြိုတင်ပြင်ဆင်ပြီး တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း ဖောင်ကြီး ကိုဗစ်ကုသရေးစင်တာက အကြီးဆုံးနဲ့ အများဆုံး ကုသပေးနိုင်တဲ့ ကုသရေးဌာနတစ်ခုလည်း ဖြစ်ပါတယ်။ လက်ရှိမှာ နေ့စဉ် လူနာ ၁၁၀၀ ကနေ ၁၂၀၀ ဝန်းကျင် အမြဲတမ်းကုသလျက်ရှိပြီး ICU မှာလည်း လူနာစုစုပေါင်း ၃၇ ယောက်အထိ ထားရှိကုသပေးနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။

စာမျက်နှာ ၈ သို့ *

# ကိုဗစ်-၁၉ အမေး/အဖြေ

✻ စာမျက်နှာ ၇ မှ

လက်ရှိမှာ လူနာဆောင် ၁၀ ဆောင်နဲ့ ICU ၄ ခုနဲ့ ကျွန်တော်တို့ ကုသပေးလျက်ရှိပါတယ်။

အမေးများတဲ့ မေးခွန်းတွေက **ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘယ်ဆေးရုံတွေနဲ့ ကုသရေးစင်တာတွေမှာ ICU တွေ ဘယ်လောက်ရှိသလဲ၊ အောက်ဆီဂျင်ပေးနိုင်တာတွေ ဘယ်လောက်ရှိတာလဲ** ဆိုတာကို ပြည်သူများလည်းသိရှိအောင် ကျွန်တော့်အနေနဲ့ အရင်ဆုံး တင်ပြဆွေးနွေးလိုပါတယ်။

**ကုသရေးစင်တာ ၁၅ ခုရှိ**

ဆေးရုံကြီးတွေက အဓိကအနေနဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီး၊ တောင်ဥက္ကလာပအထူးကုဆေးရုံကြီး၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးနဲ့ မြောက်ဥက္ကလာပဆေးရုံကြီး၊ ဆေးရုံကြီး ၅ ခုပါ။ ကိုဗစ်ကုသရေးစင်တာတွေနဲ့ ကိုဗစ် – ၁၉ ကုသရေးဌာနပေါင်းက ယခုဆိုလျှင် စုစုပေါင်း ၁၅ ခု ရှိသွားပါပြီ။

ကျွန်တော်တို့ အကြီးဆုံးကတော့ ကိုဗစ် – ၁၉ ကုသရေးဌာန ဖောင်ကြီးဖြစ်ပါတယ်။ နောက် ဒဂုံဆိပ်ကမ်းမှာ ရိုးမ(၁)၊ ရိုးမ(၂) ဆိုပြီးရှိပါတယ်။ လှိုင်(မြတ်လေး) ရှိပါတယ်။ သုဝဏ္ဏမှာလည်း ရှိပါတယ်။ ဒဂုံတောင်မှာဆိုရင် အောင်မြင့်မိုရ်မှာ (၁)၊ (၂) ရှိပါတယ်။ ရန်ကင်းပညာရေးကောလိပ် ရှိပါတယ်။ အမျိုးသားယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှာလည်း ရှိပါတယ်။ Fortune Plaza သာကေတမှာလည်း တစ်ခုရှိပါတယ်။ မရမ်းကုန်းအင်းယားစင်တာမှာလည်း တစ်ခုရှိပါတယ်။ နောက် ကိုဗစ် – ၁၉ ကုသရေးဌာန(ဗိုလ်တထောင်)နဲ့ ကမ္ဘာအေးသံဃာ့ဆေးရုံဆိုပြီး ကိုဗစ် – ၁၉ ကုသရေးစင်တာ စုစုပေါင်း ၁၅ ခုအထိ တည်ထောင်ထားပြီး ဖြစ်ပါတယ်။

လက်ရှိမှာ ဒီအကြီးဆုံး ဆေးရုံကြီး ၅ ခုနဲ့ ကိုဗစ်–၁၉ ကုသရေးစင်တာ ၁၅ ခု စုစုပေါင်း ၂၀ မှာဆိုရင် ပိုးတွေ့လူနာပေါင်း၊ ခုတင်ပေါင်းက ၉၄၆၈ လက်ရှိရှိနေတာဖြစ်ပါတယ်။ ICU ခုတင်ပေါင်း ၁၄၂ ခုရှိပါတယ်။ ICU အားလုံးမှာလည်း Ventilator(အသက်ရှူစက်) တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ ပစ္စည်းကိရိယာအပြည့်အစုံ တပ်ဆင်ထားတာ ဖြစ်ပါတယ်။ အောက်ဆီဂျင်ပေးနိုင်မှုအနေနဲ့ ဖောင်ကြီးမှာ အောက်ဆီဂျင်ပိုက်လိုင်းတွေ ခုတင် ၁၄၀ တပ်ဆင်ထားပြီး Liquid အောက်ဆီဂျင်ကို အသုံးပြုလျက်ရှိပါတယ်။ Liquid အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်းမထားနိုင်သေးတဲ့ လူနာဆောင်တွေမှာ Oxygen Concentrator စက်တွေနဲ့ အောက်ဆီဂျင်ပေးနေတာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ဆေးရုံကြီး ၅ ခုနဲ့ ကိုဗစ်စင်တာ ၁၅ ခု စုစုပေါင်း ၂၀ မှာဆိုရင် အောက်ဆီဂျင်ပေးနိုင်တဲ့ ခုတင်အားလုံးပေါင်းလိုက်ရင် ၁၀၀၀ အတိရှိပါတယ်။ စုစုပေါင်း ကိုဗစ်လူနာတွေအားလုံးကုနိုင်တဲ့ ခုတင်အရေအတွက်က ရန်ကုန်မြို့ပေါ်နဲ့ ကိုဗစ်စင်တာတွေပေါင်းမယ်ဆိုရင် ၁၀၆၁၀ အထိ လက်ရှိအခြေအနေမှာ ရှိပါတယ်။

အစပိုင်းတွေမှာ ဖောင်ကြီးကုသရေးစင်တာ ပြင်ဆင်ထားတဲ့အတွက် ရန်ကုန်မြို့မှာ ဖောင်ကြီးက အရင်ဆုံးထိန်းထားနိုင်တဲ့အတွက် အခြားကိုဗစ်စင်တာတွေ ပြင်ဆင်ဖို့ အချိန်ရသွားပါတယ်။

ဖောင်ကြီးမှာ လူနာ ၁၂၀၀ လောက်ထည့်နေတဲ့ အချိန်မှာ အခြားကိုဗစ်စင်တာတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ပြင်ဆင်လာတဲ့အတွက် ပထမပိုင်းကတော့ နောက်ကလိုက်နေရပါတယ်။ လူနာတွေက Positive ထွက်တာတွေ အလွန်များပြီး ထားနိုင်တဲ့ဆေးရုံတွေက လိုအပ်နေတဲ့အတွက် ပထမပိုင်းမှာ လူနာတွေက Positive လူနာတွေကို နေ့စဉ်ထားနိုင်ဖို့ မနည်းလိုက်နေရပါတယ်။

**လူနာ ၁၀၀၀၀ ကျော် လက်ခံနိုင်**

အခုနောက်ပိုင်းမှာ လူနာအရေအတွက် ထွက်တာရယ်၊ ဆေးရုံဆင်းပေးလိုက်တဲ့ အရေအတွက်ရယ် စုစုပေါင်းလူနာ ၁၀၀၀၀ ကျော်လက်ခံနိုင်ပြီဖြစ်တဲ့အတွက် တစ်နေ့မှာ ၁၀၀၀ ကျော်လောက် Positive ထွက်မယ်ဆိုရင်ကို ကျွန်တော်တို့က ၁၀၀၀ ကျော်လောက် လက်ခံနိုင်တဲ့ အခြေအနေဖြစ်နေတဲ့အတွက် ပုံမှန်လည်ပတ်သွားနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုပဲ အောက်ဆီဂျင် လိုအပ်ချက်ဟာလည်း လူနာတွေ များလာတာနဲ့အမျှ အောက်ဆီဂျင်ပိုက်လိုင်းတွေကို တိုးချဲ့တပ်ဆင်လျက်ရှိပါတယ်။ မြောက်ဥက္ကလာပဆေးရုံကြီးမှာလည်း Liquid Tank တွေနဲ့ ပြင်ဆင်နေပါတယ်။ ဖောင်ကြီးမှာလည်း နောက်ထပ်ခုတင် ၁၂၀ ဆံ့တဲ့ လူနာဆောင် ၂ ဆောင် လူနာ ၂၄၀ စာကို အောက်ဆီဂျင်ပိုက်လိုင်းတွေ Liquid Tank ထပ်မံတိုးချဲ့တပ်ဆင်ဖို့ ပြင်ဆင်ထားရှိပါတယ်။

နောက်ထပ်လည်း ခတ်ခွဲအဆောက်အအုံအသစ်တွေ တိုးချဲ့ပြီးဆောက်လုပ်ဖို့နဲ့ ခတ်ခွဲရုံ ထပ်မံအဆင့်မြှင့်တင်ဖို့ရယ်၊ နောက်ထပ်လိုအပ်တဲ့ အဆောက်အအုံတွေ တည်ဆောက်ဖို့လည်း စီစဉ်လျက်ရှိပါတယ်။ ဒါကတော့ လက်ရှိ ရန်ကုန်တိုင်းဒေသကြီးမှာ ကိုဗစ် – ၁၉ ကုသရေးစင်တာတွေနဲ့ ဆေးရုံကြီးတွေရဲ့ ပြင်ဆင်ထားရှိမှုအခြေအနေတွေကို ပြည်သူတွေအားလုံးသိရှိပြီး စိတ်အေးရအောင် တင်ပြခြင်းဖြစ်ပါတယ်။

**နေ့စဉ် ကြုံတွေ့နေရ**

နောက်တစ်ခု အမေးများတာက လက်ရှိမှာ အားလုံးလည်းရင်ဆိုင်နေရတဲ့ ကိုဗစ်လူနာတချို့ အသက်ကြီးတဲ့အရွယ်၊ မိဘအရွယ်တွေက သူတို့မှာ ရောဂါအခံတွေလည်း ရှိတဲ့အတွက် ကိုဗစ်ကူးစက်ခံရတဲ့အခါမှာ သူတို့က ဆေးရုံရောက်ရှိလာပါတယ်။ ဖောင်ကြီးဆေးရုံ ရောက်ရှိလာတဲ့အခါ Primary Contact တွေဖြစ်တဲ့ သားသမီးတွေ၊ မြေးတွေက ကွာရန်တင်းစင်တာတွေမှာ ရောက်နေတယ်။ တချို့ကလည်း ထိတွေ့မှုမရှိပါဘဲ နေအိမ်မှာဖြစ်ပြီး သူက Negative အခြေအနေမှာရှိပြီး Positive မိဘတွေ၊ အဘိုးအဘွားတွေကို လိုက်လံပြုစုစောင့်ရှောက်ချင်တဲ့ အခြေအနေတွေလည်း နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရပါတယ်။

ဖောင်ကြီးမှာ လူနာ ၁၀၀၀ ကျော်ထားကတည်းက ဒီကိစ္စလေးတွေက အမြဲတမ်းပဲ ကျွန်တော်တို့ဆီကို ဖုန်းတွေဆက်ပြီးတော့လည်း အကူအညီတောင်းကြတယ်။ Positive ဖြစ်သွားတဲ့ သားသမီးတွေ၊ ဇနီး၊ ခင်ပွန်းတွေအတွက် ပြုစုစောင့်ရှောက်မယ်ဆိုရင် မိသားစုပေါင်းစည်းရေးနဲ့ ဖောင်ကြီးမှာရှိနေတဲ့ မိဘတွေဆီ၊ သူတို့ရဲ့ ဇနီး၊ ခင်ပွန်းသည်တွေဆီကို ကျွန်တော်တို့က အဆင်အပြေဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

> **လက်ရှိမှာ ဒီအကြီးဆုံး ဆေးရုံကြီး ၅ ခုနဲ့ ကိုဗစ်- ၁၉ ကုသရေးစင်တာ ၁၅ ခု စုစုပေါင်း ၂၀ မှာဆိုရင် ပိုးတွေ့လူနာပေါင်း၊ ခုတင်ပေါင်းက ၉၄၆၈ လက်ရှိ ရှိနေတာဖြစ်ပါတယ်။ ICU ခုတင်ပေါင်း ၁၄၂ ခုရှိပါတယ်။ ICU အားလုံးမှာလည်း Ventilator(အသက်ရှူစက်) တပ်ဆင်ထားပြီး ဖြစ်ပါတယ်။ ပစ္စည်းကိရိယာအပြည့်အစုံ တပ်ဆင်ထားတာဖြစ်ပါတယ်။ အောက်ဆီဂျင်ပေးနိုင်မှုအနေနဲ့ ဖောင်ကြီးမှာ အောက်ဆီဂျင်ပိုက်လိုင်းတွေ ခုတင် ၁၄၀ တပ်ဆင်ထားပြီး Liquid အောက်ဆီဂျင်ကို အသုံးပြုလျက်ရှိပါတယ်။ Liquid အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်းမထားနိုင်သေးတဲ့ လူနာဆောင် တွေမှာ Oxygen Concentrator စက်တွေနဲ့ အောက်ဆီဂျင်ပေးနေတာ ဖြစ်ပါတယ်။**

အခုအချိန်ထိ Positive လူနာတွေဆီကို Negative လူနာစောင့်ရှောက်သူတွေ ဆေးရုံထဲမှာလာပြီး ပြုစုစောင့်ရှောက်တာတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ခွင့်ပြုထားတာ မရှိသေးပါဘူး။ ကိုဗစ်ရဲ့သဘောသဘာဝအရ ကူးစက်မှုမရှိသေးတဲ့သူတွေကို ရောဂါမကူးစက်အောင် အတတ်နိုင်ဆုံး ကာကွယ်တားဆီးထားရတာ ဖြစ်ပါတယ်။

**ပြုစုစောင့်ရှောက်ဖို့ စီစဉ်ထား**

ဒါကြောင့် Containment Strategy ကို အပြင်းအထန်နဲ့ အတတ်နိုင်ဆုံး ကြိုးစားပြီး ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ မိဘပြည်သူတွေ၊ လူကြီးတွေကို ပြုစုစောင့်ရှောက်ဖို့ဆိုပြီး Volunteer တွေစီစဉ်ထားရှိပါတယ်။ အတွင်းမှာ ကူးစက်ခံထားရတဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဆရာဝန်တွေ၊ သူနာပြုတွေ၊ အထွေထွေလုပ်သားတွေ၊ အခြားကျန်းမာရေးဝန်ထမ်းတွေလည်း ရှိပါတယ်။

နောက်တစ်ခုက သန်သန်မာမာ၊ ကျန်းကျန်းမာမာ ဖြစ်နေတဲ့ လူနာတွေလည်း ရှိပါတယ်။ သူတို့ကို အကူအညီတောင်းပြီး Care Giver လိုနေတဲ့ လူနာတွေ၊ သက်ကြီးရွယ်အိုတွေကို ပြုစုစောင့်ရှောက်စေပါတယ်။ ကျွန်တော်တို့ ကြိုးစားပြီး အဆင်အပြေဆုံးဖြစ်အောင်၊ သူနာပြု ဆရာမလေးတွေဆိုရင်လည်း လူကြီးတွေကို အစာအာဟာရကျွေးတာတွေကအစ ကူညီပြီး ဆောင်ရွက်စေပါတယ်။ ပြည်သူတွေအနေနဲ့လည်း အခြေအနေတွေကို နားလည်ပေးဖို့ လိုပါတယ်။

အဓိကကတော့ ကိုဗစ်–၁၉ မပြန့်ပွားရေးနဲ့ ပိုမိုမဆိုးရွားသွားရေးအတွက် အားလုံးကို လုပ်လို့ရသလောက် ကြိုးစားပြီး ဆောင်ရွက်ပေးပါမယ်။ လုပ်ပေးလို့မရတဲ့ အတိုင်းအတာတွေ၊ ကိုဗစ်ကြောင့် မကူညီနိုင်ခဲ့တာတွေအတွက် နားလည်ပေးပါလို့ ပြောကြားလိုပါတယ်။

ဆေးရုံတွေနဲ့ ဖောင်ကြီးမှာ လူနာတစ်ယောက် ဆင်းသွားပြီဆိုရင် အဲဒီအခန်း တစ်ခုလုံးကို Disinfection လုပ်ပြီး လူနာခန်းအကုန်လုံးကို သန့်စင်ဆောင်ရွက်ပါတယ်။ ဘယ် လောက်အထိ လုပ်သလဲဆိုရင် လူနာအသုံးအဆောင်ပစ္စည်းတွေအကုန်လုံးကို Incinerator အကြီးကြီးတွေ တည်ဆောက်ထားတာရှိပါတယ်။ အဲဒီအထဲမှာ အကုန်စွန့်ပစ်ပြီးမှ အသစ်တွေ ပြန်ထည့်ပါတယ်။

အချို့ဆိုရင် ဒီပစ္စည်းတွေကို ပြန်သုံးလို့ရပါတယ်။ အဲဒီလိုလည်းသုံးစေချင်ပါတယ်လို့ အကြံပြုတာတွေလည်း ရှိပါတယ်။ အခုနောက်ပိုင်းမှာ အသုံးအဆောင်တွေ၊ မွေ့ရာတွေ၊ အိပ်ရာခင်းတို့၊ ခေါင်းအုံးတို့ကိုထားပြီး အခင်းတွေကိုပဲ Incinerator တွေထဲထည့် မီးရှို့ဖျက်ဆီးပြီး မွေ့ရာတွေကို သားရေအစွပ်တွေနဲ့ပြန်ပြီး ပိုးသတ်ဆေးတွေ၊ ရေတွေနဲ့ သန့်ရှင်းရေးလုပ်ပြီး ရောဂါပိုးကင်းစင်အောင် သန့်စင်ပြီးမှသာ လူနာတွေထားဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**Double Negative**

နောက်တစ်ခုက ကိုဗစ် Positive ဖြစ်ပြီး ဆေးရုံက ဆင်းသွားတဲ့ လူနာတွေ၊ ဆေးကုခံပြီးတဲ့ လူနာတွေက ဟိုအရင်တုန်းက လူနာတွေ ဆေးရုံဆင်းရင် Negative တောင်မှ Double Negative ဖြစ်ပြီးမှ ဆေးရုံက ဆင်းပေးပါတယ်။

အခု Second Wave မှာ နောက်ဆုံး Strategy အရ သတ်မှတ်ထားတဲ့ DC Criteria တွေနဲ့ ဆေးရုံဆင်းပေးလိုက်တာဖြစ်တဲ့အတွက် တချို့ဆေးရုံဆင်းတဲ့လူတွေမှာ အရင်တစ်ခါတုန်းကလိုပဲ သူတို့က Swab ယူစစ်ဆေးပြီးတော့ Negative ဖြစ်မှ ဆင်းပေးတာမျိုး မဟုတ်တဲ့အတွက် အမြဲတမ်းရှင်းပြနေရပါတယ်။ ဆင်းပေးလိုက်တာဟာ ကိုယ်ကနေ အခြားသူတွေကို လုံးဝကူးစက်မှု မဖြစ်နိုင်တော့တဲ့အတွက် ရောဂါလက္ခဏာ မရှိတဲ့လူတွေ၊ စိတ်ချရတဲ့လူတွေကိုပဲ ဆင်းပေးတာဖြစ်တဲ့အတွက် သူတို့အနေနဲ့ စိုးရိမ်ပူပန်မှုမရှိဖို့ သေချာမှာလိုက်ပါတယ်။ သူတို့စိုးရိမ်မှာစိုးလို့ မိမိတို့အိမ်ရောက်ရင်လည်း တစ်ပတ်လောက် မိသားစုနဲ့ ခွဲနေ၊ သီးသန့်အခန်းလေးထဲမှာနေ၊ တစ်ပတ်နေမှ မိသားစုနဲ့ပြန်နေလို့ရပါတယ်လို့ သေချာမှာလိုက်ပါတယ်။

**ယုံကြည်စိတ်ချစေလို**

ဒါတောင် သူတို့ရဲ့ စိတ်ထဲမှာကျတော့ သူတို့က စစ်ချင်နေတာပေါ့နော်။ အမှန်တကယ်တမ်းတော့ စစ်ဖို့လည်း မလိုအပ်ပါဘူး။ သူတို့ကူးစက်မှု မဖြစ်နိုင်တော့တာကို သေချာလို့ ဆေးရုံကနေ ဆင်းပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီအပေါ်မှာ ယုံကြည်စိတ်ချဖို့ လိုပါတယ်။ စစ်မယ်ဆိုရင်လည်း အရင် Double Negative တွေတုန်းကဆိုရင် တချို့ Negative ဖြစ်ဖို့ ၁၂ ကြိမ်/၁၃ ကြိမ်လောက် စစ်မှသာ သူက Negative ဖြစ်တဲ့ အခြေအနေတွေ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့်ဟာကိုယ် စစ်ကြည့်လိုက်လို့ Positive တွေ့နေတယ်ဆိုရင်လည်း စိုးရိမ်ပူပန်မှုမဖြစ်ပါနဲ့။ ကူးစက်မှုတော့ မရှိနိုင်တော့ပါဘူး။ Positive ကတော့ ရှိနေနိုင်ပါသေးတယ်။ သို့သော်လည်း အခြားသူကို ကူးစက်နိုင်မှု မရှိဘူးဆိုတာကိုတော့ ယုံကြည်စိတ်ချစေလိုပါတယ်။

**ဒေါက်တာစည်သူအောင်။** ။ တတိယပိုင်း မေးခွန်းအနေနဲ့ ကူးစက်ပြန့်ပွားထိန်းချုပ်ခြင်းဆိုင်ရာ မေးခွန်းတချို့ကိုတော့ ကျွန်တော်ကိုယ်တိုင်ပဲ ဖြေကြားပေးပါမယ်။ မေးထားတာက **အဖျားတငွေ့ငွေ့ ရှိနေတယ်။ ချောင်းဆိုးတယ်။ အားကုန်သလိုဖြစ်တယ်။ အနံ့ကတော့ ရပါတယ်။ ချောင်းဆိုးတာကတော့ ၁၀ ရက်ကျော်လောက်ရှိပါပြီ။ ဘာဖြစ်နိုင်မလဲ သိချင်ပါတယ်** ဆိုပြီး မေးထားပါတယ်။

ဒါက ကိုဗစ် – ၁၉ ရဲ့ အဓိကလက္ခဏာ တော်တော်များများက ဒီမှာပါနေတာကို ကျွန်တော့်အနေနဲ့ ပြောလိုပါတယ်။ အနံ့ကတော့ရတယ်ဆရာလို့လည်း ပြောထားပါတယ်။ ကိုဗစ် – ၁၉ ရဲ့ ရောဂါလက္ခဏာတွေထဲမှာ အနံ့ပျောက်တာကလည်း အခုအတော်အဖြစ်များတဲ့အချိန်မှာ ဒါကို ကိုဗစ် – ၁၉ သံသယလူနာထဲမှာထည့်တော့ ထည့်ထားရမယ်။

နောက်တစ်ခုက အလားတူ ပုံစံတွေနဲ့လာနိုင်တာက ကိုဗစ် – ၁၉ ရဲ့ ရောဂါကူးစက်ပြန့်ပွားပုံ၊ လေကနေတစ်ဆင့်၊ အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ပြန့်ပွားတာချင်းရော ဆင်တူလိုဖြစ်တဲ့ ရောဂါလက္ခဏာတစ်ခုက တီဘီရောဂါဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ တီဘီရောဂါက အများဆုံး ဖြစ်ပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း ဖြစ်ပါတယ်။

ဒီတော့ ကိုဗစ် – ၁၉ ရောဂါနဲ့ တီဘီရောဂါကို ခွဲခြားပြီး ရောဂါကိုရှာဖွေဖို့ လိုအပ်ပါတယ်။ ဒီလို ရောဂါလက္ခဏာတွေ ရှိလာပြီဆိုရင် ကိုဗစ် – ၁၉ နဲ့ပတ်သက်တဲ့ ရောဂါရှာဖွေရေးနဲ့ ကုသရေးဆိုင်ရာ ကိုဗစ်စင်တာတွေ၊ ဆေးရုံကြီးတွေ ရှိပါတယ်။ ဒီမေးခွန်းအပေါ် ဒီလိုမျိုး ဖြေဆိုပေးချင်ပါတယ်။

နောက်မေးခွန်း ၂ ခုက **ကျန်းမာရေးဝန်ထမ်းတွေအတွက် N95 Respirators ဆိုတာ ဘာလဲ** မေးထားပါတယ်။ နောက်တစ်ခုက **ဒီ N95 Respirators အမျိုးအစားဘယ်နှခုရှိပါသလဲ။ ဆေးရုံ၊ ဆေးခန်းတွေမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေအားလုံးဟာ ဒီ N95 မဝတ်ဆင်ခင်မှာ သိသင့်သိထိုက်တာတွေ၊ ဘာတွေသိထားဖို့လိုအပ်ပါသလဲ** ဆိုပြီး မေးထားပါတယ်။

ပထမ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေရမယ်ဆိုရင် N95 Respirators ရဲ့ N ဆိုတာ အင်္ဂလိပ်လို Not Resistance to Oil အဆီကို အခြေခံတဲ့အမှုန်အမွှားတွေကို သူက မကာကွယ်ပေးနိုင်ဘူး၊ Aerosol အမှုန်အမွှားလေးတွေကို ၀ ဒသမ ၃ မိုက်ခရွန်အထိ သေးငယ်တဲ့ Aerosol အမှုန်အမွှားလေးတွေကို ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်တဲ့ အရည်အသွေး၊ အစွမ်းသတ္တိရှိတယ်ဆိုတဲ့ သဘောပါ။

**အထူးပြုလုပ်ထား**

ဒီ N95 Respirators ကို ကျန်းမာရေးဝန်ထမ်းတွေအတွက် ကိုဗစ် – ၁၉ လူနာတွေကို ကြည့်ရှုစောင့်ရှောက်ပေးနေတဲ့ ဆေးရုံ၊ ဆေးခန်းလုပ်ငန်းခွင်တွေမှာ တာဝန်ယူဆောင်ရွက်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေအားလုံး၊ ခတ်ခွဲဝန်ထမ်းတွေအားလုံး၊ ခတ်ခွဲခတ်မှန်ဝန်ထမ်းတွေ အားလုံးအတွက် အထူးပြုလုပ်ထားတဲ့ N95 Respirators အမျိုးအစားကိုပဲ အသုံးပြုရမှာ ဖြစ်ပါတယ်။ ဒါကို အရည်အသွေးပိုင်းဆိုင်ရာမှာ Quality Assurance အရည်အသွေးကို သေချာလေး စစ်ဆေးပြီးတော့မှသာ အသုံးပြုဖို့လိုအပ်ပါတယ်။ စနစ်တကျသတ်မှတ်ထားတဲ့ Infection Control Guideline အတိုင်း Standard Operating Procedure အတိုင်း အသုံးပြုရမှာ ဖြစ်ပါတယ်။

နောက်မေးခွန်းတစ်ခုက **ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ N95 Respirators ကို အသုံးမပြုခင်မှာ ဘာတွေသိထားသင့်ပါသလဲတဲ့ ဒီမေးခွန်းကို ဆက်မေးထားပါတယ်။** ဒါကို အချက် ၇ ချက်နဲ့တင်ပြပါမယ်။ ပထမအချက်က အမေရိကန်ပြည်ထောင်စု ကူးစက်ရောဂါထိန်းချုပ်ရေးဌာနမှာရှိတဲ့ အမျိုးသားလုပ်ငန်းခွင် လုံခြုံရေးနှင့် ကျန်းမာရေးဌာနက အသိအမှတ်ပြုထားတဲ့ အတိုကောက်ဆိုရင်တော့ NIOSH Approved N95 ကို ရွေးချယ်အသုံးပြုရမှာ ဖြစ်ပါတယ်။

ဒီ N95 တွေမှာ NIOSH ဆိုတဲ့စာတမ်းကို သေချာလေး ဂရုစိုက်ပြီးကြည့်ရမှာ ဖြစ်ပါတယ်။ ဒုတိယတစ်ချက်အနေနဲ့ Expired Date ပါ။ N95 ဘူးတွေမှာ Expired Date ပါပါတယ်။ Expired Date ကိုလည်း သေချာကြည့်ရှုပြီး သုံးစွဲဖို့လိုပါတယ်။

နံပါတ် ၃ အနေနဲ့ Expired Date ကောင်းပေမယ့်လို့ တစ်ခါတလေ Storage ကြာသွားတာပဲဖြစ်ဖြစ်၊ Storage မကောင်းလို့ မှိုတက်တာတို့ ဖြစ်တတ်ပါတယ်။ ဒါကြောင့် အပြင်ပန်း Physical Quality ကို သေချာကြည့်ရှုစစ်ဆေးပြီးတော့မှ သုံးစွဲဖို့ လိုအပ်ပါတယ်။ နံပါတ် ၄ က ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ တစ်ခါတလေ သတိလက်လွတ်ဖြစ်ပြီး မိမိတစ်ယောက်တည်း သုံးရမယ့်ဟာကို တခြားလူနဲ့ Share လုပ်ပြီး မသုံးရပါဘူး။

နောက်တစ်ခုက N95 ရဲ့ မျက်နှာဘက် အတွင်းမျက်နှာစာကို လက်နဲ့ မထိရပါဘူး။ ဒါကလည်း အင်မတန်သတိထားရမယ့် အပိုင်းဖြစ်ပါတယ်။ N95 ရဲ့အတွင်းပိုင်းက များသောအားဖြင့် သန့်ရှင်းနေတဲ့အပိုင်း ဖြစ်ပါတယ်။ လက်နဲ့သွားထိလိုက်မယ်ဆိုရင် လက်ကနေတစ်ဆင့် ရောဂါပိုးတွေ ကူးစက်ဝင်ရောက်နိုင်ပြီး Infection ရနိုင်ပါတယ်။

နောက်တစ်ချက်က Size ပါ။ N95 ရဲ့ အမျိုးအစား ၂ မျိုးရှိပါတယ်။

စာမျက်နှာ ၉ သို့ ✻

# ကိုဗစ်-၁၉ အမေး/အဖြေနှင့် သတင်း



* စာမျက်နှာ ၈ မှ

Medium Size နဲ့ Small Size ပါ။ 1860 နဲ့ 1860s ဆိုပြီး နှစ်မျိုးရှိပါတယ်။ အဲဒီမှာ များသောအားဖြင့် အမျိုးသား ကျန်းမာရေးဝန်ထမ်းတွေက Medium Size ကို အသုံးပြုပြီး အမျိုးသမီးကျန်းမာရေးဝန်ထမ်းတွေက 1860s Small Size ကို အသုံးပြုကြတာများပါတယ်။

အမျိုးသားတွေမှာ 1860s Small Size ကို အသုံးပြုမယ်ဆိုရင် အသက်ရှူကျပ်ပြီး အဆင်မပြေပါဘူး။ ထို့အတူ အမျိုးသမီး ကျန်းမာရေးဝန်ထမ်းတွေကလည်း ကိုယ့်ထက် Size ကြီးတဲ့ Medium Size ကို သုံးမယ်ဆိုရင် N95 နဲ့ မျက်နှာနဲ့ကြားမှာ လေဟာနယ်ဖြစ်ပေါ်ပြီး ဟနေတဲ့ နေရာကနေ ရောဂါပိုးတွေ ကူးစက်ဝင်ရောက်နိုင်ပြီး Infection ရနိုင်ပါတယ်။

နောက်တစ်ချက်က N95 ကို မဝတ်ဆင်ခင်နဲ့ ပြန်ပြီး ချွတ်တဲ့အခါမှာ ဒါကလည်း အရမ်းသတိထားရပါတယ်။ ဒါလေးကို သေချာတပ်ဆင်တဲ့အခါမှာလည်း ညွှန်ကြားထားတဲ့အတိုင်း တပ်ဆင်ဖို့နဲ့ ဖြုတ်တဲ့အခါမှာလည်း Standard Operating Procedure, Infection Control Guideline မှာ ပြဋ္ဌာန်းထားတဲ့ ညွှန်ကြားချက်အတိုင်း ပြန်ချွတ်ဖို့လိုအပ်ပါတယ်။

ဒီလို မဝတ်ဆင်ခင်နဲ့ ချွတ်အပြီးမှာ လက်ကို စနစ်တကျ ရေနဲ့ဆပ်ပြာ စက္ကန့် ၂၀ ကြာအောင် ပြန်ပြီး Hand Washing လုပ်ဖို့ လိုအပ်သလို သို့မဟုတ်ပါက လက်ကို လက်သန့်ဆေးရည်နဲ့ ပြန်ပြီး ဆေးကြောသန့်စင်ဖို့ လိုအပ်ပါတယ်။

နောက်ဆုံး အရေးကြီးတဲ့တစ်ချက်က Fit Testing ပါ။ N95 တွေကို အသုံးမပြုခင်မှာ ကိုယ်သုံးတဲ့အခါ လုံ/မလုံ၊ Fit ဖြစ်/မဖြစ် ဒါကို စမ်းသပ်ရပါတယ်။ Fit Testing နဲ့ စမ်းခြင်းအားဖြင့် ကိုယ်နဲ့ မလုံဘူး၊ Fit မဖြစ်ဘူးဆိုရင်လည်း အပြင်ကနေ ရောဂါ Infection တွေ ကိုယ့်ဆီကို ကူးစက်ဝင်ရောက်လာနိုင်ပါတယ်။ N95 တပ်ဆင်တဲ့အခါ ဆောင်ရန်/ရှောင်ရန်လေးတွေကို သိထားပြီး ကျန်းမာရေးဝန်ထမ်းတွေအားလုံး ကိုဗစ် – ၁၉ ရောဂါ ကူးစက်ခြင်းကနေ သတိထားပြီးတော့ ရှောင်ရှားလို့ ရပါတယ်။ ကျွန်တော့်အနေနဲ့ ရောဂါကူးစက်ထိန်းချုပ်ခြင်းဆိုင်ရာ မေးခွန်းတချို့ကို အခုလို ပြန်လည်ဖြေကြားပေးချင်ပါတယ်။ မိဘပြည်သူတွေအနေနဲ့ ဖြေဆိုမှုအပေါ်မှာ အားလုံး အဆင်ပြေကျေနပ်မှုရှိကြလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ရုံးခွဲရှိ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့် ပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၅**

ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် အကျုံးဝင်သော လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် လူမှုဖူလုံရေးရုံး ရွှေလင်ပန်းစက်မှုဇုန် ရုံးခွဲ၌ Haug Kei Myanmar အထည်ချုပ် Myanmar Full Win Co.,Ltd.၊ Ka Hung Myanmar Jim Brother Co.,Ltd.၊ Sphuix Myanmar Co.,Ltd.၊ Myanmar Roug Wei၊ ဦးစိမ်း ပဲဂိုဒေါင် အလုပ်ဌာနများမှ အာမခံ အလုပ်သမားများအား ယနေ့ မွန်းလွဲပိုင်းတွင် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို ချက်လက်မှတ်ဖြင့် ထုတ်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းကို မြို့နယ်လူမှုဖူလုံရေးရုံး ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲ တာဝန်ခံ ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်က ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ခြောက်ခု၊ အာမခံအလုပ်သမား ၂၇၁၅ ဦးတို့အတွက် ငွေကျပ် ၁၅၇၉၈၂၃၇ ကို ချက်လက်မှတ်ဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ တာဝန်ခံ ကိုယ်စားလှယ်များကို ပေးအပ်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ် (၁၀၇/၂၀၂၀)အရ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်နိုင်ရေးအတွက် ယာယီပိတ်သိမ်းခဲ့သည့် စက်ရုံများမှ အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း တာဝန်ခံ ဦးစီးအရာရှိထံမှ သိရသည်။

**ဉာဏ်ဟိန်း**



## ခရမ်းမြို့၌ အခြေခံပြည်သူများအား ပြည်သူမှ ပြည်သူသို့ စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့

**ခရမ်း အောက်တိုဘာ ၁၅**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ကိုဗစ်–၁၉ ကာလ စားဝတ်နေရေး အခက်အခဲရှိသော သက်ကြီးအဘိုးအဘွားများနှင့် အခြေခံပြည်သူများအား ခရမ်းမြို့နယ်နေ မြို့နယ်သူ/မြို့နယ်သားများနှင့် အဝေးရောက်ခရမ်းဇာတိဖွားများ၏ စုပေါင်းလှူဒါန်းမှုဖြင့် တစ်အိမ်ထောင်လျှင် ဆန် (၁၂) ပြည်၊ ဆီ (၅၀) ကျပ်သားအား ယမန်နေ့က လိုက်လံလှူဒါန်းခဲ့ကြသည်။

အဆိုပါ လှူဒါန်းမှုကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အိမ်တိုင်ရာရောက် ထောက်ပံ့လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ လှူဒါန်းရာတွင် စုစုပေါင်း အိမ်ထောင်စု ၄၀၂၄ စုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နေ့စားဝန်ထမ်း ၂၃ ဦး စုစုပေါင်းအိမ်ထောင်စု ၄၀၄၇ စုတို့အား တစ်အိမ်ထောင်လျှင် ဆန် (၁၂) ပြည်၊ ဆီ (၅၀) ကျပ်သားတို့ကို ရပ်ကွက်အတွင်း နေအိမ်များသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**









# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) (ခ) နှင်းဆီပါတီ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ မွန်းလွဲ ၁ နာရီတွင် သတင်းမီဒီယာများအား နိုင်ငံတော်သမ္မတ အိမ်တော် Press Briefing Room ၌ Physical Distancing သတ်မှတ်ချက်နှင့်အညီ တွေ့ဆုံပြီး ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) (ခ) နှင်းဆီပါတီ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ပတ်သက်သည့် စိစစ်တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**စုံစမ်းစစ်ဆေးခဲ့**

သတင်းစာရှင်းလင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ ရှင်းလင်းပွဲတွင် ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP) (ခ) နှင်းဆီပါတီ၏ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ဦးကျော်မြင့်နှင့်ပတ်သက်ပြီး ၎င်း၏ ပိုင်ဆိုင်မှု၊ ငွေကြေးလွှဲပြောင်းမှုနှင့် ဝင်ငွေရလမ်းများကို အဓိကထား စစ်ဆေးပါကြောင်း၊ ၎င်းပိုင်ကုမ္ပဏီများသည် ဥပဒေနှင့်အညီ တရားဝင် ဆောင်ရွက်နေခြင်း ဟုတ်၊ မဟုတ်၊ ၎င်းပိုင်ဆိုင်သည့် ငွေကြေးနှင့်ပစ္စည်းများသည် တရားဝင် ကုန်သွယ်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ရရှိခဲ့ခြင်း ဟုတ်၊ မဟုတ်၊ ဦးကျော်မြင့်နှင့် ၎င်းပိုင်ကုမ္ပဏီများသည် သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရှိဘဲ ၎င်းပါတီ၏ စည်းရုံးရေးလုပ်ငန်း လုပ်ကိုင်နေသူများအား အတိုးရယူပြီး တရားမဝင် ငွေချေးလုပ်ငန်းဆောင်ရွက်ခြင်းသည် ဥပဒေနှင့် ညီ၊ မညီ အဓိကစုံစမ်းစစ်ဆေးခဲ့ပါကြောင်း။

ဦးကျော်မြင့်ပိုင်သည့် MYANMAR KYAW INVESTMENT GROUP Co.,Ltd. ကို စိစစ်သည့်အခါတွင် အဓိကလုပ်ဆောင်မည့် စီးပွားရေးလုပ်ငန်းမှာ ငှားရမ်းခြင်း၊ အငှားချထားသော လုပ်ငန်းများနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ လုပ်ဆောင်မည်ဟု မှတ်ပုံတင်ထားပါကြောင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်း လိုင်စင်မှာ သက်တမ်းကုန်နေပြီဖြစ်ပါကြောင်း၊ ယင်းလိုင်စင်ကို အသုံးပြုပြီး ပို့ကုန်သွင်းကုန် ခွင့်ပြုပေးထားမှုတစ်ခုမျှမရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တင်ပြလျှောက်ထားခြင်း၊ ခွင့်ပြုချက်ရယူခြင်းများ ဆောင်ရွက်ထားမှုမရှိပါကြောင်း၊ ယင်းကုမ္ပဏီသည် ၎င်းတရားဝင် မှတ်ပုံတင်ထားသည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး လုပ်ဆောင်ချက်တစ်စုံတစ်ရာမရှိသည့်သဘော တွေ့ရှိရပါကြောင်း။

နောက်ထပ်ကုမ္ပဏီတစ်ခုမှာ Myanmar Kyaw High Tech Co.,Ltd. ဖြစ်ပါကြောင်း၊ ယင်းကုမ္ပဏီ အဓိကလုပ်ကိုင်သည့် စီးပွားရေးမှာ ရုံးလုပ်ငန်း၊ အုပ်ချုပ်ရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပေးနေသော လုပ်ငန်းများဟု ဖော်ပြထားပါကြောင်း၊ ယခင်က ယင်းကုမ္ပဏီအမည်ဖြင့် ပို့ကုန်သွင်းကုန် မှတ်ပုံတင်လျှောက်ထားပါကြောင်း၊ ယခုအခါ ပို့ကုန်သွင်းကုန် လိုင်စင်သက်တမ်းမှာ ကုန်ဆုံးနေပြီဖြစ်ပါကြောင်း၊ ကုမ္ပဏီ၏ ပို့ကုန်သွင်းကုန် လုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ ပို့ကုန်သွင်းကုန်လိုင်စင်များ လျှောက်ထားခြင်း၊ ခွင့်ပြုထားခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ လျှောက်ထားခြင်း၊ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်းမျိုး မတွေ့ရပါကြောင်း၊ ယင်းကုမ္ပဏီသည် ၎င်း၏ အဓိကဖော်ပြထားသော လုပ်ငန်းများတွင် ဆောင်ရွက်ချက် တစ်စုံတစ်ရာမရှိသည်ကို တွေ့ရပါကြောင်း။

**တရားဝင်ခွင့်ပြုချက်မရှိ**

နောက်ကုမ္ပဏီတစ်ခုမှာ Myanmar Kyaw Finance Co.,Ltd. ဖြစ်ပါကြောင်း၊ ယင်းကုမ္ပဏီအနေဖြင့် အဓိကလုပ်ဆောင်မည့် စီးပွားရေးလုပ်ငန်းမှာ ငွေရေးကြေးရေးဝန်ဆောင်မှုနှင့် အာမခံအထောက်အကူပြုလုပ်ငန်းများ လုပ်ဆောင်မည်ဟု မှတ်ပုံတင်ထားပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ယင်းကုမ္ပဏီကို ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ မှတ်ပုံတင်လက်မှတ်ခွင့်ပြုထုတ်ပေးထားခြင်း မရှိပါကြောင်း၊ ထို့အတူ အသေးစားငွေရေးကြေးရေးလုပ်ငန်းကော်မတီကလည်း လုပ်ငန်းလိုင်စင်ထုတ်ပေးထားခြင်း မရှိပါကြောင်း၊ ကုမ္ပဏီမှတ်ပုံတင်ခွင့်ပြုချက်ရှိသော်လည်း ကျန်သည့် လုပ်ငန်းများနှင့်ပတ်သက်ပြီး တရားဝင်ခွင့်ပြုချက်မရှိပါကြောင်း။

ဦးကျော်မြင့်နှင့် ၎င်းပိုင်ကုမ္ပဏီများ၏ ဘဏ်ငွေစာရင်းဖွင့်လှစ်ထားမှု အခြေအနေမှာ ဦးကျော်မြင့်အမည်ဖြင့် ငွေစာရင်း ခုနစ်ခု၊ Myanmar Kyaw High Tech Co.,Ltd. အမည်ဖြင့် ငွေစာရင်းနှစ်ခု၊ Myanmar Kyaw Finance Co.,Ltd. အမည်ဖြင့် ငွေစာရင်းနှစ်ခု၊ MYANMAR KYAW INVESTMENT GROUP Co.,Ltd. အမည်ဖြင့် ငွေစာရင်း ၁၀ ခု၊ UDP Educational Foundation အမည်ဖြင့် ငွေစာရင်းနှစ်၊ United Democratic Party's Fund + ဒေါ်ဌေးဌေး ဝင်း + ဒေါ်မျိုးဟေမာန် အမည်ဖြင့် ငွေစာရင်း နှစ်ခု၊ ၎င်းနှင့် ဆက်နွှယ်ပတ်သက်သူများ၏ အမည်များဖြင့် ငွေစာရင်း ၃၄ ခု စုစုပေါင်း ငွေစာရင်း ၅၉ ခုကို ပုဂ္ဂလိကဘဏ် ၅ ခုတွင် ဖွင့်လှစ်ထားပါကြောင်း။

ဦးကျော်မြင့်၏ ဘဏ်ငွေစာရင်းများသို့ တရုတ်နိုင်ငံမှ တရားမဝင် ငွေလွှဲများဖြင့် ငွေကြေးလွှဲပြောင်းရောက်ရှိလာမှုအခြေအနေမှာ MYANMAR KYAW INVESTMENT GROUP Co.,Ltd. အမည်ဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်းများသို့ ၂၀၁၅ ခုနှစ်အတွင်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၃၁၅ ဘီလီယံခန့်ကို တရုတ်နိုင်ငံဘက်ရှိ ငွေလွှဲလုပ်ငန်း လုပ်ကိုင်သူများက မူဆယ် နယ်စပ်မှတစ်ဆင့် အဆင့်ဆင့် တရားမဝင် ငွေကြေးလွှဲပြောင်းပေးပို့ထားပါကြောင်း၊ တရားမဝင်ငွေကြေး ကျပ် ၁၆ ဒသမ ၃၁၅ ဘီလီယံ လွှဲပြောင်းရောက်ရှိလာမှု အသေးစိတ်အခြေအနေမှာ ယူနိုက်တက်အမရဘဏ် ငွေစာရင်းအမှတ်တစ်ခုသို့ ၁-၉-၂၀၁၅ ရက်တွင် လွှဲပြောင်းဝင်ရောက်လာ



ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး

သည့် ငွေမှာ ငွေကျပ် ၅၄၉ ဒသမ ၁ သိန်း၊ ယူနိုက်တက်အမရဘဏ် ငွေစာရင်း အမှတ် တစ်ခုနှင့် ဧရာဝတီဘဏ် ငွေစာရင်းအမှတ် နှစ်ခုသို့ ၃-၈-၂၀၁၅ မှ ၇-၉-၂၀၁၅ အတွင်း ၄၄ ကြိမ် လွှဲပြောင်းဝင်ရောက်လာသည့် ငွေမှာ ငွေကျပ် ၁၄၃၈၉၀ သိန်း၊ ယူနိုက်တက်အမရဘဏ် ငွေစာရင်းအမှတ်တစ်ခုသို့ ၃၁-၈-၂၀၁၅ နှင့် ၃-၉-၂၀၁၅ ရက်တို့တွင် နှစ်ကြိမ်လွှဲပြောင်းဝင်ရောက်လာသည့် ငွေမှာ ငွေကျပ်သိန်း ၂၀၀၀၊ ဧရာဝတီဘဏ် ငွေစာရင်းအမှတ် နှစ်ခုသို့ ၅-၈-၂၀၁၅ ရက်၊ ၆-၈-၂၀၁၅ ရက်နှင့် ၂၇-၈-၂၀၁၅ ရက်တို့တွင် လွှဲပြောင်း ဝင်ရောက်လာသည့် ငွေမှ ငွေကျပ် ၁၂၇၁၂ ဒသမ ၆ သိန်း၊ ဧရာဝတီဘဏ်ငွေစာရင်း အမှတ် နှစ်ခုသို့ ၃-၈-၂၀၁၅ ရက်နှင့် ၂၇-၈-၂၀၁၅ ရက်တို့တွင် လွှဲပြောင်းဝင်ရောက်လာသည့် ငွေမှာ ငွေကျပ်သိန်း ၄၀၀၀ ဖြစ်ပါကြောင်း။

**တရားမဝင်အဆင့်ဆင့်လွှဲပြောင်းခဲ့**

ယင်းငွေများကို တရုတ်နိုင်ငံ ရွှေလီမြို့တွင် ငွေလွှဲလုပ်ငန်းလုပ်ကိုင်သည့် တရုတ်နိုင်ငံသူ မမားယုံ(ခ) အားယုံ၊ တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ ငွေလွှဲလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသူ မရှောက်လီ၊ ရွှေလီမြို့တွင် တရားမဝင် ငွေကြေးငွေလွှဲလုပ်ငန်းလုပ်နေသည့် တရုတ်နိုင်ငံသူ စိုက်ချင်း(ခ)ဆိုင်းကျင်(ခ) သိန်းသိန်းမေ၊ အားဆူ၊ တရုတ်နိုင်ငံ ရွှေလီမြို့တွင် ငွေလွှဲလုပ်ငန်း လုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား အာဝုကျဲတို့ကတစ်ဆင့် တရားမဝင် အဆင့်ဆင့်လွှဲပြောင်းခဲ့ပြီး ရန်ကုန်ရှိ ယူနိုက်တက် အမရဘဏ်၊ ဧရာဝတီဘဏ်တွင်ရှိသည့် ဦးကျော်မြင့်၏ MYANMAR KYAW INVESTMENT GROUP Co.,Ltd. ငွေစာရင်းသို့ လွှဲပြောင်းဝင်ရောက်လာသည်ကို တွေ့ရပါကြောင်း။

ဘဏ်တိုးရရှိမှုအခြေအနေမှာ ဧရာဝတီဘဏ်နှင့် ယူနိုက်တက်အမရဘဏ်တို့တွင် ဖွင့်လှစ်ထားသည့် ငွေစာရင်း ခြောက်ခုမှ ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ဘဏ်အတိုးရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၁၄ ဒသမ ၈၁၄ ဘီလီယံ ရရှိခဲ့ပါကြောင်း။

MYANMAR KYAW INVESTMENT GROUP Co.,Ltd. ချေးငွေထုတ်ချေးခြင်း အခြေအနေမှာ ဦးကျော်မြင့်ပိုင်သည့် ကုမ္ပဏီမှ ဝန်ထမ်းများ၊ ပါတီဝင်များ၊ ပြင်ပဂ္ဂိုလ်များ စုစုပေါင်း ၁၉ ဦးကို ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ငွေကျပ် ၄၁၅၁ ဒသမ ၁၃ သန်း ထုတ်ချေးထားသည်ကို တွေ့ရပါကြောင်း၊ ထုတ်ချေးရာတွင် ကုမ္ပဏီဝန်ထမ်းများကို အတိုးမဲ့ချေးပေးပြီး ပါတီဝင်နှင့် ပြင်ပပုဂ္ဂိုလ်များကို အတိုး တစ်ရာခိုင်နှုန်းမှ နှစ်ရာခိုင်နှုန်းဖြင့် ထုတ်ချေးပါကြောင်း၊ ယင်းချေးငွေမှ အတိုးရရှိသည့်ငွေ စုစုပေါင်းမှာ ငွေကျပ် ၅၁၀ ဒသမ ၁၄ သန်း ဖြစ်ပါကြောင်း၊ ၎င်းတွင် သက်ဆိုင်ရာမှ ခွင့်ပြုထားသည့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုလိုင်စင်၊ အသေးစားငွေကြေးဆိုင်ရာ ဝန်ဆောင်မှု လိုင်စင်နှင့် လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ငန်းဆောင်ရွက်ထားသည်ကို တွေ့ရပါကြောင်း။

MYANMAR KYAW INVESTMENT GROUP Co.,Ltd. သည် လုပ်ငန်းများက ရင်းနှီးငွေထည့်ဝင်ပေးရန် ကမ်းလှမ်းလာပါက စိစစ်ပြီး ရင်းနှီးငွေထည့်သွင်းပေးကြောင်း၊ ရင်းနှီးငွေကို အချိန်ကာလ သတ်မှတ်ထုတ်ပေးပြီး အကျိုးအမြတ် အဖြစ် ငွေကြေးပမာဏတစ်ခု သတ်မှတ်ကာ လစဉ်ပေးသွင်းခိုင်းကြောင်း၊ အာမခံအဖြစ် ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများကို ယူကြောင်း၊ ၂၀၁၅ ခုနှစ် ဩဂုတ်လမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ လူပုဂ္ဂိုလ် ၁၁ ဦးထံတွင် ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်း ငွေကျပ် ၁ ဒသမ ၅ ဘီလီယံထည့်ဝင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ အကျိုးအမြတ် ငွေကျပ် ၁၈၆ ဒသမ ၂ သန်း ရရှိခဲ့သည်ကို တွေ့ရပါကြောင်း၊ MYANMAR KYAW INVESTMENT GROUP Co.,Ltd. အနေဖြင့် ဘဏ်တိုးရရှိခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်းတို့အတွက် စုစုပေါင်း ငွေကျပ် ၁၅ ဒသမ ၅၁ ဘီလီယံကျော် ရရှိထားသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

ဦးကျော်မြင့်၏ အိမ်၊ ခြံ၊ မြေ၊ အဆောက်အအုံများနှင့် မော်တော်ယာဉ်များ ဝယ်ယူပိုင်ဆိုင်မှုနှင့်ပတ်သက်၍ စိစစ်တွေ့ရှိချက်မှာ လှိုင်မြို့နယ် ၁၆ ရပ်ကွက်၊ ဗဟိုလမ်းနှင့် မာလာမြိုင် (၇) လမ်းထောင့်၊ အမှတ် ၉၈ ရှိ (International City Hotel) မြေနှင့် အဆောက်အအုံကို ငွေကျပ် သိန်း ၁၁၇၅၀ ဖြင့် ဝယ်ယူခဲ့ပြီး ဦးကျော်မြင့်၏ မြေအမည်ပေါက် ပြောင်းလဲထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မှော်ဘီမြို့နယ် ရင်းတိုက်ပင်ကျေးရွာအုပ်စု ကျွန်းတောတောင်ကွင်းရှိ လယ်မြေဧရိယာ ၁၃၆ ဒသမ ၂၅ ဧက၊ ဥယျာဉ်မြေဧရိယာ ၂၈ ဒသမ ၀၆ ဧက၊ စုစုပေါင်း ၁၆၄ ဒသမ ၃၁ ဧကကို စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်းပေါင်း ၈၈၀၀၀ ကျော်ဖြင့် ဝယ်ယူခဲ့ပြီး ခြံစည်းရိုးကာခြင်း၊ ရေကန်များတူးခြင်း၊ ဂေါက်ကွင်းလုပ်ခြင်း၊ မြေယာရှုခင်းလုပ်ခြင်း၊ ဟိုတယ်ပုံစံ အဆောက်အအုံ ဆောက်လုပ်ခြင်းများ လုပ်ဆောင်ခဲ့ပါကြောင်း၊ ယင်းလယ်ယာမြေများကို အခြားနည်း သုံးစွဲခွင့်လျှောက်ထားရယူထားခြင်းမရှိသည်ကို တွေ့ရပါကြောင်း။

**အသုံးပြုခွင့်ရရှိထား**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာအနီးရှိ ယာမြေ ၅ ဧကကို ၂၀၁၆ ခုနှစ်အတွင်း ငွေကျပ်သိန်း ၁၈၀၀ ဖြင့် ဝယ်ယူခဲ့ပြီး ၎င်းအနက်မှ ၄ ဒသမ ၃ ဧကကို ဦးကျော်မြင့်အမည်ဖြင့် ပုံစံ(၇) ရရှိခဲ့ပါကြောင်း၊ ၎င်းမြေပေါ်တွင် အဆောက်အအုံများ၊ ရေကူးကန်၊ ဂေါက်လေ့ကျင့်ကွင်းတို့ ဆောက်လုပ်ထားပါကြောင်း၊ ယင်းမြေကို အပန်းဖြေစခန်းနှင့် စိုက်ပျိုးဥယျာဉ်မြေနေရာအဖြစ် အခြားနည်းအသုံးပြုခွင့် ရရှိထားပါကြောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြေကွက်အမှတ် (၁၉၃/၃၁)နှင့် အဆောက်အအုံကို ငွေကျပ် သိန်း ၁၀၀၀၀ ကျော်ဖြင့် ဝယ်ယူခဲ့ပါကြောင်း၊ ယင်းမြေနှင့်ပတ်သက်ပြီး မြေငှားစာချုပ်အား ဦးကျော်မြင့် အမည်သို့ ပြောင်းလဲထားပြီးဖြစ်ပါကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၅၂၂)ရှိ မြေ ၆ ဒသမ ၉ ဧကကို ငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး ဦးကျော်မြင့် အမည်ဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု ပုံစံ (၇) ရရှိထားပါကြောင်း၊ ယင်းလယ်ယာမြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ပြီး UDP ဌာနချုပ် ဖွင့်လှစ်ထားပါကြောင်း၊ ယင်းမြေသည် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် ရရှိထားခြင်း မရှိပါကြောင်း။

မော်တော်ယာဉ်ပိုင်ဆိုင်မှုမှာ စုစုပေါင်း မော်တော်ယာဉ် ၃၅ စီး ပိုင်ဆိုင်ထားပြီး တရားဝင် မှတ်ပုံတင်ထားသည့် ကားများဖြစ်ပါကြောင်း၊ MYANMAR KYAW INVESTMENT GROUP Co.,Ltd. မှ UDP ပါတီသို့ ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် မတ်လအထိ ငွေကျပ် ၅၃၃ ဒသမ ၇၉ သန်းကို လှူဒါန်းခဲ့ပြီး ယင်းငွေဖြင့် မအူပင်မြို့နယ်၊ ညောင်ဦးခရိုင်၊ မှော်ဘီမြို့နယ်၊ သန်လျင်မြို့နယ်၊ လှိုင်မြို့နယ်၊ မုံရွာမြို့နယ်၊ မြစ်ကြီးနားမြို့နယ် များတွင် တံတားဆောက်ခြင်း၊ ရေသွယ်ခြင်း၊ ခရစ်ယာန်ဘုရားကျောင်း ပြုပြင်ခြင်း၊ လူနာတင်ယာဉ်ဝယ်ခြင်း၊ မနောကွင်းဖွင့်ပွဲများတွင် အသုံးပြုခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ငွေကျပ် ၉၁၈ ဒသမ ၆၃ သန်း ပါတီစည်းရုံးရေးအတွက် MYANMAR KYAW INVESTMENT GROUP Co.,Ltd. ငွေစာရင်းမှ ထုတ်ယူခဲ့ပြီး ယင်းငွေကို ပါတီအင်္ကျီ၊ အလံ၊ ပြက္ခဒိန်၊ မူဝါဒစာအုပ်၊ ပါတီဆိုင်းဘုတ်၊ ပါတီရုံးခန်းများ၊ ရင်ထိုးတံဆိပ်များ၊ ဖျော်ဖြေရေးလုပ်ငန်း၊ စတစ်ကာ၊ တက္ကစီငှား၊ ဗီဒီယိုရိုက်တို့တွင် သုံးစွဲခဲ့ပါကြောင်း။

**UDP အတွက် သုံးငွေ**

MYANMAR KYAW INVESTMENT GROUP Co.,Ltd. မှ UDP ပါတီဝင်များနှင့် ကိုယ်စားလှယ်လောင်းများအား ထောက်ပံ့ကြေးထုတ်ပေးမှုမှာ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၂ ဒသမ ၄၃၉ ဘီလီယံ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ပါတီဝင် တစ်ဦးလျှင် ငွေကျပ် ၂၉၀၀၀၀ မှ ကျပ် ၃၉၀၀၀၀ အထိ၊ မြို့နယ်ပါတီဝင်တစ်ဦးလျှင် ငွေကျပ် ၁၉၀၀၀၀၊ ရပ်ကျေးပါတီဝင် တစ်ဦးလျှင် ကျပ် ၉၀၀၀၀၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးလျှင် ကျပ် သုံးသိန်း ထောက်ပံ့ပါကြောင်း၊ MYANMAR KYAW INVESTMENT GROUP Co.,Ltd. မှ UDP အတွက် သုံးငွေ စုစုပေါင်းမှာ ငွေကျပ် ၁၃ ဒသမ ၈၉ ဘီလီယံ ရှိပါကြောင်း။

ဦးကျော်မြင့်၏ ထွက်ဆိုချက်အရ ၎င်းကနေဒါနိုင်ငံတွင် နေထိုင်စဉ် Maple leaf Reforestation Inc Co.,Ltd. တည်ထောင်လုပ်ကိုင်ခဲ့ပြီး တန်ဖိုးကြီးမျိုးစေ့များ၊ ပျိုးပင်များ ပြုပြင်ပြန့်ပွားရေးကို နိုင်ငံအနှံ့ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပျိုးပင်စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြောင်း၊ ကနေဒါနိုင်ငံရှိ CBC BANK၊ RDC BANK နှင့် TD BANK တို့တွင် ငွေစာရင်းများဖွင့်လှစ်ပြီး ကနေဒါဒေါ်လာ ၃၃ သန်း စုဆောင်းနိုင်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ် စက်တင်ဘာလတွင် ယင်းငွေများကို ကနေဒါဘဏ်မှထုတ်ပြီး ကနေဒါ ဒေါ်လာ ၁၈ သန်းကို ၎င်းကယူပြီး ကျန်ငွေ ၁၅ သန်းကို မိသားစုကို ပေးခဲ့ကြောင်း၊ ကနေဒါမှ တရုတ်နိုင်ငံကို လာရောက်ပြီး ကူမင်းမြို့တွင် တည်းခိုနေထိုင်ကာ ဆောက်လုပ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သုံးဘီးဆိုင်ကယ်များ ဝယ်ယူပြီး မြန်မာနိုင်ငံသို့ တင်သွင်းသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာကုန်သည်များထံတွင် ငွေကျပ် ဘီလီယံ ၃၀ ခန့် မြှုပ်နှံခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မူဆယ်မြို့မှတစ်ဆင့် မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး မြန်မာကျော် အမည်ဖြင့် ကုမ္ပဏီတည်ထောင်လုပ်ကိုင်ခဲ့သည်ဟု သိရပါကြောင်း၊ ၎င်း၏ ပြောကြားချက်များကို စိစစ်သည့်အခါတွင် မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်း တရုတ်နိုင်ငံက ကုန်ပစ္စည်းတင်သွင်းခြင်း၊ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းတင်ပို့ခြင်းကို တရားဝင်ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခဲ့သည့် ခိုင်လုံသော အထောက်အထား တင်ပြနိုင်ခြင်းမရှိသည်ကို တွေ့ရပါကြောင်း၊ သိမ်းဆည်းရမိသော စာရွက်စာတမ်း အထောက်အထား၊ ရုံးဝန်ထမ်းများ၏ ထွက်ဆိုချက်အရလည်း တရားဝင် ကုန်ပစ္စည်းတင်သွင်းခဲ့ဖူးသည့် အထောက်အထားမရှိသည်ကို တွေ့ရပါကြောင်း။

၂၀၁၄ မှ ၂၀၂၀ စက်တင်ဘာလအထိ သွင်းကုန်/ထုတ်ကုန် လိုင်စင် လျှောက်ထားခြင်း၊ အကောက်အခွန်ပေးဆောင်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း ခွင့်ပြုချက်လျှောက်ထားခြင်းများ ဆောင်ရွက်သည်ကို တစ်စုံတစ်ရာ မတွေ့ရပါကြောင်း။

**စာမျက်နှာ ၁၁ သို့** ☆

✰ စာမျက်နှာ ၁၀ မှ

ဦးကျော်မြင့်၏ ပစ္စည်း/ငွေကြေးပိုင်ဆိုင်မှုများသည် တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများအား မြန်မာနိုင်ငံသို့ တင်သွင်းရောင်းဝယ်ခြင်းမှ ရရှိသည်ဟု ထွက်ဆိုသော်လည်း တရားဝင်အထောက်အထားတစ်စုံတစ်ရာ မတွေ့ရှိရပါကြောင်း၊ တရုတ်နိုင်ငံဘက်မှ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သည့် သူများထံမှတစ်ဆင့် ရောက်ရှိလာသည့် ၁၆ ဒသမ ၃၁၅ ဘီလီယံကျော်သည်လည်း တရားမဝင်လမ်းကြောင်း အဆင့်ဆင့်ကလာပြီး ၎င်းဘဏ်စာရင်းသို့ ဝင်ရောက်ခြင်းဖြစ်သည်ကို တွေ့ရပါကြောင်း၊ ဝင်ငွေရလမ်းမဖော်ပြနိုင်သည့် ငွေကြေးများကို ရယူသုံးစွဲခြင်းသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄၃ အရ ထောင်ဒဏ် ၁၀ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ပါကြောင်း၊ ပြစ်မှုကျူးလွန်သည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ငွေကျပ်သန်း ၅၀၀ အထိ ငွေဒဏ်နှင့် ပိုင်ရှင်အား ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည်ဖြစ်ပါကြောင်း၊ အတိုးဖြင့် ချေးငွေထုတ်ပေးသည့် လုပ်ငန်းများကို ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်မရှိဘဲ ဆောင်ရွက်ပါက ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၅၉ နှင့် ၁၇၁ တို့အရ အနည်းဆုံးထောင်ဒဏ် နှစ်နှစ်မှ ငါးနှစ်၊ ငွေကျပ်သန်း ၅၀၀ ထက်မပိုသော ငွေဒဏ် ချမှတ်နိုင်ပါကြောင်း၊ တရားမဝင်အဆင့်ဆင့် လွှဲပြောင်းဝင်ရောက်လာသော ငွေကြေးများဖြင့် ပါတီကိစ္စရပ်များတွင် သုံးစွဲခြင်းသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ၆(စ)ပါ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ထို့နောက် သတင်းမီဒီယာများက မေးမြန်းသည့် ဦးကျော်မြင့်၏ တရားမဝင် ငွေကြေးစီးဆင်းမှုများကို ပါတီအတွက် အသုံးချခဲ့မှုနှင့် ရွေးကောက်ပွဲအတွက် မည်သို့အကျုံးဝင်မှုနှင့်စပ်လျဉ်း၍ သိလိုခြင်း၊ မြန်မာကျော် ကုမ္ပဏီလီမိတက်အနေဖြင့် ၂၀၁၆ ခုနှစ်မှ စတင်ပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း ယခုအချိန်မှ ဖော်ထုတ်ခဲ့ရသည့် အကြောင်းရင်းနှင့် သတင်းထုတ်ပြန်မှု ကြန့်ကြာခဲ့ရခြင်းကိစ္စ၊ ဦးကျော်မြင့်၏ လုပ်ငန်းများအပေါ် ပါဝင်ပတ်သက်ခဲ့သူများကို တာဝန်ရှိအဖွဲ့အစည်းများက စုံစမ်းစစ်ဆေးရန် အစီအစဉ် ရှိ၊ မရှိ၊ ဦးကျော်မြင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ခုနှစ်၊ စိစစ်ဆောင်ရွက်ချက်နှင့် ၎င်း၏ မှတ်ပုံတင်အတု၊ အစစ်ကိစ္စ၊ ဦးကျော်မြင့်၏ နိုင်ငံရေးဆောင်ရွက်ချက်အပေါ် စိစစ်ဆောင်ရွက်ချက်အား သိလိုခြင်း၊ ဦးကျော်မြင့်၏ လူမျိုးနှင့် နိုင်ငံသား ဟုတ်၊ မဟုတ် သိလိုခြင်း၊ ဦးကျော်မြင့်အနေဖြင့် နိုင်ငံရေးပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ဝန်ကြီးဌာန သုံးခု ကျော်ဖြတ်ပြီးမှသာ ရရှိနိုင်သည့်အတွက် ပြီးခဲ့သည့်အစိုးရလက်ထက်က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပတ်သက်ဆက်နွယ်မှု ရှိ၊ မရှိ သိလိုခြင်း၊ ဦးကျော်မြင့်နှင့် ပတ်သက်ဆက်နွယ်သူများအား ဖမ်းဆီးထိန်းသိမ်းထားခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပါတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ဦးကျော်မြင့်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၄ နှင့် ကိုက်ညီသူ ဟုတ်၊ မဟုတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်တို့ကို စိစစ်ခဲ့ခြင်းများ ရှိပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ စိစစ်ထားသည့် အချက်အလက်များကို ရွေးကောက်ပွဲကော်မရှင်သို့ ပြည်ထဲရေးဝန်ကြီးဌာနမှ အကြောင်းပြန်ထားပါကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေများရှိပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆(စ) အရ ငြိစွန်းခြင်း ရှိ၊ မရှိ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၄ (င) တို့နှင့် ကိုက်ညီခြင်း ရှိ၊ မရှိ တွေ့ရှိချက်များအရ မကိုက်ညီပါကြောင်း၊ ယင်းသို့ မကိုက်ညီခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြန်ကြားထားပါကြောင်း၊ ယင်းပြန်ကြားထားသည့်အပေါ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ လယ်ယာမြေများကို အခြားနည်းသုံးစွဲခွင့်မပြုဘဲ အဆောက်အအုံများ ဆောက်လုပ်ထားခြင်းကိစ္စသည် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်တွင် တာဝန်ရှိပါကြောင်း၊ ယင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနက ဆက်လက်စိစစ်သွားရန် ဖြစ်ပါကြောင်း။

**စိုးရိမ်မှု ရှိကောင်းရှိနိုင်**

မိမိတို့နိုင်ငံတွင် တရားဥပဒေစိုးမိုးရေးအပိုင်း အားနည်းချက်များရှိသည်မှာ အထင်အရှားဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် ဒီမိုကရေစီကူးပြောင်းရေးကာလသည် တဖြည်းဖြည်းရှည်ကြာလာသည်နှင့်အမျှ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ဝေဖန်ခွင့် မြင့်တက်လာသည့် သဘောရှိပါကြောင်း၊ အကြောက်တရား နည်းသွားပါကြောင်း၊ ယခင်က ယင်းကိစ္စများကို သိရှိသူရှိနိုင်ပါကြောင်း၊ သို့သော် မည်သူမျှ မပြောရဲကြပါကြောင်း၊ ယင်းအချိန်ကာလ၌ စိုးရိမ်မှုများ ရှိကောင်းရှိနိုင်မည် ဖြစ်ပါကြောင်း၊ ယခုကာလတွင် ဆိုရှယ်မီဒီယာ၊ Citizen Journalist များသည်လည်း Facebook တွင် သိရှိသည့် အကြောင်းအရာများကို ဝေဖန်ခြင်း၊ မျှဝေခြင်းဖြင့် ကျယ်ပြန့်လာပြီး နောက်ဆုံး ရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာတာဝန်ရှိသူများကို အကြောင်းကြားသည့်သဘောဖြစ်ပါကြောင်း။

ယင်းတို့မှာ ကနဦးဖော်ထုတ်ချက်ဖြစ်ပါကြောင်း၊ ပိုင်ဆိုင်မှုမှာ ၂၃ ဘီလီယံရှိသည်ဟု ပြောသော်လည်း လက်တွေ့တွင် ပိုများနိုင်ပါကြောင်း၊ ဆက်ပြီးစိစစ်နေပါကြောင်း၊ ၎င်း၏ ငွေလွှဲပြောင်းမှုကို စိစစ်လိုက်သည့်အခါတွင် ၁၆ ဘီလီယံ ရရှိပါကြောင်း၊ ယင်းထက် ပိုများနိုင်ပါကြောင်း၊ လတ်တလော ကုမ္ပဏီတွင်ရှိသည့် စာရင်းဇယားများ၊ စာရွက်စာတမ်းများနှင့် စိစစ်ပါကြောင်း၊ ကာယကံရှင်ကို မေးမြန်းသည့်အချိန်တွင် ရလာသည့် အထောက်အထားများဖြစ်ပါကြောင်း၊ စိစစ်မှုများ မပြီးဆုံးသေးပါကြောင်း။

**တရားမဝင် ဝင်ရောက်ခဲ့**

ကာယကံရှင်၏ ထွက်ဆိုချက်အရ ၁၉၉၉ ဇန်နဝါရီတွင် မန္တလေးပြည်သူ့ဆေးရုံကြီးအချုပ်မှ ထွက်ပြေးခြင်းဖြစ်ကြောင်း၊ ယင်းသို့ထွက်ပြေး၍ ထိုင်းနိုင်ငံ ဗန်ကောက်တွင် တစ်လ နေထိုင်ပါကြောင်း၊ ထို့နောက် နော်ဝေးနိုင်ငံ အော်စလိုမြို့တွင် သုံးလခန့်နေပါကြောင်း၊ ယင်းနောက် နိုင်ငံရေးခိုလှုံခွင့်ဖြင့် အမေရိကန်ပြည်ထောင်စု နယူးဂျာစီသို့ ရောက်ရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ကနေဒါနိုင်ငံ ဗန်ကူးဗားတွင် နေထိုင်ပါကြောင်း၊ ယင်းသို့နေထိုင်သည့် ကာလအတွင်း ၂၀၁၂ ခုနှစ်တွင် တရုတ်နိုင်ငံ ကူမင်းမြို့သို့ ရောက်ရှိပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခဲ့သည်ဟု ပြောကြားပါကြောင်း။

ဦးကျော်မြင့် နာမည်ဖြင့် ကိုင်ဆောင်ထားသည့် မှတ်ပုံတင် တရားဝင်ဟုတ်၊ မဟုတ် စိစစ်ပါကြောင်း၊ ယင်းသို့စိစစ်ရာတွင် တရားဝင် ရရှိထားပါကြောင်း၊ မှတ်ပုံတင်အနေဖြင့် တရားဝင်ဖြစ်နေသည့်အတွက် Border Pass သည်လည်း တရားဝင်ထုတ်ပေးသည့် သဘောကို တွေ့ရှိရပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ထောင်တွင်းကျခံနေသူမဖြစ်ရဟူသည့် အချက်များနှင့် ငြိစွန်းပါကြောင်း၊ ယင်းအချိန်က သတင်းအချက်အလက်များ သိရှိခဲ့မည်ဆိုပါက Border Pass လည်း ထုတ်ပေးစရာအကြောင်း မရှိပါကြောင်း၊ ဦးကျော်မြင့်၏ တရားဝင်မှတ်ပုံတင်နံပါတ်တွင် လူမျိုးမှာ ကချင်၊ ကိုးကန့်၊ ဘာသာမှာ ခရစ်ယာန်၊ နေရပ်လိပ်စာမှာ လားရှိုးမြို့ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအတွင်း၌ ရွှေလီနှင့် ကျယ်ဂေါင်ရှိ တရားမဝင်ငွေလွှဲလုပ်ငန်းများလုပ်ဆောင်သည့် အဖွဲ့များ၏ Source များကို တွေ့ရပါကြောင်း၊ ယင်းအဖွဲ့များသည် တရုတ်ရဲတပ်ဖွဲ့က အရေးယူထားသည့် အဖွဲ့များဖြစ်ပြီး တရားခံပြေးအဖြစ် ကြေညာထားသူများ ဖြစ်ပါကြောင်း၊ ကနေဒါ ဒေါ်လာ ၁၈ သန်း ယူလာသည်ဟု ဦးကျော်မြင့်က ပြောပါကြောင်း၊ ယင်းငွေကြေးများကို အိတ်ထဲထည့်၍ သယ်ဆောင်လာ၍ မရပါကြောင်း၊ လေဆိပ်များတွင် Declare လုပ်ရမည်ဖြစ်ပါကြောင်း၊ ယင်း ဒေါ်လာ ၁၈ သန်းသည် တရုတ်နိုင်ငံရှိ တရားမဝင်ငွေလွှဲလုပ်ငန်းသမားများဆီသို့ မည်သို့ရောက်ရှိသည်ကို MoU ရေးထိုးထားသည့် နိုင်ငံတကာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့များနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**စိစစ်ဆောင်ရွက်ဆဲ**

ဦးကျော်မြင့်ကို စစ်ဆေးသည့်အခါတွင် အဖွဲ့များခွဲ၍ စစ်ဆေးပါကြောင်း၊ ယနေ့ ရှင်းလင်းတင်ပြသည်မှာ ပိုင်ဆိုင်မှုနှင့် ငွေကြေးလွှဲပြောင်းရယူမှုအပိုင်းကို ဦးစားပေးစစ်ဆေးသည့်အဖွဲ့၏ အစီရင်ခံစာဖြစ်ပါကြောင်း၊ အခြားကိစ္စများကို ဆက်လက်စိစစ်နေသည့်အဖွဲ့များမှာ သီးသန့်ရှိပါကြောင်း၊ ဦးကျော်မြင့်၏ background ကိုစိစစ်ရာတွင် အနည်းငယ်ကြန့်ကြာပါကြောင်း၊ မည်သည့်ကိစ္စများကို လုပ်ဆောင်သည်၊ မည်သူနှင့် တွေ့ဆုံသည်ကို ကာယကံရှင်၏ ထွက်ဆိုချက်အပေါ်တွင် မူတည်ပြီး အစီရင်ခံစာများ ရရှိပါကြောင်း၊ ပြီးခဲ့သည့် အစိုးရလက်ထက်က ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပတ်သက်ဆက်နွယ်မှု ရှိ၊ မရှိ ကိစ္စမှာ စိစစ်ဆဲဖြစ်ပါကြောင်း၊ လောလောဆယ်တွင် စိစစ်ဆောင်ရွက်ဆဲကိစ္စတချို့ရှိပါကြောင်း။

ညီညွတ်သော ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပြည်ထဲရေးဝန်ကြီးဌာနက အကြောင်းပြန်ကြားပြီးဖြစ်ပါကြောင်း၊ စိစစ်တွေ့ရှိချက်များအရ မည်သည့်ပုဒ်မများနှင့် ငြိစွန်းခြင်း ရှိ၊ မရှိကို ကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါကြောင်း၊ အစိုးရပိုင်းအနေဖြင့် ဖော်ထုတ်ပြီး ကာယကံရှင်၏ ထွက်ဆိုချက်များကို ရယူပါကြောင်း၊ အထောက်အထားများကို စိစစ်ပါကြောင်း၊ စိစစ်တွေ့ရှိသည့် အချက်များအပေါ်တွင် အကြောင်းပြန်ကြားထားပါကြောင်း၊ အကြောင်းပြန်ထားသည့်အပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများဖြင့်ချိန်ဆ၍ ကော်မရှင်က ဆုံးဖြတ်ရမည့်အပိုင်းဖြစ်ပါကြောင်း။

ပဏာမဖော်ထုတ်ချက်များအရ ငြိစွန်းသည့်ပုဒ်မများကို ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ ယင်းမှာ အစိုးရအပိုင်းက လုပ်ဆောင်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်အပိုင်းက လုပ်ဆောင်ရမည့်ကိစ္စများ ရှိပါကြောင်း၊ အစိုးရအပိုင်းက ဖော်ထုတ်ချက်များအပေါ်တွင် ဆက်လက်အရေးယူဆောင်ရွက်သွားမည့်ကိစ္စများရှိပါကြောင်း၊ ယင်းကိစ္စများကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်း- မျိုးသွင်ကျော်၊ ဓာတ်ပုံ- ကိုသန်း**

**○ ဗီယက်နမ်နိုင်ငံမှ**

ယနေ့ လှူဒါန်းမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Ly Quoc Tuan က “မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဖြစ်ပွားမှုကို အချိန်မီတားဆီးနိုင်ဖို့အတွက် အခုလို ကူညီရခြင်းဖြစ်ပါတယ်။ ဗီယက်နမ်နိုင်ငံအစိုးရနဲ့ ပြည်သူတွေရဲ့ လှူဒါန်းမှုပါ။ ဒီကနေ့လှူဒါန်းမှုကတော့ ဒုတိယအကြိမ် ဖြစ်ပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို အချိန်မီ ကာကွယ်၊ ထိန်းချုပ်နိုင်လိမ့်မယ် လို့ ယုံကြည်ပါတယ်” ဟု ပြောသည်။

အလားတူ ကိုဗစ်-၁၉ ကာကွယ်တုံ့ပြန်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဗီယက်နမ်နိုင်ငံရှိ ဗီယက်နမ် - မြန်မာ ချစ်ကြည်ရေးအသင်းက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဗီယက်နမ်ဒေါင် ၅၄၀၇၅၀၀၀၀ နှင့် ကျန်းမာရေးအထောက်အကူပြုဆိုင်ရာပစ္စည်းများကို ယမန်နေ့ ညနေပိုင်းက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၌ ထောက်ပံ့လှူဒါန်းရာ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်းက လက်ခံရယူခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါ လှူဒါန်းငွေ ဗီယက်နမ်ဒေါင်များနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများအား မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**



# ရုရှားသမ္မတ ပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့ အာမေးနီးယားနှင့် အဇာဘိုင်ဂျန်အရေး ဆွေးနွေး



**မော်စကို အောက်တိုဘာ ၁၅**
ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ အာဒိုဂန်တို့က အာမေးနီးယားနှင့် အဇာဘိုင်ဂျန်အရေးနှင့်ပတ်သက်ပြီး ယမန်နေ့က ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၁၂ ရက်တွင် အဆိုပါနှစ်နိုင်ငံအကြား အပြန်အလှန်ပစ်ခတ်မှုများ စတင်ခဲ့ကြပြီး တပ်ဖွဲ့ဝင် ၆၂၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁၀ ရက်တွင် အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံက ရုရှားနိုင်ငံ၏ ကြားဝင်ဖျန်ဖြေမှုကြောင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြသည်။ သို့သော် မြေပြင်တွင် ပစ်ခတ်မှုများ အပြန်အလှန်ဆင်နွှဲလျက်ရှိသည်။

တူရကီသမ္မတ အာဒိုဂန်က အဇာဘိုင်ဂျန်ကို ထောက်ခံလျက်ရှိပြီး ရုရှားသမ္မတ ပူတင်က ရုရှားနိုင်ငံနှင့် ကာကွယ်ရေးဆိုင်ရာ မဟာမိတ်ပြုထားသော အာမေးနီးယားနိုင်ငံကို ထောက်ခံလျက်ရှိသည်။

ခေါင်းဆောင်နှစ်ဦးဆွေးနွေးရာတွင် အဆိုပါပဋိပက္ခအရေးကိစ္စတွင် အရှေ့အလယ်ပိုင်းမှ စစ်သွေးကြွများ ပါဝင်လာမည်ကို စိုးရိမ်ပူပန်မိကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်ဟု ကရင်မလင်က ဆိုသည်။

အာမေးနီးယားနိုင်ငံက တူရကီနိုင်ငံအနေဖြင့် ဆီးရီးယားတပ်ဖွဲ့ဝင်များကို အဇာဘိုင်ဂျန်တို့အား တပ်ကူလွှတ်ပေးခဲ့သည်ဟု စွပ်စွဲခဲ့သည်။

သို့သော် ဆီးရီးယားတပ်ဖွဲ့ဝင်များသည် ၎င်းတို့နိုင်ငံငြိမ်းချမ်းရေးအတွက် ကြိုးပမ်းလျက်ရှိသည့်အတွက် အဇာဘိုင်ဂျန်သို့ တပ်ကူလွှတ်ပေးသည်မှာ မဟုတ်မှန်ကြောင်း တူရကီသမ္မတ အာဒိုဂန်က ငြင်းဆန်ခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်

# တိုးတက်သော နယူးဇီလန်ပါတီ၏ ဝက်ဘ်ဆိုက်အား ဖေ့စ်ဘွတ်ပိတ်ပင်

**ဝယ်လင်တန် အောက်တိုဘာ ၁၅**
နယူးဇီလန်နိုင်ငံမှ နိုင်ငံရေးပါတီတစ်ခုဖြစ်သည့် တိုးတက်သော နယူးဇီလန်ပါတီ၏ ဝက်ဘ်ဆိုက်အား ဆိုရှယ်မီဒီယာတစ်ခုဖြစ်သော ဖေ့စ်ဘွတ်က ယနေ့ ပိတ်ပင်ခဲ့ကြောင်း သိရသည်။

၎င်းပါတီသည် အွန်လိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်နှင့် ပတ်သက်ပြီး သတင်းအမှားများကို ဖြန့်ဝေခဲ့ခြင်းကြောင့် ယခုကဲ့သို့ ပိတ်ပင်ရခြင်းဖြစ်ကြောင်း ဖေ့စ်ဘွတ်က ပြောကြားသည်။ နယူးဇီလန်နိုင်ငံတွင် ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးရေးကာလအတွင်း ယခုကဲ့သို့ အရေးယူဆောင်ရွက်မှုသည် ဖေ့စ်ဘွတ်၏ စာမျက်နှာတွင် သတင်းအမှားများ ဖော်ပြမှုကို တိုက်ဖျက်လိုသည့် ဦးတည်ချက်ကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။ “ကျွန်တော်တို့ရဲ့ မီဒီယာကွန်ရက်မှာ မည်သူတစ်ဦး တစ်ယောက်ကိုမှ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်ပြီး သတင်းမှား ဖြန့်ချိတာကို ခွင့်မပြုနိုင်ပါဘူး။ ယခု အရေးယူခဲ့ရတဲ့ တိုးတက်သော နယူးဇီလန်ပါတီအနေနဲ့ ဖေ့စ်ဘွတ်ရဲ့ မူဝါဒကို အကြိမ်ကြိမ်ချိုးဖောက်တဲ့အတွက် အရေးယူဆောင်ရွက်ရခြင်း ဖြစ်ပါတယ်”ဟု ဖေ့စ်ဘွတ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

မိမိတို့ပါတီ၏ ထောက်ခံသူများအား အွန်လိုင်းတွင် မိန့်ခွန်းပြောကြားနေစဉ် ယခုကဲ့သို့သော ဖေ့စ်ဘွတ်၏ အရေးယူမှု ဖြစ်ပွားခြင်းဖြစ်ကြောင်း အဆိုပါပါတီ၏ လက်ထောက်ခေါင်းဆောင် ဘီလီတိကာဟီကာက ပြောကြားခဲ့သည်။

၎င်းက ယခုဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် အတုအယောင်သာဖြစ်ကြောင်း ဖေ့စ်ဘွတ်တွင် ပြောကြားခဲ့သည်။

ဖေ့စ်ဘွတ်အား ၎င်း၏ မီဒီယာစာမျက်နှာများရှိ သတင်းအမှားများအား တုံ့ပြန်ဆောင်ရွက်ခြင်းမရှိဘဲ လျစ်လျူရှုခဲ့သဖြင့် ယခင်ကဝေဖန်မှုများရှိခဲ့သည်။ ဇွန်လနှောင်းပိုင်းမှ အောက်တိုဘာလ အစောပိုင်းကာလအတွင်း တိုးတက်သော နယူးဇီလန်ပါတီမှထုတ်လွှင့်မှုများကို ကြည့်ရှုသူ ပရိသတ် ၅ ဒသမ ၃ သန်းရှိကြောင်း သိရသည်။ **ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**



တိုးတက်သော နယူးဇီလန်ပါတီ လက်ထောက်ခေါင်းဆောင် ဘီလီတိကာဟီကာ

# ကိုဗစ်-၁၉ ရောဂါကြောင့် ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းလုပ်ကိုင်သူ ၄ ဒသမ ၈ သန်း စီးပွားရေးထိခိုက်မှုများနှင့်ရင်ဆိုင်နေရ

**မနီလာ အောက်တိုဘာ ၁၅**
ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ဖိလစ်ပိုင်ခရီးသွားလုပ်ငန်း လုပ်ကိုင်သူ ၄ ဒသမ ၈ သန်း စီးပွားရေးထိခိုက်နစ်နာမှုများနှင့် ရင်ဆိုင်နေရကြောင်း ဖိလစ်ပိုင် ခရီးသွားလုပ်ငန်းဝန်ကြီးဘာနာဒီတီရိုမူလိုဖူရက်က ပြောကြားခဲ့သည်။



နိုင်ငံတကာခရီးသွားများ ဝင်ရောက်မှု ပိတ်ပင်ထားခြင်းကြောင့် ခရီးသွားလုပ်ငန်း၏ နှစ်စဉ်ဝင်ငွေ ၇၇ ရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာခဲ့ကြောင်း ဝန်ကြီးဖူရက်က ယမန်နေ့၌ ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် မီဒီယာသို့ ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ်အတွင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသူ ၅ ဒသမ ၇ သန်းရှိခဲ့သည်။ ယင်းတို့အနက် ၄ ဒသမ ၈ သန်းသည် အလုပ်အကိုင်ဆုံးရှုံးမှုများ (သို့မဟုတ်) လစာအပြည့်အဝမရရှိခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ဝန်ကြီးဖူရက်က ဆိုသည်။

ယမန်နှစ်အတွင်း နိုင်ငံအတွင်းသို့ နိုင်ငံတကာ ခရီးသွားဧည့်သည် လာရောက်မှု ၈ ဒသမ ၂၆ သန်းရှိပြီး ပြည်တွင်းခရီးသွားမှုသည် သန်း ၁၁၀ ခန့်ရှိကြောင်း သိရသည်။ ၂၀၁၉ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေရရှိမှုသည် နိုင်ငံ၏စီးပွားရေးအတွက် ၁၂ ဒသမ ၇ ရာခိုင်နှုန်း အထောက်အကူပြုခဲ့သည်ဟု ဖိလစ်ပိုင်စာရင်းအင်း႒ာနက ဆိုသည်။

လက်ရှိအချိန်တွင် ပြည်တွင်း ခရီးသွားများ သွားလာလည်ပတ်နိုင်စေရန် အထင်ကရနေရာများကို ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ ပြန်လည် ဖွင့်လှစ်ပေးထားကြောင်း ဝန်ကြီး ဖူရက်က ဆိုသည်။

ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ အလုပ်ပြန်လည်ရရှိရေးအတွက် ခရီးသွားလုပ်ငန်းတစ်ခုလုံးကို ပြန်လည် ဖွင့်လှစ်ပေးရန် အရေးကြီးကြောင်း ဝန်ကြီးက အလေးပေးပြောကြားခဲ့သည်။

အောက်တိုဘာ ၁ ရက်တွင် နိုင်ငံအလယ်ပိုင်းရှိ ကမ္ဘာကျော် ဘိုရာကေ အပန်းဖြေကျွန်းကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၄၄၇၁၃ ဦးရှိပြီး သေဆုံးသူ ၆၃၇၂ ဦးရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံအတွင်းသို့ နိုင်ငံတကာ ခရီးသွားလာရောက်မှုသည် ၅ ဒသမ ၃၆ သန်းရှိပြီး ၂၀၁၉ ခုနှစ်တွင် ၈ ဒသမ ၂၆ သန်းအထိ မြင့်တက်လာကြောင်း စစ်တမ်းတစ်ရပ်အရ သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ဂျီ-၂၀ နိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ချေးငွေပေးချေကာလ ခြောက်လထပ်မံတိုးမြှင့်

**အိုဆာကာ အောက်တိုဘာ ၁၅**
ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် စီးပွားရေးအခြေအနေများကျဆင်းကာ ရုန်းကန်နေရသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ချေးငွေပေးချေကာလကို ခြောက်လခန့် ထပ်မံတိုးမြှင့်ပေးရန် စက်မှုထိပ်သီးနိုင်ငံ ၂၀ (ဂျီ-၂၀) က သဘောတူညီခဲ့ကြသည်။

စက်မှုထိပ်သီးနိုင်ငံ ၂၀ မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်အကြီးအကဲများက အထက်ပါကိစ္စရပ်နှင့်ပတ်သက်ပြီး ယမန်နေ့က ဗီဒီယိုကွန်ဖရင့်အစည်းအဝေး၌ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ထို့ပြင် လာမည့်လနှောင်းပိုင်းတွင် ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေး မတိုင်မီ ဖွံ့ဖြိုးဆဲနိုင်ငံများအား ကြွေးမြီများလျှော့ချပေးရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ကူညီထောက်ပံ့မှုများပေးရန် ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၈၈၂၁၆၃၇ | ဦး |
| သေဆုံးသူ | ၁၀၉၈၀၆၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၉၁၆၇၂၉၉ | ဦး |

# တီဘီရောဂါကြောင့် သေဆုံးမှုများမြင့်တက်လာမှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ သတိပေး

**ကုလသမဂ္ဂ အောက်တိုဘာ ၁၅**
ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် ကျန်းမာရေးဝန်ထမ်းများ ပင်ပန်းနွမ်းနယ်လျက်ရှိစဉ် တီဘီရောဂါကြောင့် သေဆုံးမှုများ မြင့်တက်လာမှုအပေါ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် သတိပေးပြောကြားခဲ့သည်။

တီဘီရောဂါ ဖြစ်ပွားမှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာအပေါ် အခြေခံကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးပြောကြားခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ်အတွင်း တီဘီရောဂါခံစားရသူ ၁၀ သန်းနီးပါးရှိပြီး ယင်းတို့အနက် ၁ ဒသမ ၄ သန်းခန့် သေဆုံးခဲ့ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာ လျက်ရှိသည်။ ထို့ပြင်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများ ချမှတ်ထားခြင်းကြောင့် တစ်ဦးချင်းဝင်ငွေများလည်း ကျဆင်းလျက်ရှိသည့်အတွက် တီဘီရောဂါကို ကုသရန် ခက်ခဲမှုများရှိနေသည်ဟု ကျန်းမာရေးတာဝန်ရှိသူများက ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တီဘီရောဂါသည်များအား ဆေးကုသပေးရာတွင် ပိုမိုဂရုစိုက်စောင့်ရှောက်ရန်လိုအပ်ကြောင်း ကျန်းမာရေးဝန်ထမ်းများအား တိုက်တွန်းပြောကြားခဲ့သည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန်- အောင်ကျော်ကျော်





တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ပြည်သူ့ဆက်ဆံရေးဌာနအကြီးအကဲ ဟောင်ကွန်မင် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာပြပွဲသို့ တက်ရောက်စဉ်။

# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာပြပွဲ ဟူပေပြည်နယ် ဝူဟန်မြို့၌ ကျင်းပ

**ဝူဟန် အောက်တိုဘာ ၁၅**

တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ပြပွဲကို ဟူပေပြည်နယ် ဝူဟန်မြို့၌ ယနေ့ကျင်းပခဲ့သည်။ အဆိုပါပြပွဲသို့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ပြည်သူ့ဆက်ဆံရေးဌာနအကြီးအကဲ ဟောင်ကွန်မင် တက်ရောက်ခဲ့ပြီး အမှာစကားပြောကြားခဲ့သည်။ ယခုပြပွဲသည် တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အတွေ့အကြုံများကို ထင်ဟပ်စေကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ စိတ်ဓာတ်များကို မြှင့်တင်ပေးကာ ညီညွတ်မှုဖြင့် ရလဒ်ကောင်းများကို အကောင်အထည်ဖော်ရန် ၎င်းက တိုက်တွန်းပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရန်နှင့် နိုင်ငံသားများ၏ လူမှုဘဝမြှင့်တင်ရေးတာဝန်များ ထမ်းရွက်နိုင်ရန်အတွက် စွမ်းအားများလိုအပ်ကြောင်း ၎င်းက အသိအမှတ်ပြုပြောကြားခဲ့သည်။

သာယာဝပြောသော လူမှုပတ်ဝန်းကျင်တည်ဆောက်နိုင်ရန်နှင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် နိုင်ငံသားများအနေဖြင့် စွမ်းအားများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန် ၎င်းက အဆိုပါ ပြပွဲအခမ်းအနားဖွင့်ပွဲတွင် ပြောကြားသည်။ အချိန် သုံးလကြာ ပြသမည့် အဆိုပါပြပွဲတွင် ဓာတ်ပုံပေါင်း ၁၁၀၀၊ သရုပ်ဖော်ပြကွက် ၁၁၀၀ နှင့် ဗီဒီယိုများကိုလည်း ပြသသွားမည်ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များကြောင့် ၄၀ သေဆုံးပြီး ရှစ်ဦး ပျောက်ဆုံး

**ဟန္နိုင်း အောက်တိုဘာ ၁၅**

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်း၌ ရေကြီးရေလျှံမှုနှင့် အခြားသဘာဝဘေးအန္တရာယ်များကြောင့် ၄၀ သေဆုံးပြီး ရှစ်ဦး ပျောက်ဆုံးနေကြောင်း သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုကြီးကြပ်မှုကော်မတီက ယနေ့ ပြောကြားသည်။

သေဆုံးသူအများစုက ကောင်ထရီ၊ သူသိန်ဟွေး၊ ကောင်နမ်ပြည်နယ်များမှဖြစ်ကြောင်း ကော်မတီ၏ နောက်ဆုံးအကြိမ်ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။ အောက်တိုဘာလ ၅ ရက်နောက်ပိုင်း ဗီယက်နမ်နိုင်ငံအလယ်ပိုင်း ကုန်းမြင့်ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး ဒေသအချို့တွင် မိုးရေချိန် ၂၀၀၀ မီလီမီတာ ကျော်လွန်ခဲ့သည်။ နေအိမ် ၁၃၅၇၀၀ လုံး ရေနစ်မြုပ်ခဲ့ပြီး ၅၈၅ လုံး ပြိုကျ သို့မဟုတ် ပျက်စီးခဲ့သည်။ စပါးခင်း ၈၇၀ ဟက်တာ၊ အခြားသီးနှံစိုက်ခင်း ၅၃၀၀ ဟက်တာ ရေနစ်မြုပ်ခဲ့ပြီး တိရစ္ဆာန်ကောင်ရေ ၃၃၂၅၀ သေဆုံးခဲ့ကြောင်း ကော်မတီက ဆိုသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း သူသိန်ဟွေးပြည်နယ်ရှိ ရေအားလျှပ်စစ် စက်ရုံတစ်ခု၌ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ အလုပ်သမား ၂၀ ခန့် သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဖော်ပြသည်။ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၃ ဦး အဆက်အသွယ် ပြတ်တောက်နေပြီး ပျောက်ဆုံးနေသူများအား ရှာဖွေရန် ဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၂၂ ရက်အထိ သဘာဝဘေးအန္တရာယ် ဖြစ်စဉ်များကြောင့် ၉၃ ဦး သေဆုံးခဲ့ပြီး ၂၇၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကော်မတီက ပြောသည်။

အဆိုပါကာလအတွင်း လေပြင်းတိုက်ခတ်မှု၊ ရေဘေး၊ မြေပြိုမှုနှင့် မိုးသည်းထန်စွာ ရွာသွန်းမှုများကဲ့သို့သော ဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် စီးပွားရေးအရ နစ်နာဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ ၂၁၇ ဒသမ ၄ သန်းနှင့်ညီမျှသည့် ဗီယက်နမ် ဒေါင် ၅ ထရီလီယံရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ကျော်ထိုက်စိုး**





# စင်ကာပူနှင့် ဟောင်ကောင်တို့ အပြန်အလှန်ခရီးသွားလာခွင့် သဘောတူညီမှုရရှိ

**စင်ကာပူ အောက်တိုဘာ ၁၅**

စင်ကာပူနိုင်ငံနှင့် ဟောင်ကောင်တို့သည် သီးခြားခွဲနေထိုင်ခြင်း အပါအဝင် တင်းကျပ်သော ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို လိုက်နာရန်မလိုအပ်ဘဲ နှစ်နိုင်ငံပြည်သူများအား အပြန်အလှန်ခရီးသွားလာခွင့်ပြုရန် အာဏာပိုင်များက ယနေ့ သဘောတူညီခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်မှုကြောင့် စင်ကာပူနိုင်ငံနှင့် ဟောင်ကောင်တို့အကြား ခရီးသွားလာမှုများကို ပိတ်ပင်ထားခဲ့သည်မှာ လပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ နယ်စပ်ဂိတ်များကိုလည်း ပိတ်ထားခဲ့ပြီး နိုင်ငံခြားခရီးသွားများကိုလည်း ပြည်ဝင်ခွင့်ပိတ်ပင်ခဲ့သည်။ ဟောင်ကောင်သို့ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများသည် ၁၄ ရက်ကြာ သီးခြားခွဲနေထိုင်ရမည်ဖြစ်ပြီး ခရီးသွားရာဇဝင်များကို သိရှိနိုင်ရန် လျှပ်စစ်လက်ကောက်များ ဝတ်ဆင်ထားရမည်ဟူသည့် ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို လွန်ခဲ့သောလများက ချမှတ်ထားခဲ့သည်။

သို့သော် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ကျဆင်းလာပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် စင်ကာပူနိုင်ငံနှင့် ဟောင်ကောင်တို့က အပြန်အလှန်ခရီးသွားလာမှုကို သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ကမ္ဘာပေါင်းစုံတွင် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ကြိုးပမ်းရာတွင် ယခုသဘောတူညီမှုသည် မှတ်တိုင်တစ်ခုဖြစ်သည်ဟု ဟောင်ကောင်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အက်ဒ်ဝက်ယောက်က ဆိုသည်။

စင်ကာပူပို့ဆောင်ရေးဝန်ကြီး ဝမ်ယီကျန်က အပြန်အလှန် ခရီးသွားလာမှုဆိုင်ရာ သဘောတူညီမှုသည် စီးပွားရေးပြန်လည်ဦးမော့လာရေးအတွက် သိသာထင်ရှားသော ပြယုဂ်တစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။

**ကိုးကား - စီအင်န်အင်န်**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၁၃၆ ဦး သေဆုံး

**ဂျကာတာ အောက်တိုဘာ ၁၅**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန် မတ်လမှစ၍ ယနေ့အထိ ဆရာဝန် ၁၃၆ ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှား ဆရာဝန်များအသင်းက ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် ဆရာဝန်များအနက် ၇၁ ဦးသည် အထွေထွေရောဂါကု ဆရာဝန်များဖြစ်ပြီး ကျန် ၆၃ ဦးသည် အထူးကုဆရာဝန်များဖြစ်ကာ ကျန်ဆရာဝန်နှစ်ဦးသည် ဒေသခံများဖြစ်ကြောင်း သိရသည်။ သေဆုံးသွားသည့် ဆရာဝန်များအနက် ကိုးဦးသည် ယခုလအတွင်း သေဆုံးခဲ့ကြောင်း သိရသည်။

အရှေ့ဂျာဗားပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၃၂ ဦးသေဆုံးပြီး အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသများအနက် ဆရာဝန်သေဆုံးမှု အများဆုံးဖြစ်သည်။ ထို့အပြင် မြို့တော်ဂျကာတာ၌ ဆရာဝန် ၁၉ ဦးနှင့် မြောက်ဆူမားတြားပြည်နယ်၌ နှစ်ဦး စသည်ဖြင့် အသီးသီး သေဆုံးခဲ့ကြောင်း သိရသည်။



အင်ဒိုနီးရှားနိုင်ငံရှိ ဆေးဘက်ဆိုင်ရာ ဆရာဝန်များသည် တာဝန်ထမ်းနေစဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် သေဆုံးခဲ့ကြရာ ကျန်းမာရေးဌာနအတွက် အကျပ်အတည်းတစ်ခုပင်ဖြစ်လာကြောင်း အင်ဒိုနီးရှား ဆရာဝန်များအသင်းမှ တာဝန်ရှိသူ အာရီကူဆူမာဂျန္တာတိုက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် ဂျန္တာတိုက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ထိန်းချုပ်ရေးအတွက် ပြည်သူနှင့် အစိုးရအကြား ပို၍ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုက်သည်။ အကယ်၍ ပြည်သူလူထုဘက်မှ ပူးပေါင်းဆောင်ရွက်မှု မရှိပါက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို မည်သည့်အခါမျှ ထိန်းချုပ်နိုင်မည်မဟုတ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဆရာဝန်များအပြင် သူနာပြုနှင့် သွားဘက်ဆိုင်ရာဆရာဝန် အများအပြားသည်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ ယခုနှစ် စက်တင်ဘာလနှောင်းပိုင်းအထိ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သူနာပြု ၉၂ ဦး သေဆုံးခဲ့ပြီး သွားဘက်ဆိုင်ရာ ဆရာဝန် ကိုးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၄၁၁ ဦး တွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄၉၁၆၀ ရှိလာပြီး ၁၂၃၅၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၃၆၆၁ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား - အနာဒိုလူအေဂျင်စီ**
**ဘာသာပြန် - ဂျေတီ**

# ကျေးသီးမြို့နယ်၌ ငွေကျပ်သိန်း ၃၆၀၀၀၀ တန်ဖိုးရှိ အိုက်စ်များ သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် ဆီဘောက်ဆာယာဉ်နှင့် အိုက်စ်များအား တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**
ရှမ်းပြည်နယ် ကျေးသီးမြို့နယ်၌ ငွေကျပ်သိန်း ၃၆၀၀၀၀ တန်ဖိုးရှိ အိုက်စ် ကီလို ၁၈၀၀ ကို သိမ်းဆည်းရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ကျေးသီးမြို့နယ် မိုင်းနောင်-မိုင်းနန်း သွားကားလမ်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက မသင်္ကာဖွယ် ရပ်တန့်ထားသည့် ဆီဘောက်ဆာယာဉ်ကို ရှာဖွေရာ ယာဉ်မောင်းအား မတွေ့ရှိဘဲ ဆီသိုလှောင်ကန် အကန့်နှစ်ကန့်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဆာလာအိတ်များအတွင်းမှ ငွေကျပ်သိန်း ၃၆၀၀၀၀ တန်ဖိုးရှိ အိုက်စ် ကီလို ၁၈၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထားဝယ် အောက်တိုဘာ ၁၅**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ အမှတ်(၃၄)မူးယစ်ရဲတပ်ဖွဲ့စုမှ ဒုရဲအုပ်ဇင်မိုးဦး ဦးစီးအဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းမြို့ ရွှေပြည်စိုးကျေးရွာအုပ်စု ချောင်းဝကျေးရွာ ဓမ္မာရုံလမ်းရှိ ဘိလိယက်ခုံအနီး၌ မူးယစ်ဆေးဝါး ရောင်းချနေကြောင်းသတင်းအရ သွားရောက်ဖမ်းဆီးရာ နိုင်နိုင်စိုး(ခ)အတူးအား စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိသဖြင့် နိုင်နိုင်စိုး(ခ) အတူး အားလည်းကောင်း၊ အလားတူ ကော့သောင်းမြို့မရဲစခန်းမှ ဒုရဲအုပ်သက်နိုင်စိုး ဦးစီးအဖွဲ့သည် ယမန်နေ့ ည ၈ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ဗန္ဓုလလမ်းနေ ဇော်မင်းထိုက် (ခ)မင်းထိုက်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း ၎င်းနှင့်အတူ ကျော်ကျော်လွင် (ခ)ထွေးငယ်တို့အား စိတ်ကြွဆေးပြားများနှင့် မူးယစ်ဆေးဝါး သုံးစွဲနေသည်ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် ဇော်မင်းထိုက်တို့နှစ်ဦးအား ကော့သောင်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၃၈၀၊ သွင်းကုန် ၂၃၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၇၅၀ သန်း တန်ဖိုးရှိ စိန်ကလဲ့ကျေးရွာအနီးတွင် စုပုံထားသော တင်သွင်းရန် ကန့်သတ်တားမြစ်ထားသည့် အေးခဲကြက်သား(1 x 100 kg) (10 Pkgs) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အသိပေးနှိုးဆော်ချက်

COVID-19 ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်သူလူထုကလည်း လိုက်နာဆောင်ရွက်လျက်ရှိပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် Stay at Home အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုကာလသည် ရွေးကောက်ပွဲအကြိုကာလ အချိန်အခါလည်းဖြစ်သဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရလျက်ရှိပါသည်။

သို့သော် မကြာမီရက်များတွင် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိပြီး ယင်းကာလကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။


သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ ထိန်းချုပ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**



အောက်တိုဘာ ၁၃ ရက်က အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ တပ်ဖွဲ့ဝင် ၇၅ ဦး ရန်ကုန်သွေးဌာန၌ သွေးလှူဒါန်းရာ အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး(ရန်ကုန်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးသန်းမြင့်နှင့်အဖွဲ့ ကြည့်ရှုအားပေးစဉ်။

တင်ဝင်းတင်




# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာရင်းအင်းနေ့ အခမ်းအနား ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၅**
၂၀၂၀ ပြည့်နှစ် ကမ္ဘာ့စာရင်းအင်းနေ့ အခမ်းအနား (World Statistics Day 2020) ကို Virtual Event ပုံစံဖြင့် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို Mizzima TV Channel နှင့် https://www. facebook.com/centralstatisticalorganization တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်၍ စိတ်ပါဝင်စားသူများ လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**



# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

**ရွေးကောက်ပွဲများသည် -**

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

၂၃ ရက်သာ

လိုတော့သည်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ သတင်းနှင့်မှတ်တမ်းရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်ထား

နေပြည်တော် အောက်တိုဘာ ၁၅

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ရွေးကောက်ပွဲကျင်းပရာနေရာများ၌ သတင်းမှတ်တမ်းရယူဆောင်ရွက်မည့် ဝန်ထမ်းအင်အား စုစုပေါင်း ၇၈၂ ဦး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ သတင်းမှတ်တမ်းရယူရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်မည့်ဝန်ထမ်း ၁၅၅ ဦး၊ MITV Channel က ဝန်ထမ်း ၁၇ ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ ဦးစီးဌာနရုံးများမှ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်း ၅၂၂ ဦးနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းအင်အား ၈၈ ဦး စီစဉ်ဆောင်ရွက်ထားသည်။

အဆိုပါဝန်ထမ်းများအနေဖြင့် သတင်းရယူဆောင်ရွက်ရာတွင် ဌာနမှ ထုတ်ပေးထားသည့် ဝန်ထမ်းအသိအမှတ်ပြုကတ်ပြား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည့် သတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားများ တပ်ဆင်၍ ရွေးကောက်ပွဲ သတင်းရယူခြင်းဆိုင်ရာ လိုက်နာရမည့် သတင်းမီဒီယာကျင့်ဝတ်များ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး သတင်းရယူသွားမည်ဖြစ်သည်။

ထို့ပြင် အထွေထွေရွေးကောက်ပွဲတွင် သတင်းရယူကြမည့် နိုင်ငံတကာ သတင်းမီဒီယာသမားများကို ပြည်ဝင်ဗီဇာရရှိရေး၊ သတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားများရရှိရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ထောက်ခံညှိနှိုင်းပေးလျက်ရှိပြီး ယနေ့အထိ ရွေးကောက်ပွဲသတင်း ရယူရန်အတွက် ပြည်ဝင်ဗီဇာလိုအပ်သည့် သတင်းထောက် ၃၄ ဦးအပါအဝင် နိုင်ငံတကာသတင်းမီဒီယာအဖွဲ့အစည်း ၃၆ ခုမှ သတင်းထောက် ၁၅၈ ဦးအတွက် သတင်းရယူခွင့် အသိအမှတ်ပြုကတ်ပြားများရရှိရေး ထောက်ခံပေးပြီးဖြစ်ပြီး ဆက်လက်၍လည်း ထောက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




## ဆိုးလ်မြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးရန် ကျန်ရှိသူများအတွက် အောက်တိုဘာ ၁၈ ရက်၌ မဲရုံဖွင့်လှစ်ပေးသွားမည်

နေပြည်တော် အောက်တိုဘာ ၁၅

ဆိုးလ်မြို့ မြန်မာသံရုံး၌ ကြိုတင်ဆန္ဒမဲပေးရန် ကျန်ရှိသူများအတွက် အောက်တိုဘာ ၁၈ ရက်၌ မဲရုံအား ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဆိုးလ်မြို့ရှိ မြန်မာနိုင်ငံသံရုံးက အောက်တိုဘာ ၁၂ ရက် ရက်စွဲဖြင့် မဲဆန္ဒရှင်များသို့ အသိပေးကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများက ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ဆိုးလ်မြို့ မြန်မာသံရုံး၌ အောက်တိုဘာ ၂ ရက်မှ ၁၂ ရက်အထိ မဲရုံဖွင့်လှစ်ပေးခဲ့ကြောင်း။

မဲရုံဖွင့်လှစ်ရက် ၁၁ ရက်မြောက်နေ့ဖြစ်သည့် အောက်တိုဘာ ၁၂ ရက် ည ၉ နာရီအထိ မဲရုံဖွင့်လှစ်ခဲ့ရာ မဲဆန္ဒရှင် ၁၂၀ လာရောက်မဲပေးခဲ့ကြကြောင်း၊ သို့ဖြစ်၍ မဲရုံဖွင့်လှစ်ခဲ့သည့် ၁၁ ရက်တာကာလအတွင်း ကိုရီးယားနိုင်ငံရောက် မဲဆန္ဒရှင် စုစုပေါင်း ၇၈၀၆ ဦးတို့က စိတ်အားထက်သန်စွာဖြင့် တက်ကြွစွာလာရောက်မဲပေးခဲ့ကြသည့်အတွက် ကိုရီးယားနိုင်ငံရှိ ဆန္ဒမဲပေးရန်ခွင့်ပြုထားသူများ၏ ၇၉ ဒသမ ၂ ရာခိုင်နှုန်းထိ ရရှိခဲ့ပြီးဖြစ်သဖြင့် ဆိုးလ်မြို့ မြန်မာသံရုံးက လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း။

သို့ရာတွင် မဲပေးရန်ကျန်ရှိသည့် မဲဆန္ဒရှင်များအနက် ထပ်တိုးဆန္ဒမဲလက်မှတ်များသည် အောက်တိုဘာ ၁၁ ရက် ညမှရောက်ရှိလာသည့်အတွက် ရပ်ဝေးဒေသများမှ လာရောက်ရန် အချိန်မမီ၍သော်လည်းကောင်း၊ သံရုံး၏ ကြေညာချက်အား မသိရှိ/သတိမထားမိ၍သော်လည်းကောင်း၊ အလုပ်ခွင်မအားလပ်၍သော်လည်းကောင်း အောက်တိုဘာ ၁၂ ရက်နေ့အမီ ဆန္ဒမဲလာရောက်ပေးခွင့် မရရှိခဲ့သူများ ကျန်ရှိနေသေးသည်ဟု အလွတ်သဘော သိရှိရကြောင်း။

သို့ဖြစ်၍ မဲပေးရန်ကျန်ရှိသူများအတွက် ငါးနှစ်တစ်ကြိမ်သာရရှိသည့် ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးကို ဆိုးလ်မြို့ မြန်မာသံရုံးက အလေးထားစဉ်းစားသည့်အနေဖြင့် အမှန်တကယ် ဆန္ဒမဲပေးလိုသူများအနေဖြင့် ကြိုတင်ဆန္ဒမဲထပ်မံပေးနိုင်ရန် ဆိုးလ်မြို့ မြန်မာသံရုံးသည် အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ မဲရုံအား ထပ်မံတိုးမြှင့်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

သတင်းစဉ်

## ဗန်ကောက်မြို့နှင့် စင်ကာပူမြို့တို့ရှိ မြန်မာသံရုံး နှစ်ရုံးတွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေး

နေပြည်တော် အောက်တိုဘာ ၁၅

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ယနေ့တွင် ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြရာ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၃၈၂ ဦးနှင့် စင်ကာပူမြို့ရှိ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၀၅၄ ဦးတို့ ကြိုတင်ဆန္ဒမဲများ ဆက်လက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာသံရုံးများ၌ ကြိုတင်ဆန္ဒမဲလာရောက်ပေးသူများအား သက်ဆိုင်ရာနိုင်ငံများမှ ချမှတ်ထားသော ကိုဗစ်ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စည်းကမ်းများနှင့်အညီ ဖြစ်စေရေး မဲရုံအတွင်းသို့မဝင်မီ ကိုယ်အပူချိန်တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များဖြင့် စနစ်တကျ လက်သန့်စေခြင်း၊ တစ်ခါသုံးလက်အိတ်နှင့် နှာခေါင်းစည်းများ ပံ့ပိုးပေးခြင်းတို့ကို စနစ်တကျစီစဉ်၍ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီး မဲဆန္ဒရှင်များကလည်း မြန်မာသံရုံးမှ စီစဉ်ဆောင်ရွက်ထားရှိသည့်အတိုင်း လိုက်နာကာ စနစ်တကျ ဆန္ဒမဲများ ပေးခဲ့ကြကြောင်း သိရသည်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံး နှစ်ရုံး၌ မဲဆန္ဒရှင် စုစုပေါင်း ၁၄၃၆ ဦးတို့ ကြိုတင်ဆန္ဒမဲ လာရောက်ပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများ ဗန်ကောက်မြို့၌ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

✻ ကျောဖုံးမှ

မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၁၅-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂,၉၇၅) ဦး | (၄၆၄,၅၅၇) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၀၂၆) ဦး | (၃၂,၃၅၁) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၈၄၀) ဦး | (၁၄,၇၀၆) ဦး |
| သေဆုံးလူနာ | (၃၃) ဦး | (၇၆၅) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ(၃၃)ဦးအနက် ရောဂါအခံရှိသူ (၂၃)ဦးပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ (၂,၀၃၇) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၅၆၁၂၄ | ၅၂၈၀၀၀၄ | ၂၂၁၈၉၅ |
| ၂။ | အိန္ဒိယ | ၇၃၀၉၁၆၄ | ၆၃၈၃၄၄၁ | ၁၁၁၃၃၇ |
| ၃။ | ဘရာဇီး | ၅၁၄၁၄၉၈ | ၄၅၆၈၈၁၃ | ၁၅၁၇၇၉ |
| ၄။ | ရုရှား | ၁၃၅၄၁၆၃ | ၁၀၄၈၀၉၇ | ၂၃၄၉၁ |
| ၅။ | စပိန် | ၉၃၇၃၁၁ | စိစစ်ဆဲ | ၃၃၄၁၃ |
| ၆။ | အာဂျင်တီးနား | ၉၃၁၉၆၇ | ၇၅၁၁၄၆ | ၂၄၉၂၁ |
| ၇။ | ကိုလံဘီယာ | ၉၃၀၁၅၉ | ၈၁၆၆၆၇ | ၂၈၃၀၆ |
| ၈။ | ပီရူး | ၈၅၆၉၅၁ | ၇၅၉၅၉၇ | ၃၃၅၁၂ |
| ၉။ | မက္ကဆီကို | ၈၂၉၃၉၆ | ၆၀၃၈၂၇ | ၈၄၈၉၈ |
| ၁၀။ | ပြင်သစ် | ၇၇၉၀၆၃ | ၁၀၃၄၁၃ | ၃၃၀၃၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၄၉၁၆၀ | ၂၇၃၆၆၁ | ၁၂၂၆၈ |
| ၂။ | ဖိလစ်ပိုင် | ၃၄၈၆၉၈ | ၂၉၄၁၆၁ | ၆၄၉၇ |
| ၃။ | စင်ကာပူ | ၅၇၈၉၂ | ၅၇၇၅၂ | ၂၈ |
| ၄။ | မြန်မာ | ၃၂၃၅၁ | ၁၄၇၀၆ | ၇၆၅ |
| ၅။ | မလေးရှား | ၁၈၁၂၉ | ၁၂၀၁၄ | ၁၇၀ |
| ၆။ | ထိုင်း | ၃၆၆၅ | ၃၄၆၃ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၁၂၄ | ၁၀၃၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၈၃ | ၂၇၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၇ | ၁၄၃ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တက္ကသိုလ်များမှ မြန်မာစာမိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရန်ကုန်တက္ကသိုလ် မြန်မာစာ ကျောင်းသားဟောင်းများအသင်းက စုပေါင်းလှူဒါန်း ငွေကျပ်သိန်း ၆၀၊ မန္တလေးတက္ကသိုလ် မြန်မာစာမိသားစု များနှင့် မိတ်ဆွေများက လှူဒါန်းငွေကျပ်သိန်း ၄၀ စုစုပေါင်း ငွေကျပ်သိန်း ၁၀၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ ယနေ့နံနက်ပိုင်းက ဘဏ်မှတစ်ဆင့် သီးခြားစီပေးပို့လှူဒါန်းခဲ့ကြောင်း ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးမျိုးသန့်ထံမှ သိရသည်။

ကြေးမုံ

## မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့၊ တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ထိန်းသိမ်းခံမြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁၅**

မလေးရှားနိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ အစီအမံများကြောင့် အခက်အခဲကြုံတွေ့နေကြသော အထောက် အထားမဲ့၊ တရားမဝင် မြန်မာနိုင်ငံသား ၉၈ ဦးနှင့် ထိန်းသိမ်းခံ မြန်မာနိုင်ငံသား ၄၀ စုစုပေါင်း မြန်မာနိုင်ငံသား ၁၃၈ ဦးတို့အား အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိသည်။

အထောက်အထားမဲ့၊ တရားမဝင် မြန်မာ နိုင်ငံသားများ မြန်မာနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် မလေးရှားနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေ နှင့်စည်းမျဉ်းစည်းကမ်းများအရ မလေးရှား နိုင်ငံတွင်းသို့ တရားမဝင် ဝင်ရောက်လာခဲ့သူ များအနေဖြင့် ထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ် ပေးဆောင်ရန်နှင့် နှစ်နှစ်ကျော် နေထိုင်ခဲ့ပါက ဒဏ်ကြေးငွေ ရင်းဂစ် ၃၁၀၀ ပေးဆောင်ရန်ဟု သတ်မှတ်ထားသဖြင့် ကွာလာလမ်ပူမြို့ မြန်မာ သံရုံးမှ တရားမဝင်၊ အထောက်အထားမဲ့ မြန်မာနိုင်ငံသားဆိုသူများ စာရင်းအား ပြုစု ကောက်ခံလျက် မြန်မာနိုင်ငံသား မှန်ကန်မှု ရှိ၊ မရှိ စိစစ်အတည်ပြုခြင်း၊ စိစစ်ပြီးဖြစ်သည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများအား ပြန်လည် ခေါ်ဆောင်နိုင်ရေးနှင့် ပေးဆောင်ရ မည့်ဒဏ်ကြေးငွေများ ကင်းလွတ်ခွင့်ရရှိရေးတို့ အတွက် မလေးရှားနိုင်ငံ အစိုးရထံ ညှိနှိုင်း မေတ္တာရပ်ခံခဲ့သည်။

မလေးရှားနိုင်ငံအစိုးရထံမှ သဘောတူညီ ချက်ရရှိရေးအတွက် ကွာလာလမ်ပူမြို့ မြန်မာ သံရုံးနှင့် ရန်ကုန်မြို့ရှိ မလေးရှားသံရုံးတို့မှ တစ်ဆင့် သံတမန်နည်းလမ်းဖြင့်လည်းကောင်း၊ မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများစွာနှင့် အကြိမ်ကြိမ်တွေ့ဆုံ၍လည်းကောင်း နည်းလမ်း ပေါင်းစုံဖြင့် ညှိနှိုင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ထိုသို့ညှိနှိုင်းခဲ့မှုကြောင့် မြန်မာ-မလေးရှားနှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ရှေးရှုလျက် အရေးပေါ်ပြန်ရန် လိုအပ်လျက်ရှိသော ကိုယ်ဝန်ဆောင် အမျိုးသမီးများအပါအဝင် မြန်မာနိုင်ငံသား စုစုပေါင်း ၁၁၉ ဦးအား မလေးရှားနိုင်ငံအစိုးရက ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပေးခဲ့ပြီး မြန်မာနိုင်ငံအစိုးရက စီစဉ်သော ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခွင့်ပြုခဲ့သည်။



ကွာလာလမ်ပူမြို့ မြန်မာသံရုံးအနေဖြင့်လည်း အဆိုပါ မြန်မာနိုင်ငံသား ၁၁၉ ဦးအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity)ထုတ်ပေးခြင်းနှင့် မလေးရှားနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ Special Pass ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သို့ဖြစ်ရာ ယနေ့အထိ မလေးရှားနိုင်ငံတွင် ရောက်ရှိနေသော အထောက်အထားမဲ့၊ တရားမဝင် မြန်မာနိုင်ငံသားများ၊ ထိန်းသိမ်းခံမြန်မာ နိုင်ငံသားအပါအဝင် မလေးရှားနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေကြသော မြန်မာနိုင်ငံ သား စုစုပေါင်း ၃၁၁၈ ဦးကို ကယ်ဆယ်ရေး လေယာဉ်၊ အထူးလေယာဉ်များ ပြေးဆွဲလျက် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြင်သစ်နိုင်ငံမှ ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပြင်သစ်နိုင်ငံမှ ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် အသုံးပြုရန်အတွက် ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Christian Lechervy က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်အေးထံ ပြင်သစ် သံအမတ်ကြီး Mr. Christian Lechervy က ဆေးပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ဆေးပစ္စည်းများလှူဒါန်း**

ယနေ့ လှူဒါန်းပွဲတွင် ပြင်သစ်နိုင်ငံမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးတွင် အသုံးပြုရန်အတွက် ယူရိုငွေ ၅၀၀၀၀ နှင့်ညီမျှသော ဆေးပစ္စည်းကိရိယာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-မင်းသစ်(MNA)

**ကိုဗစ် -၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျလက်ဆေးစို့**

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ



**ကိုဗစ်ရောဂါနဲ့ပတ်သက်ပြီး နိုင်ငံတကာသတင်းတွေကို လေ့လာမယ်ဆိုရင်လည်း တခြားနိုင်ငံတွေမှာလည်း တော်တော်ပြန့်နေတယ်ဆိုတာတော့ သတိပြုမိမယ်လို့ ထင်ပါတယ်။ ဒုတိယလှိုင်းပေါ့။ တချို့က တတိယလှိုင်းတောင်ရောက်ပြီလို့ ခန့်မှန်းတဲ့သူတွေ ရှိပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဒုတိယလှိုင်း၊ တချို့နိုင်ငံတွေမှာတော့ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်။ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ ဘာကြောင့်ထိန်းထားနိုင်လဲလို့ ကြည့်လိုက်ရင် နိုင်ငံချမ်းသာတာနဲ့လည်း မဆိုင်ဘူး။ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ နောက်ဆုံးကျတော့ ပြည်သူတွေ စည်းကမ်းရှိမှု၊ ပြည်သူတွေ စည်းမျဉ်းစည်းကမ်း လိုက်နာမှုနဲ့ပဲ ဆိုင်တယ်ဆိုတာ ထပ်ပြီး ကျွန်မ သတိပေးပါရစေ။**

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၆:၀၀)နာရီ**

၁။ (၁၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၈၈၈) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်တောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မြောက်ဥက္ကလာပ | ၆၄ |
| | | သဃ်န်းကျွန်း | ၅၂ |
| | | လှိုင်သာယာ | ၄၉ |
| | | အင်းစိန် | ၄၂ |
| | | မင်္ဂလာဒုံ | ၃၉ |
| | | သန်လျင် | ၃၉ |
| | | ကမာရွတ် | ၃၆ |
| | | မရမ်းကုန်း | ၂၆ |
| | | ဒဂုံဆိပ်ကမ်း | ၂၁ |
| | | မရမ်းကုန်း | ၂၁ |
| | | တွံတေး | ၁၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၈ |
| | | မင်္ဂလာတောင်ညွန့် | ၁၇ |
| | | ရွှေပြည်သာ | ၁၄ |
| | | လှိုင် | ၁၃ |
| | | တာမွေ* | ၁၃ |
| | | တိုက်ကြီး | ၁၁ |
| | | ကြည့်မြင်တိုင် | ၁၀ |
| | | တောင်ဥက္ကလာပ | ၁၀ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၀ |
| | | လမ်းမတော် | ၁၀ |
| | | စမ်းချောင်း | ၉ |
| | | လသာ | ၇ |
| | | သာကေတ | ၆ |
| | | ပန်းဘဲတန်း | ၅ |
| | | ဒဂုံ | ၅ |
| | | ရန်ကင်း | ၅ |
| | | အလုံ | ၅ |
| | | ဒေါပုံ | ၄ |
| | | ဗဟန်း | ၃ |
| | | ဗိုလ်တထောင် | ၃ |
| | | လှည်းကူး | ၃ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၂ |
| | | ဒလ | ၂ |
| | | ပုဇွန်တောင် | ၂ |
| | | ထန်းတပင် | ၁ |
| | | ခရမ်း | ၁ |
| | | စုစုပေါင်း | ၅၉၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အမရပူရ | ၁၃ |
| | | ချမ်းအေးသာစံ | ၁၁ |
| | | မဟာအောင်မြေ | ၇ |
| | | အောင်မြေသာစံ | ၅ |
| | | ကျောက်ပန်းတောင်း | ၂ |
| | | ပျော်ဘွယ် | ၂ |
| | | စဉ့်ကူး | ၂ |
| | | မိတ္ထီလာ | ၁ |
| | | မလှိုင် | ၁ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | စုစုပေါင်း | ၄၅ |
| ၃။ | ရခိုင်ပြည်နယ် | မောင်တော | ၂၄ |
| | | စစ်တွေ | ၈ |
| | | ပုဏ္ဏားကျွန်း | ၄ |
| | | ကျောက်တော် | ၄ |
| | | ဘူးသီးတောင် | ၃ |
| | | ကျောက်ဖြူ | ၃ |
| | | အမ်း | ၂ |
| | | သံတွဲ | ၁ |
| | | စုစုပေါင်း | ၄၉ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ဖြူး | ၄၆ |
| | | နတ်တလင်း | ၁၁ |
| | | ရွှေတောင် | ၁၁ |
| | | ဝေါ | ၁၀ |
| | | မိုးညို | ၁၀ |
| | | သာယာဝတီ | ၉ |
| | | ပန်းတောင်း | ၈ |
| | | ဇီးကုန်း | ၇ |
| | | ရေတာရှည် | ၆ |
| | | ပေါက်ခေါင်း | ၆ |
| | | ပြည် | ၄ |
| | | ကဝ | ၄ |
| | | ဒိုက်ဦး | ၂ |
| | | သဲကုန်း | ၂ |
| | | လက်ပံတန်း | ၂ |
| | | အုတ်ဖို | ၂ |
| | | ပဲခူး | ၁ |
| | | ထန်းတပင် | ၁ |
| | | စုစုပေါင်း | ၁၄၂ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၁ |
| | | ဒေးဒရဲ | ၁ |
| | | ကျုံပျော် | ၁ |
| | | စုစုပေါင်း | ၃ |
| ၆။ | မွန်ပြည်နယ် | ရေး | ၁ |
| | | မော်လမြိုင် | ၁ |
| | | စုစုပေါင်း | ၂ |
| ၇။ | မကွေးတိုင်းဒေသကြီး | သရက် | ၂ |
| | | နတ်မောက် | ၁ |
| | | ပွင့်ဖြူ | ၁ |
| | | စုစုပေါင်း | ၄ |
| ၈။ | နေပြည်တော် | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၁ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ချောင်းဦး | ၃ |
| | | ခင်ဦး | ၃ |
| | | စစ်ကိုင်း | ၂ |
| | | ကလေး* | ၁ |
| | | ပုလဲ | ၁ |
| | | စုစုပေါင်း | ၁၀ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၉ |
| | | ဘုတ်ပြင်း | ၁ |
| | | မြိတ် | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၁၁။ | ကရင်ပြည်နယ် | ဘားအံ | ၁၃ |
| | | လှိုင်းဘွဲ့* | ၇ |
| | | မြဝတီ | ၂ |
| | | စုစုပေါင်း | ၂၂ |
| ၁၂။ | ချင်းပြည်နယ် | တီးတိန်* | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၃။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ပင်လောင်း | ၁ |
| | | ပင်းတယ | ၁ |
| | | စုစုပေါင်း | ၂ |
| (၁၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | | (၈၈၈) ဦး |

* တာမွေမြို့နယ်မှ (၁)ဦး၊ လှိုင်းဘွဲ့မြို့နယ်မှ (၁)ဦး၊ ကလေးမြို့နယ်မှ (၁)ဦး နှင့် တီးတိန်မြို့နယ်မှ (၁)ဦးတို့သည် ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၁၄-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၈၈၈) ဦးတွင် အနံ့မရရှိသူ (၁၈၀) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု(ယာယီ)၌ အမေရိကန်ဒေါ်လာ ၃၆၆၆၅ သန်း ဆောင်ရွက်ခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ ၁၅၁၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၆၆၆၅ သန်းတွင် ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆၄၃ သန်းနှင့် ပြည်ပသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၀၂၂ သန်းဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၇၀၆၀၊ ပြည်ပသွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈၀၈၇ သန်းဖြစ်၍ ပြည်ပကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၅၁၄၇ သန်း ဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန် ဒေါ်လာ ၅၈၃ သန်း၊ သွင်းကုန် ဒေါ်လာ ၉၃၅ သန်းနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၁၈ သန်းပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်ဘဏ္ဍာနှစ်ဖြင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ယာယီ) | ၂၀၁၈-၂၀၁၉ | နှိုင်းယှဉ်ချက် (တိုး(+)/ လျော့(-)) |
|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၃၇၂၅.၄၃၃ | ၃၂၆၁.၅၉၆ | ၄၆၃.၈၃၇ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်းများ | ၁၀၇.၇၄၀ | ၃၆၆.၃၅၈ | (-) ၂၅၈.၆၁၈ |
| ၃ | ရေထွက်ပစ္စည်းများ | ၈၅၈.၈၆၉ | ၇၃၂.၁၆၄ | ၁၂၆.၇၀၅ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁၈၇၀.၉၄၄ | ၁၄၆၅.၄၆၀ | ၄၀၅.၄၈၄ |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၅၄.၀၉၈ | ၁၇၄.၇၈၉ | (-) ၂၀.၆၉၁ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉၉၆၀.၇၉၂ | ၁၀၂၉၀.၉၆၁ | (-) ၃၃၀.၁၆၉ |
| ၇ | အခြားပစ္စည်းများ | ၉၆၅.၁၅၆ | ၇၆၉.၀၈၉ | ၁၉၆.၀၆၇ |
| | စုစုပေါင်း | ၁၇၆၄၃.၀၃၂ | ၁၇၀၆၀.၄၁၇ | ၅၈၂.၆၁၅ |

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်ဘဏ္ဍာနှစ်ဖြင့်နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၁၉-၂၀၂၀ (ယာယီ) | ၂၀၁၈-၂၀၁၉ | နှိုင်းယှဉ်ချက် (တိုး(+)/ လျော့(-)) |
|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၇၃၀၇.၀၉၆ | ၅၈၆၁.၄၄၅ | ၁၄၄၅.၆၅၁ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၆၈၆၀.၉၆၇ | ၇၃၇၉.၆၈၅ | (-) ၅၁၈.၇၁၈ |
| ၃ | လူသုံးကုန်ပစ္စည်း | ၄၈၅၄.၃၃၄ | ၄၈၄၅.၄၆၇ | ၈.၈၆၇ |
| | စုစုပေါင်း | ၁၉၀၂၂.၃၉၇ | ၁၈၀၈၆.၅၉၇ | ၉၃၅.၈၀၀ |

## ရေရှားပါးသောဒေသများအတွက် စက်ရေတွင်းများ စဉ်ဆက်မပြတ် တူးဖော်လှူဒါန်းလျက်ရှိ



**မန္တလေး အောက်တိုဘာ ၁၅**

ကမ္ဘောဇဘဏ်က ရေရှားပါးသောဒေသများအတွက် ပူပြင်းခြောက်သွေ့သောရာသီတွင် ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် စက်ရေတွင်းများ ဆက်လက်တူးဖော်လှူဒါန်းလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတက်ဆုံမူးယစ်စစ်ဆေးရေးဂိတ်၌ စက်ရေတွင်း တူးဖော်အောင်မြင်ခဲ့ကြောင်း သိရသည်။

စက်ရေတွင်းကို အင်္ဂလန်နိုင်ငံထုတ် Heavy Duty Dando အမှတ် (၂) ရေတွင်းတူးစက်ကြီးဖြင့် အောက်တိုဘာ ၉ ရက်က စတင်တူးဖော်ခဲ့ရာ အောက်တိုဘာ ၁၄ ရက်က အနက်ပေ ၃၀၀ အရောက်တွင် တစ်နာရီ ရေထွက်ဂါလန် ၃၆၀၀ ဖြင့် တူးဖော်အောင်မြင်ခဲ့သည်။ ယင်းစက်ရေတွင်းသည် ကမ္ဘောဇဘဏ်က နိုင်ငံတစ်ဝန်းတွင် ပြည်သူများအတွက် တူးဖော်လှူဒါန်းလျက်ရှိသော စက်ရေတွင်းများအနက် ၂၈၁ တွင်း မြောက်ဖြစ်ပြီး အခြားရေရှားပါးသောဒေသများတွင် ဆက်လက်တူးဖော်လှူဒါန်းသွားမည်ဖြစ်သည်။

အလားတူ အင်္ဂလန်နိုင်ငံထုတ် Heavy Duty Dando အမှတ် (၂) ရေတွင်းတူးစက်ကြီးသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းညောင်ပင်ထောင်ရပ်ကွက် ဆန္ဒမွန်အထွေထွေရောဂါကုဆေးရုံတွင် စက်တင်ဘာလအတွင်းက အနက်ပေ ၄၁၀ အရောက်တွင် တစ်နာရီရေဂါလန် ၁၀၀၀ ဖြင့် ရေအောင်ခဲ့ပြီး ဒေသခံများအတွက် သောက်သုံးရေ ပံ့ပိုးနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်နှင့် ညီနောင်ကုမ္ပဏီများဖြစ်သော KBZ General Insurance၊ KBZ Life၊ MAI နှင့် Air KBZတို့သည် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ငွေကျပ် ၇၇၅၈၆ သိန်းအထိ လှူဒါန်းထားပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် ယနေ့အချိန်အထိ ကဏ္ဍအသီးသီးတွင် အလှူငွေ စုစုပေါင်း ဘီလီယံ ၁၇၀ ကျော် လှူဒါန်းခဲ့သည်။

ကိုကျော်



## ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းမိသားစုဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ရန်ကုန် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် ဗဟန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင် ၆၃၆ ဦးအား အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများကို ယနေ့နံနက် ၁၀ နာရီက ဗဟန်းမြို့နယ် ကျောက်ဆည်ဓမ္မာရုံ၌ ရန်ကုန်တိုင်းတပ်နယ်မှ တာဝန်ရှိသူများနှင့် ဗဟန်းမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အမှုဆောင်များက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အေးသန်း(စိန်တုံးကြီး)

## ကိုဗစ်-၁၉ ကာလအတွင်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သားများအား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်

**လှိုင်ကော် အောက်တိုဘာ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ကယားပြည်နယ်ရှိ ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းများအား စနစ်တကျကြီးကြပ်ရေးကော်မတီကြီးကြပ်မှုအောက်ရှိ ခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်လိုင်းများမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သားများအား ဆန်နှင့်ဆီများကို ယနေ့ နံနက်ပိုင်းက ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ပုဂ္ဂလိကမော်တော်ယာဉ် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံအေးက ကိုဗစ်-၁၉ ကာလမှာ ကယားပြည်နယ်အစိုးရ၏ ညွှန်ကြားချက်အရ ပြည်နယ်မှအဝေးပြေးယာဉ်လိုင်း ပြေးဆွဲနေသည့် ယာဉ်လိုင်းအသီးသီးကို ခေတ္တရပ်နားထားသည်မှာ တစ်လကြာပြီဖြစ်သဖြင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဂိတ်လုပ်သားများ စားဝတ်နေရေး အခက်အခဲရှိလာသဖြင့် ယခုလို ထောက်ပံ့ရခြင်းဖြစ်ကြောင်း ပြောသည်။

**တတိယအကြိမ်မြောက် ထောက်ပံ့**

အဆိုပါ အဝေးပြေးမော်တော်ယာဉ်လိုင်းတွင် တာဝန်ထမ်းဆောင်နေသည့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ ဂိတ်ဝန်ထမ်းနှင့် လုပ်သား ၇၀၀ ခန့်အား တစ်ဦးလျှင် ဆန် ၁၂ ပြည်နှင့် ဆီ တစ်ပိဿာစီ ထောက်ပံ့ခဲ့ပြီး ကိုဗစ်-၁၉ ကာလအတွင်း ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ဂိတ်လုပ်သားများအား တတိယအကြိမ်မြောက် ထောက်ပံ့ပေးပြီးဖြစ်ကြောင်း သိရသည်။

စိုးလှိုင်ဌေး(ပြန်/ဆက်)

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

## တောင်ငူခရိုင်ရှိ ရဲမှုထမ်းဟောင်းများအား ရိက္ခာလေးမျိုး ထောက်ပံ့ပေးအပ်

**တောင်ငူ အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ခြောက်မြို့နယ်အတွင်းရှိ ရဲမှုထမ်းဟောင်းများအား ရိက္ခာပစ္စည်းလေးမျိုး ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက တောင်ငူမြို့နယ် ကေတုမတီမြို့သစ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည်။



**ဆောင်ရွက်ပေး**


အခမ်းအနားသို့ တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်မျိုးနှင့် ရဲမှုထမ်းဟောင်း ၅၀ တက်ရောက်ခဲ့ပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် တပ်နယ်အရာရှိကြီးများက ၁၄ ရက်စာ ရိက္ခာအဖြစ် ဆန် (၃) ပြည် (၇) လုံး၊ ဆီ (၂၈) ကျပ်သား၊ ပဲ(၄၂) ကျပ်သား၊ ဆား (၂၄) ကျပ်သားတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် ရဲမှုထမ်းဟောင်း ၅၀ အား ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ ( ၄၂ )

# မိမိမဲဆန္ဒနယ်သို့ပြန်လည်၍ မဲပေးခြင်းမပြုနိုင်သည့် ပြင်ပရောက်မဲဆန္ဒရှင်များ



မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန် ရက်ပေါင်း ၂၃ ရက်သာလိုပါတော့သည်။ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေများအရ သက်ဆိုင်ရာက ထုတ်ပြန်သော ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်သို့ပြန်လည်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များရှိနေကြသည်။ ထိုမဲဆန္ဒရှင်များအတွက် ဆန္ဒမဲပေးနိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မည်သို့စီမံဆောင်ရွက်ထားပါသနည်း။ အနှစ်ချုပ် မျှဝေပါရစေ။

## ဥပဒေပြဋ္ဌာန်းချက်

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၄ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး၊ တရားမျှတမှုရှိစေရေးကို ရှေးရှုလျက် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နေထိုင်ကြရသဖြင့် မိမိ၏မဲစာရင်းပါရှိရာ မဲဆန္ဒနယ်သို့ပြန်လည်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ၏ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် အထူး ကိစ္စတစ်ရပ်အနေဖြင့် မဲဆန္ဒရှင်များရောက်ရှိရာဒေသတွင် ပုံစံ (၁၅) လျှောက်ထားသည့် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်ကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၈-၁၀-၂၀၂၀ ရက်နေ့တွင် မဲဆန္ဒရှင်များသို့ အသိပေးထုတ်ပြန်ခဲ့သည်။

## မဲဆန္ဒရှင်များက ပုံစံ (၁၅) လျှောက်ထားခြင်း

ပုံစံ (၁၅) ဖြင့် လျှောက်ထားလိုသူသည် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်ဖြစ်ရန် လိုအပ်ပါသည်။

## မဲဆန္ဒရှင်များလိုက်နာရန်အချက်များ

မိမိယခုရောက်ရှိနေသည့်ဒေသရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ဆက်သွယ်ပါ၊ မိမိ အတွက် ပုံစံ (၁၅) ဖြင့်လျှောက်ထားလိုကြောင်း သက်ဆိုင်ရာတာဝန်ရှိသူထံသို့ တင်ပြပါ၊ [ပုံစံ (၁၅)ဖြင့် လျှောက်မည်ဆိုပါက မိမိအနေဖြင့် ပုံစံ (၃-က) ဖြင့် ယခင်ကလျှောက်လွှာတင်၍ လျှောက်ထားခဲ့ခြင်း မရှိကြောင်းကို အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူကို ပြောပြပါ၊ ပုံစံ (၃-က) ဖြင့် လျှောက်ထားပြီးပါက ပုံစံ (၁၅) ဖြင့် ထပ်မံလျှောက်ထားခွင့် မရှိပါ]။

အဆိုပါ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူထံတွင် ပုံစံ (၁၅) တောင်းယူပါ၊ (သို့မဟုတ်) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uec.gov.mm သို့ ဝင်ရောက်၍ ပုံစံ(၁၅) ကို Download ရယူပါ။

ပုံစံ (၁၅) တွင် လိုအပ်သော အချက်အလက်များကို ပြည့်စုံစွာဖြည့်စွက်ပါ၊ (အချက်အလက် မပြည့်စုံသဖြင့် စိစစ်၍မရလျှင် မဲလက်မှတ်ထုတ်ပေးရန် အခက်အခဲရှိနိုင်သည့်အတွက် ဂရုပြုဆောင်ရွက်ရန် လိုပါသည်)၊ ဖြည့်စွက်ပြီးသော ပုံစံ (၁၅) ကို မိမိဆက်သွယ်ရယူထားသည့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ တာဝန်ရှိသူထံသို့ ပြန်လည်ပေးအပ်ပါ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက မိမိထံသို့ ပြန်လည် ဆက်သွယ်နိုင်ရန် လိပ်စာ၊ ဖုန်းနံပါတ်ပေးခဲ့ပါ။

## မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ဆောင်ရွက်ခြင်း

မဲဆန္ဒရှင်ရောက်ရှိနေသည့် ဒေသမှ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒရှင်က လျှောက်ထားသည့် ပုံစံ (၁၅) ကို လက်ခံပြီးပါက မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံသို့ ဆောလျင်စွာရောက်ရှိစေရန် Fax, Email အစရှိသည်တို့ကို အသုံးပြု၍ ယင်းပုံစံ (၁၅) ကို ဆက်လက်ပေးပို့ပါ။

မဲဆန္ဒရှင်က လျှောက်ထားသည့် ပုံစံ (၁၅) ပါ အချက်အလက်များအရ မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ)ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၁၅) ပေးပို့လျှင် ကြာမည့် အချိန်၊ ကြိုတင်ဆန္ဒမဲလက်မှတ်များ ရောက်ရှိလာနိုင်သည့်အချိန်၊ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များ ပြန်လည်ပေးပို့ရာတွင် ကြာမည့်အချိန်တို့ကို သက်ဆိုင်ရာမဲဆန္ဒရှင်သို့ ကြိုတင်အသိပေးရှင်းပြပါ၊ ( ဆက်သွယ်ဆောင်ရွက်ရေး လွယ်ကူချောမွေ့စေရန် မဲဆန္ဒရှင်၏ တယ်လီဖုန်း နံပါတ်ရယူထားရန် ) ပုံစံ (၃-က) ဖြင့်လျှောက်ထားပြီးပါက ပုံစံ (၁၅) ဖြင့် လျှောက်ထားခြင်းကို လက်မခံရပါ။

မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသည် လုပ်ငန်းပိုမို မြန်ဆန်စေရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲကို မိမိရုံးသို့ ခေါ်ယူ၍ ပုံစံ (၁၅)တွင်ပါရှိသော အမည်နှင့် မဲဆန္ဒရှင်စာရင်းတို့ကို တိုက်ဆိုင်စစ်ဆေးစေပြီး မှန်ကန်ပါက ၎င်းမဲဆန္ဒရှင်၏အမည်ကို မဲစာရင်းပုံစံ (၁) တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူဖြစ်ကြောင်း မှတ်သားထားစေပါ။

မဲစာရင်းတွင် မင်နီဖြင့် မျဉ်းသား၍ မှတ်သားပြီးပါက ပုံစံ (၁၅) ဖြင့် တောင်းဆိုသော ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းပုံစံ (၁-၁) တွင် ဖြည့်စွက်၍ မှတ်တမ်းတင်ပါ၊ ပုံစံ (၁-၁) မိတ္တူနှစ်စောင်ကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင်ထားရှိ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတွင် မူရင်းတစ်စောင် လက်ခံထားရှိစေပြီး မိတ္တူတစ်စောင်ကို ကပ်ထားစေရေး ဆောင်ရွက်ပါ။

၎င်းမဲဆန္ဒရှင်၏အမည်ကို မဲစာရင်းတွင် မင်နီဖြင့် မျဉ်းသား၍ မှတ်သားခြင်းနှင့် ပုံစံ (၁-၁) တွင် ဖြည့်စွက်၍ မှတ်တမ်းတင်ခြင်းတို့ဆောင်ရွက်ပြီးပါက မဲဆန္ဒနယ်ပြင်ပ (ပြည်တွင်း) ကြိုတင်ဆန္ဒမဲ လက်မှတ်ပေးပို့ရန် ဆောင်ရွက်ပါ၊ ပေးပို့မည့်ကြိုတင်ဆန္ဒမဲလက်မှတ်၏နောက်ကျောဘက်တွင် မဲလက်မှတ်ထုတ်ပေးသူက အမည်ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး သက်ဆိုင်သည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတံဆိပ်ရိုက်နှိပ်ပါ၊ အထက်ပါအချက်များ ဆောင်ရွက်ပြီးပါက ကြိုတင်ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲစာအိတ်များအတွင်းသို့ သတ်မှတ်ထားသည့်အတိုင်း ထည့်သွင်း၍ ပုံစံ (၁၅) ပေးပို့လာသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ထံသို့ လိပ်မူ၍ပေးပို့ပါ။

မဲဆန္ဒရှင်ရောက်ရှိနေသည့်ဒေသမှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များ လက်ခံရရှိသည့်အခါ ကြိုတင်ဆန္ဒမဲပေးရန်နေရာများ စီစဉ်ပြီး ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ပါ၊ သက်ဆိုင်သည့်မဲဆန္ဒရှင်သို့ဆက်သွယ်အကြောင်းကြားပါ။

## မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲပေးခြင်း

မဲဆန္ဒရှင်သည် ပုံစံ(၁၅)ဖြင့် လျှောက်ထားပြီးပါက ကြိုတင်ဆန္ဒမဲပေးရမည့် နေ့ရက်နှင့် နေရာတို့ကို သိရှိနိုင်ရန်အတွက် မိမိ၏ ပုံစံ (၁၅) ပေးပို့တင်ပြထားသည့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ဆက်သွယ်မေးမြန်းပါ၊ ကြိုတင်ဆန္ဒမဲပေးရမည့် နေ့ရက်နှင့်နေရာတို့ကို သိရှိလျှင် ကြိုတင်ဆန္ဒမဲပေးရမည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သွားရောက်၍ လျှို့ဝှက်ဆန္ဒပြုပါ၊ ဆန္ဒပြုပြီးသည့်ဆန္ဒမဲလက်မှတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲစာအိတ်အတွင်းသို့ ထည့်သွင်းပိတ်ပြီး ယင်းကြိုတင်ဆန္ဒမဲစာအိတ်ကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ပေးအပ်ပါ၊ လျှို့ဝှက်ဆန္ဒမဲ ပေးရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် အနည်းဆုံး သုံးဦးရှိနေရပါမည်။

## ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များကို ဆောင်ရွက်ခြင်း

မဲဆန္ဒရှင်ရောက်ရှိနေသောဒေသမှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မဲဆန္ဒရှင်က ဆန္ဒပြုပြီးပေးအပ်သည့် ကြိုတင်ဆန္ဒမဲစာအိတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲပုံးများတွင် ခေတ္တထည့်သွင်း၍ လုံခြုံစွာ ထားရှိပါ၊ အဆိုပါ ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်ကို မဲဆန္ဒရှင်၏ အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံသို့ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန်မတိုင်မီ ရောက်ရှိစေရန် ဆက်လက်ပေးပို့ပါ။

မဲဆန္ဒရှင်၏အမြဲတမ်းနေရပ် (မူလမဲစာရင်းပါရှိရာဒေသ) ရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန်မတိုင်မီ ရောက်ရှိ လက်ခံရရှိသော ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်ကို သက်ဆိုင်ရာ ကြိုတင်ဆန္ဒမဲပုံးများတွင် ထည့်သွင်း၍ လုံခြုံစွာ သိမ်းဆည်းထားရှိပါ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန်နောက်ပိုင်း ရောက်ရှိလာသော ဆန္ဒပြုပြီးသည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို လက်ခံခြင်းမပြုရပါ။

အထက်အပိုဒ်ပါ လက်ခံရရှိ သိမ်းဆည်းထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံပိတ်ပြီးသည့် ညနေ ၄ နာရီ (၁၆:၀၀) အချိန်နောက်ပိုင်းတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ရေတွက်၍ သက်ဆိုင်ရာ ပုံစံများတွင် ဖြည့်သွင်း၍ပြုစုပါ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံပိတ်ချိန် ညနေ ၄ နာရီ (၁၆:၀၀) အချိန် နောက်ပိုင်း ရောက်ရှိလာသော မည်သည့် ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်ကိုမျှ လက်ခံခြင်း၊ ထည့်သွင်းရေတွက်ခြင်း မပြုရပါ။

## ဥပဒေနှင့်အညီဖြစ်ပါစေ

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် အထူးကိစ္စရပ် အနေဖြင့် ပုံစံ (၁၅) ဖြင့် လျှောက်ထားပြီး ကြိုတင်ဆန္ဒမဲပေးခွင့်ရရှိကြသည့် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် သက်ဆိုင်သည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့်အညီသာ အလေးထားလိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

## အထူးသတိပြုကြရန်

အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးနိုင်ခွင့်ရရှိစေရေးအတွက် ပုံစံ (၃-က) ဖြင့် လျှောက်ထားပြီးဖြစ်သဖြင့် အထူးကိစ္စတစ်ရပ်အနေဖြင့် ပုံစံ (၁၅) ထပ်မံလျှောက်ထား လုပ်ဆောင်ရန် မလိုအပ်တော့ပါ။ အဆိုပါမဲဆန္ဒရှင်များအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ကြေညာချက်အမှတ် (၁၆၆/၂၀၂၀) နှင့် အညီသာ ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

## ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးဆန္ဒမဲပေးနိုင်ရေး

ရွေးကောက်ပွဲတစ်ခုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲပေးနိုင်ရေးသည် အဓိကလိုအပ်ချက် ဖြစ်သည်။ ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရချိန်ဖြစ်သဖြင့် ဤအချက်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အထူး အလေးထားဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများအရ ထုတ်ပြန်ထားသောကျန်းမာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်နေထိုင်ကြရသဖြင့် မိမိမဲစာရင်း ပါရှိရာ မဲဆန္ဒနယ်သို့ပြန်လည်၍ ဆန္ဒမဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များနှင့်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သတ်မှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း တိကျစွာလိုက်နာကြခြင်းဖြင့် ဆန္ဒမဲပေးပိုင်ခွင့် အခွင့်အရေးများ ပြည့်ဝစွာရရှိကြမည်ဖြစ်ကြောင်းပါဗျာ။

- **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးနိုင်ကြပါစေ။**
- **သတ်မှတ်ထားသည့်လုပ်ငန်းစဉ်များနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်နိုင်ကြပါစေ။**
- **လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီး ဖြစ်ပါစေ။** ။

# ပုသိမ်ခရိုင်ရဲမှုထမ်းဟောင်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာထောက်ပံ့

**ပုသိမ် အောက်တိုဘာ ၁၅**
အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တပ်မတော်အရာရှိများသည် ယနေ့ နံနက် ၈ နာရီခွဲတွင် ပုသိမ်ခရိုင်ရဲမှုထမ်းဟောင်း ၁၀၀ တို့အား ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာများ တတိယအကြိမ် ထောက်ပံ့ပေးအပ်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးခန်းမဆောင်၌ ကျင်းပသည်။



ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်က ရဲမှုထမ်းဟောင်းကြီးများအား အားပေးစကားပြောကြားပြီး ရဲမှုထမ်းဟောင်းတစ်ဦးလျှင် ဆန် သုံးပြည်ခုနစ်ဘူး၊ ဆီ ၂၈ ကျပ်သား၊ ဆား ၂၄ ကျပ်သား၊ ပဲ ၄၂ ကျပ်သားကို ၁၄ ရက်စာ တတိယအကြိမ် ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးသန့်ကျော်၊ ဦးစီး(ပ)ရေးထောက် ဒုတိယရဲမှူးကြီး ထွန်းရွှေနှင့် ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းသိန်း၊ ပုသိမ်ခရိုင်ရဲမှုထမ်းဟောင်းဥက္ကဋ္ဌ ဒုရဲမှူး ဝင်းစိန်(ငြိမ်း)ပါ ၄၅ ဦးနှင့် ရဲမှုထမ်းဟောင်းများ တက်ရောက်ကြောင်း သိရသည်။

ပုသိမ်လှကြည်



# လင်းခေးမြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍ) ချေးငွေများပေးအပ်

**လင်းခေး အောက်တိုဘာ ၁၅**
ရှမ်းပြည်နယ် လင်းခေးမြို့နယ် မြစိမ်းရောင်(ငါးကဏ္ဍ)စီမံကိန်းဖြင့် ဆောင်ရွက်နေသည့် ပုန်းထွန်ကျေးရွာတွင် မြစိမ်းရောင်(ငါးကဏ္ဍ)အရင်းမပျောက်မတည်ငွေဆဋ္ဌမအကြိမ် ပြန်လည်ထုတ်ချေးနိုင်ရန်အတွက် ငွေကျပ် ၄၂၆ သိန်းအား ပုန်းထွန်ကျေးရွာ မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းမင်းနိုင်ထံသို့ လွှဲပြောင်းပေးအပ်ခြင်းကို ယမန်နေ့က လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးမှူးရုံးတွင် ပြုလုပ်ရာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သက်ဆုရည်ဝင်းက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ကျောင်းကုန်း အောက်တိုဘာ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်စက်နှင့် အောက်ဆီဂျင်တိုင်းစက်လှူဒါန်းမှုကို ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲခန့်က ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့သည်။

အမေရိကန်နိုင်ငံ ဟာဝိုင်အီပြည်နယ်နေ ဒေါက်တာ ဝေလျှံအောင်မြတ်-ဒေါက်တာ လှမြတ်မိုး၊ သမီး မလှသဇင်မြတ် မိသားစုက အောက်ဆီဂျင်စက် Ventilator တစ်လုံးနှင့် အောင်ပန်းမြို့ ကျောင်းကုန်းသား ဒေါက်တာကြည်လွင်က အောက်ဆီဂျင်တိုင်းစက် PULSE Oximeter နှစ်ခု စုစုပေါင်း ကာလတန်ဖိုး ရှစ်သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။



အဆိုပါ လှူဒါန်းသည့် ဆေးရုံသုံးပစ္စည်းများအား အလှူရှင်ကိုယ်စား ဦးမြင့်ထွန်းနှင့် ဦးစိန်ဝင်းတို့က လှူဒါန်းပေးရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က လက်ခံရယူခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မျိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ ဝင်းကြိုင်(ပြန်/ဆက်)



# ရှမ်းပြည်နယ် (တောင်ပိုင်း) အရှေ့ပိုင်းသမဝါယမ အသင်းစုချုပ်က ကလောမြို့နယ်သမဝါယမအသင်းစုနှင့် ချိတ်ဆက်၍ ဒေသထွက်အာလူးများ ဖြန့်ဖြူး

**ကလော အောက်တိုဘာ ၁၅**
ရှမ်းပြည်နယ် (တောင်ပိုင်း) အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်က ကိုဗစ်-၁၉ ကာလအတွင်း အခြားသော တိုင်းဒေသကြီး/ပြည်နယ်များ၊ ဒေသတွင်းသမဝါယမအသင်းအချင်းချင်းများနှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ်၏ ဒေသထွက်ကုန်သီးနှံများအား No Profit, No Loss စနစ်ဖြင့် ဝယ်ယူဖြန့်ဖြူးပေးလျက်ရှိသည်။

သီးနှံစိုက်တောင်သူများနှင့် သမဝါယမအသင်းသား အသင်းသူ တောင်သူများ၏ စိုက်ပျိုးသီးနှံများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ကုန်စည်များဝယ်ယူဖြန့်ဖြူးခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကလောမြို့နယ်သမဝါယမအသင်းစုနှင့်ချိတ်ဆက်၍ ဒေသထွက်အာလူး ပိဿာချိန် ၁၂၀၀ ကို ဝယ်ယူ၍ အောက်တိုဘာ ၁၃ ရက်တွင် နမ့်စန်(တောင်)၊ တောင်ကြီး၊ လွိုင်လင်၊ ညောင်ရွှေမြို့နယ်တို့ရှိ သမဝါယမအသင်းသား အသင်းသူများထံသို့ ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်




**လူသားတို့၏ ကျန်းမာရေး**
**အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# သီနီမြို့နယ်၌ တိုင်းရင်းသားပြည်သူများ ရာသီမရွေးသွားလာနိုင်ရေး လမ်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီနီမြို့နယ်၌ နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများ ရာသီမရွေး သွားလာနိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ နှစ်အတွင်း သီနီမြို့နယ်အတွင်း မြေလမ်း(၂/၄)မိုင်၊ ကျောက်ချောလမ်း လေးမိုင်၊ ကတ္တရာလမ်းတစ်မိုင်နှင့် Box Culvert ကိုးစင်းတို့အား နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၇၉၈ ဒသမ ၇၄၉ သန်းဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများအနက် သီနီမြို့နယ် နားကုန်း-ဟိုဆော်လမ်း(၄/၀)မိုင်အနက် (၁/၀) မိုင် ဆောင်ရွက်ပြီး ကျန်(၃/၀)မိုင်လမ်းပိုင်းအား ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေကျပ် ၄၀၅ ဒသမ ၆၀၇ သန်းဖြင့် ရာနှုန်းပြည့်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျောက်ချောလမ်းပေါ်ရှိ လိုအပ်သောနေရာများတွင်(၅ x ၅ x ၂၆ )ပေ Box Culvert သုံးစင်းအား ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၄၅၃ သန်းဖြင့် လုပ်ငန်းများအား တစ်ချိန်တည်းရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းကျောက်ချောလမ်းနှင့် Box Culvert များ တည်ဆောက်ပေးခြင်းဖြင့် နားကုန်းကျေးရွာနှင့် ဟိုဆော်ကျေးရွာရှိ နယ်စပ်ဒေသတိုင်းရင်းသားပြည်သူများ ရာသီမရွေးသွားလာနိုင်ပြီး ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ ငွေကြယ်



## မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အထိမ်းအမှတ်

# အကယ်ဒမီ ခင်ယုမေနှင့် ရုပ်ရှင်စကားဝိုင်း

**တွေ့ဆုံမေးမြန်း-ဒါရိုက်တာကြည်စိုးထွန်း**

ဂီတလောကမှ ရုပ်ရှင်လောကသို့ ကူးပြောင်းလာသည့် အဆိုတော်များထဲတွင် ထိပ်ဆုံးကပါဝင်ခဲ့သူဖြစ်ပါသည်။ ခင်ယုမေသည် သူ့ခေတ် သူ့အခါက ထင်ရှားသော ဝတ်စားပုံကိုထွင်နိုင်ခဲ့သူဖြစ်သလို သဘာဝကျသော အမူအရာကိုလည်း လုပ်ဆောင်နိုင်ခဲ့သည့် ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်လေသည်။

ခင်ယုမေ၏ ရုပ်ရှင်ကားများကိုကြည့်လျှင် အမူအရာပိုလွန်းသွားသည့် ရုပ်ရှင်ကားမျိုး မရှိသလောက်ရှားပါးခဲ့သည်။ ရုပ်ရှင်ကားများကို သဘာဝကျကျ မပိုမလို သရုပ်ဆောင်နိုင်ခဲ့သလို သိုင်းရုပ်ရှင်ဇာတ်ကားများ၊ ဓားခုတ်လှံထိုး ရုပ်ရှင်ဇာတ်ကားများကိုလည်း နာမည်ရအောင် ရိုက်ကူးခဲ့သည်ကို တွေ့မြင်ရလေသည်။ ဂီတဘက်တွင် ထူးချွန်ခဲ့သလို ရုပ်ရှင်ဘက်တွင်လည်း ရုပ်ရှင်ထူးချွန်ဆုနှစ်ဆုရသည်အထိ သရုပ်ဆောင်တော်ခဲ့သော ခင်ယုမေ၏ ရုပ်ရှင်လောကအတွင်း လျှောက်လှမ်းခဲ့ပုံများကို သိရှိနိုင်ကြမည် ဖြစ်ပါသည်။

ဒီတစ်ပတ် ကျွန်တော့်ရဲ့ရုပ်ရှင်စကားဝိုင်းကတော့ နည်းနည်းထူးခြားတယ်လို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော်ရောက်နေတဲ့နေရာက အကယ်ဒမီ ရုပ်ရှင်မင်းသမီး ခင်ယုမေရဲ့ ခြံဝင်းဖြစ်ပြီး အကယ်ဒမီခင်ယုမေနဲ့ ဒီတစ်ပတ်ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ဟာ စတူဒီယိုကို မလာရောက်နိုင်တဲ့ ခင်ယုမေရဲ့ အိမ်ကိုလာပြီးတော့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

(ယမန်နေ့မှအဆက်)

**ဒေါ်ခင်ယုမေ။** ။ 'မြွေမြွေချင်းခြေမြင်'က မထွက်ဘူးထင်တယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့အစ်မ ထွက်တယ်၊ နောက်ဆုံးကား ထွက်တယ်။ နောက်ကျတော့ အစ်မ ၁၉၇၃ ခုနှစ် ရောက်တဲ့အခါကျတော့ အစ်မက 'တိမ်ဦးလေပြေ မောင့်ကိုစေ' နော် ကိုဝင်းဦး နဲ့။

**ဒေါ်ခင်ယုမေ။** ။ အဲဒါတုန်းက မအိုင်ရင်းလေ အတင်းလာငှားလို့။

**ကြည်စိုးထွန်း။** ။ လိုက်လည်း လိုက်ပါတယ်။ အဲဒီကားလေး ကောင်းလည်း ကောင်းတယ်နော်။ ထူးဆန်းတာပေါ့နော်။ အဲဒီအထဲမှာ အစ်မက အရင်က သီချင်းဟောင်းတစ်ပုဒ်ကို ပြန်ဆိုတာ တော်တော့်ကို…။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ် အမေကြည်သီချင်းလေ။ အမေကြည် သီချင်းက သူက အရင်က ဓာတ်ပြားပဲလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ အမေကြည်က ကြာလည်းကြာပြီလေ အစ်မတို့ ငယ်ငယ်လေးကတည်းက။

**ကြည်စိုးထွန်း။** ။ သက်ဆိုင်သူသို့ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ အစ်ကိုလေး ရေးတာလေ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ဓာတ်ပြားထွက်တာကြာပြီပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ နှစ်ကြာတော့ လူလည်း မသိတာအကုန်လုံးပေါ့ အဲဒီအထဲမှာ ထည့်သုံးလိုက်တော့ အစ်မတို့ ပြန်ဆိုခိုင်းတော့ သက်ဆိုင်သူသို့ သက်ဆိုင်သူသို့ နာမည်အတော်ကြီးသွားတာ။

**ကြည်စိုးထွန်း။** ။ တအားကောင်းတာအစ်မဆိုတာလည်းကောင်းတယ်။

**ဒေါ်ခင်ယုမေ။** ။ ဟိုလူကလည်း သက်ဆိုင်သူ ဒီလူကလည်း သက်ဆိုင်သူ သက်ဆိုင်သူပိုင်ရှင်တွေ ပေါ်သွားတော့ မူရင်းပြန်ဖော်တဲ့သူက မသိတော့ဘူးပေါ့။

**ကြည်စိုးထွန်း။** ။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ သိနေတာပဲ ကြည့်ရတာကိုး။ အဲဒီမှာလည်း သက်ဆိုင်သူသို့က ပိုပြီးတော့ ပြန်ပြီး ခေတ်စားလာတာပေါ့နော်။ ခေတ်စားလာပြီးတော့ လူကြိုက်များလာတာ အခုထိပါပဲ ပြန်ပြန်ဆိုနေတာနော်။ အဲဒီတော့ အစ်မတို့ ခုနက ပြောသလို အစ်မတို့ ဆိုတယ်၊ ဆိုတာတောင်မှ တချို့ကလေးတွေကျ မသိတော့ဘူးပေါ့။ ကျွန်တော်တို့ကတော့ အမှန်တော့ ဒါတွေကိုပြန်ပြီးတော့ထုတ်ဖော်ချင်လို့ ဒီ Movie Talk လေးကို ကျွန်တော်ကလုပ်တာပေါ့ အစ်မရယ် ရုပ်ရှင်စကားဝိုင်းလေးကို။ ဘာလို့လဲဆိုတော့ ရှေးတုန်းက လုပ်ကိုင်သွားတဲ့ ရုပ်ရှင်ပညာသည်ကြီးတွေကလည်း ပေါ့ပေါ့တန်တန် လုပ်မသွားဘူး။ အနုပညာနဲ့ပတ်သက်လာရင် ခုနကပြောသလို ဂီတမှာပဲ ကြည့်ကြည့်၊ သရုပ်ဆောင်မှာပဲ ကြည့်ကြည့်၊ အကုန်လုံးပေါ့နော် Directing ကြည့်ကြည့်၊ ဓာတ်ပုံမှာပဲ ကြည့်ကြည့် တကယ်ကိုလုပ်သွားနိုင်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ရှိတယ်ဆိုတာ ကျွန်တော်ပြောချင်တာ။ အဲဒီလို ပြောခြင်းအားဖြင့်လည်း ဒီခေတ်မှာရှိတဲ့ လူငယ်တွေ အားကျစေချင်တယ်။









**ဒေါ်ခင်ယုမေ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ဘာဖြစ်လို့အားကျစေချင်လဲဆိုတော့ကျွန်တော်တို့ခေတ်၊ ကျွန်တော့် နောက်က ကျွန်တော့် ညီငယ် ညီမငယ်များ ခေတ်ကျမှ ညှံ့မယ်ဆို ဘယ်ကောင်းပါ့မလဲ အစ်မရယ် မညှံ့စေချင်ဘူးပေါ့။

**ဒေါ်ခင်ယုမေ။** ။ အင်းပေါ့။

**ကြည်စိုးထွန်း။** ။ မညှံ့စေချင်လို့ ကျွန်တော့်ရုပ်ရှင်စကားဝိုင်းလေးမှာ ကျွန်တော်က ရှေးတုန်းက လူကြီးတွေ ဘယ်လိုကြိုးစားတယ်ဆိုတာ ပြောပေးနေတာ အစ်မရယ်။ အစ်မတို့နဲ့တွေ့တာက အဲဒီလိုပဲ အစ်မရဲ့အိုက်တင်၊ အစ်မတို့ ဘယ်လိုကြိုးစားခဲ့ရတယ်၊ ဘယ်လောက်အထိ ဒီဟာကို ထိန်းထားခဲ့ရတယ် ဆိုတာကို ဒါလေးတွေ သိစေချင်လို့ ဒီကဏ္ဍလေးကိုကြိုးစားပြီး ပြောနေတာ အစ်မရေ အဲဒါပါပဲ။ ၁၉၇၅ ခုနှစ်ကျတော့ အစ်မနောက်ထပ် အကယ်ဒမီ ဆုရတယ်၊ ကောင်းလည်း ကောင်းတယ် ဆရာဦးသုခရဲ့ 'ရွှေချည်ငွေချည်တန်းပါလို့'။ အင်မတန်ကောင်းတာ အစ်မရယ်။








**ဒေါ်ခင်ယုမေ။** ။ အဲဒါပြီးတော့ 'ချစ်အမျှ' လာတယ်နော်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့အစ်မ။

**ဒေါ်ခင်ယုမေ။** ။ 'ချစ်အမျှ'ကတော့ အရင်မေရှင်ရယ် မေမြင့်ရယ်။

**ကြည်စိုးထွန်း။** ။ ဦးတင်မောင်ရယ်။

**ဒေါ်ခင်ယုမေ။** ။ မေမြင့်က မချိုပေါ့။

**ကြည်စိုးထွန်း ။** ။ ကျွန်တော်မှတ်မိနေတယ် အရင်ဟာကတော့ ကျွန်တော်မကြည့်ဖူးဘူး။

**ဒေါ်ခင်ယုမေ ။** ။ ဦးတင်မောင်က ဇော်လင်းပေါ့။

**ကြည်စိုးထွန်း ။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ ။** ။ ဇော်လင်းလည်း အဲဒီမှာ တော်တော်ကောင်းပါတယ်။

**ကြည်စိုးထွန်း ။** ။ အစ်မက မေရှင်နေရာမှာ လုပ်ရတယ်နော်။

**ဒေါ်ခင်ယုမေ ။** ။ ဟုတ်တယ် မေရှင်နေရာ။

**စာမျက်နှာ ၂၃ သို့**

❂ စာမျက်နှာ ၂၂ မှ

**ကြည်စိုးထွန်း။** ။ မေရှင်နေရာမှာလုပ်ရတယ်။ မချိုက မေမြင့်နေရာမှာ လုပ်ရတယ်။ အရင်ကားလည်း ကောင်းတာပဲ။ အစ်မတို့ကျတော့ ပိုကောင်းတာပေါ့၊ အကြံတူနောက်လူသာစမြဲကိုး။ နောက် ဆရာဦးသုခကိုင်တာဆိုတော့ ပိုကောင်းတာပေါ့ အစ်မရယ်။

**ဒေါ်ခင်ယုမေ။** ။ သူ့ဇာတ်ညွှန်းပဲကိုး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ဟိုတုန်းကလည်း သူ့ဇာတ်ညွှန်းပဲကိုး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ဒီခေတ်ဆိုတော့ ဒီခေတ်နဲ့လိုက်တာလေးတွေ ပြန်ထည့်တာပေါ့။

**ကြည်စိုးထွန်း။** ။ ခုနက 'ရွှေချည်ငွေချည်တန်းပါလို့' က အစ်မလည်း ရတယ်။ ဒေါ်မေနွဲ့လည်းရတယ်။ ဒါရိုက်တာလည်း ရတယ်။ ကားလည်းရတယ်နော် အစ်မ။

**ဒေါ်ခင်ယုမေ။** ။ ကားထုပ်လည်း ရတယ်။

**ကြည်စိုးထွန်း။** ။ လေးဆုရတာ အဲဒီကားကနော်။

**ဒေါ်ခင်ယုမေ။** ။ ဆရာ့ကားတွေကတော့ အနည်းဆုံး နှစ်ဆုက အသာလေးပဲ နှစ်ဆု၊ သုံးဆုဆိုတာ။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်။

**ဒေါ်ခင်ယုမေ။** ။ အဲဒီတုန်းက ဘယ်လောက်လဲ လေးဆုလား။

**ကြည်စိုးထွန်း။** ။ လေးဆုလေ။ အစ်မနဲ့လည်း လိုက်တယ်အစ်မရဲ့။ ဘာလို့လဲဆိုတော့ အစ်မတို့က အငြိမ်လုပ်နိုင်တယ်။ အိုက်တင်ကို သရုပ်မှန်ပေါ့နော် အိုဗာမဖြစ်ဘူးပေါ့နော်။ မှန်မှန်လေးလုပ်နိုင်တဲ့ သူနဲ့ အဲဒီလိုနေရာလေးနဲ့ ဦးသုခလိုလူနဲ့ တအားကြည့်ကောင်းတာပဲ၊ နှစ်ကား စလုံးပါပဲ ကြည့်ကောင်းတယ်။ လိုက်လည်းလိုက်တယ်။ ဒါကြောင့်မို့လည်း အကယ်ဒမီရတာပေါ့လေ။ နောက်ကားပါ ရဖို့ကောင်းတယ်နော် 'ချစ်အမျှ'။

**ဒေါ်ခင်ယုမေ။** ။ နောက်ကားလည်း ပါတယ်လေ။ ပါပေမဲ့ ဦးမြင့်စိုးက ပြောတယ် အဲဒီတုန်းက နှစ်ယောက်မပေးဘူးလေ။

**ကြည်စိုးထွန်း။** ။ မပေးဘူး။

**ဒေါ်ခင်ယုမေ။** ။ အခုလို နှစ်ယောက်ပေးရင်ရပြီပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်အစ်မ။




**ကြည်စိုးထွန်း။** ။ ဇာတ်ကောင်နေရာကို ရောက်သွားတာလေ။

**ဒေါ်ခင်ယုမေ။** ။ ဇာတ်ကောင်ကိုပဲ သူတို့က ခေါ်တော့တယ် အဲဒီလိုမျိုး။

**ကြည်စိုးထွန်း။** ။ ဟုတ်တယ်အစ်မ ခုနက ကျွန်တော်တို့ 'ပန်းတွေနဲ့ဝေ' ကျန်နေခဲ့တယ်။

**ဒေါ်ခင်ယုမေ။** ။ 'ပန်းတွေနဲ့ဝေ'လေ။

**ကြည်စိုးထွန်း။** ။ ကိုညွှန့်ဝင်းလေ ကောင်းလိုက်တာ။

**ဒေါ်ခင်ယုမေ။** ။ သူက ညက်ညက်ကလေးနဲ့ မောင်ဝဏ္ဏလေ မောင်ဝဏ္ဏ



**ဒေါ်ခင်ယုမေ။** ။ မောင်ဝဏ္ဏက သူက အဲဒါမျိုးလေး ညက်ညက်လေး။

**ကြည်စိုးထွန်း။** ။ သူက အဲဒါမျိုးလေး တက္ကသိုလ်မှာလေ မိန်းမတွေ ဘယ်လောက်ကြိုက်လာမှန်းမှ မသိတာနော်။ သူ ခိုးခိုးပြီးကြိုက် သိအောင်ပြောပြီဟုတ်လား။ သူ့ကို ဒီလိုစမှရမှာ ကောင်းတယ် သိပ်ကောင်းတယ်။

**ဒေါ်ခင်ယုမေ။** ။ သူကအေးအေးလေးနဲ့ သူ့စိတ်ကူးနဲ့သူလေ အနုအညက်လေး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ပန်းတွေနဲ့ဝေသီချင်းဆိုခေတ်စားတာအခုထက်ထိပဲ။

**ကြည်စိုးထွန်း။** ။ Directingလုပ်တယ်ဆိုတာအစ်မကတော့ပိုသိမှာပေါ့။ ကျွန်တော်ကတော့ပုံလေးတွေ ကြည့်ရတာပေါ့။ ဒါရိုက်တာလုပ်တယ်ဆိုတာ ဒီလိုဘာညာ ရှင်းပြနေတဲ့လူတွေ များတယ် မဟုတ်လား။ ဟာဘယ်လိုလုပ်ရမယ် စာရွက်ပြပြီးတော့ သူကအဲဒီလိုပုံ မဟုတ်ဘူး အစ်မ။

**ဒေါ်ခင်ယုမေ။** ။ မဟုတ်ဘူး ။

**ကြည်စိုးထွန်း။** ။ ကျွန်တော်သူ့တွေ့တဲ့ပုံက ဒီလိုလေး ဟားဟားဟား။

**ဒေါ်ခင်ယုမေ။** ။ ဒါဒီလို ဒါဒီလိုအစ်မ ဒါလုပ်နော်အဲဒါ။

**ကြည်စိုးထွန်း။** ။ တိုးတိုးတိုးတိုးနဲ့။

**ဒေါ်ခင်ယုမေ။** ။ တိုးတိုးတိုးတိုးပဲ။

**ကြည်စိုးထွန်း။** ။ သူ့ကျ အကျယ်ကြီးပြောရတယ်။

**ဒေါ်ခင်ယုမေ။** ။ အဲဒီတုန်းကလေ နွေရာသီကျောင်းပိတ်တော့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ သီရိဆောင် ဟုတ်လား။ အစ်မတို့သီရိဆောင် အဲဒီ အဆောင်တစ်ခုလုံး အကုန်ပြန်သွားကြပြီ။ အဲဒီမှာ သွားပြီး တစ်လလုံးလုံး အပိုင်စီးပြီး အဲဒီမှာ ရိုက်နေတာလေ။

**ကြည်စိုးထွန်း။** ။ ကောင်းလိုက်တာနော် အဲဒီတုန်းက ရိုက်ခွင့်ရတယ်နော်။


ဒါရိုက်တာ မောင်ဝဏ္ဏ


ကြည်ကြည်ထွေး

**ဒေါ်ခင်ယုမေ။** ။ မေကရွှေချည်ငွေချည်မှာရထားတော့တကယ်ပေးမယ် ဆိုရင် နှစ်ယောက်စလုံး ပေးချင်ပါတယ်တဲ့ ဦးမြင့်စိုးက။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ဒါပေမဲ့တဲ့မေက ရွှေချည်ငွေချည်မှာရထားတယ်ဆိုတော့ မချိုကိုပေးလိုက်တယ်တဲ့။ ဘယ်လိုပဲဖြစ်ဖြစ်ပါလို့။

ဆိုတော့။

**ကြည်စိုးထွန်း။** ။ ကိုအောင်လွင်လည်း ပါတယ်နော်။

**ဒေါ်ခင်ယုမေ။** ။ ကိုအောင်လွင်လည်း ပါတယ်။

**ကြည်စိုးထွန်း။** ။ ကိုအောင်လွင်နဲ့ အိမ်ထောင်ကျပြီးနောက် ကိုအောင်လွင်က ဆုံးသွားတာနော်။


ညွှန့်ဝင်း


ဦးအောင်လွင်


ဇော်လင်း


ဦးသုခ


ဒေါ်မေနွဲ့


ဦးတင်မောင်

**ကြည်စိုးထွန်း။** ။ ဒါပေါ့ ဒါပေါ့။

**ဒေါ်ခင်ယုမေ။** ။ ကိုယ့်ကို ပွဲကြည့်ပရိသတ်က ကြိုက်တယ်ဆို ပြီးတာပဲလို့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒေါ်ခင်ယုမေ။** ။ ကိုယ်လုပ်ထားတာလေးတစ်ခု မမေ့ဘူးပေါ့။ ဥပမာ 'ပန်းတွေနဲ့ဝေ' အပြင်သွားရင် ခင်ယုမေ မခေါ်တော့ဘူး၊ မမေမခေါ်ဘူး၊ မဝေ မဝေ အဲဒီလိုပဲ။

**ကြည်စိုးထွန်း။** ။ ကောင်းတယ်အစ်မ အဲဒီကားလည်း ကိုဝဏ္ဏ။

**ဒေါ်ခင်ယုမေ။** ။ 'ပုလဲမျက်ရည်' တုန်းက အမာ အမာ ဇာတ်ကားထဲက နာမည်ပဲခေါ်တော့တယ်လေ အဲဒီလိုပေါ့။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ကိုညွှန့်ဝင်းနဲ့ပြန်တွေ့။

**ဒေါ်ခင်ယုမေ။** ။ အဲဒါလည်းလေ သူက စိတ်ဝင်စားစရာကောင်းတယ် မသိရင် ညွှန့်ဝင်းနဲ့ ရည်းစားမှမဟုတ်တာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ သံယောဇဉ်ပေါ့။

**ဒေါ်ခင်ယုမေ။** ။ တစ်ယောက်နဲ့တစ်ယောက် ကိုယ့်စိတ်ထဲကကို ကြိုက်နေကြတာ ခင်မင်နေကြတာ။ ရည်းစား မဟုတ်ဘူး။

**ကြည်စိုးထွန်း။** ။ ကိုဝဏ္ဏကိုက အဲဒါမျိုးတွေ ဘယ်လောက်များလဲမှ မသိတာ။

**ဒေါ်ခင်ယုမေ။** ။ အဝင်၊ အထွက်တွေ ရိုက်တယ်။

**ကြည်စိုးထွန်း။** ။ ဒါမှလည်း တက္ကသိုလ်ရိုက်တယ်ဆိုရင် တက္ကသိုလ်ရဲ့ အငွေ့အသက်ပေါ့။ အနည်းဆုံး အစ်မရယ် ကံ့ကော် ပင်လေး မြင်ရတယ်။ ကံ့ကော်နံ့လေး ရှူရတာနဲ့ တက္ကသိုလ်ပရဝဏ်နဲ့ ဆိုတာကိုက။

**ဒေါ်ခင်ယုမေ။** ။ ဟုတ်တယ်။

**ကြည်စိုးထွန်း။** ။ ကိုယ့်စိတ်ထဲ ကိုယ်က တက္ကသိုလ်ကျောင်းသူဖြစ်သွားတယ် ဟုတ်တယ်မဟုတ်လား။


**ဒေါ်ခင်ယုမေ။** ။ လမ်းလျှောက်တာတို့ ဘာတို့ အကုန်လုံး တက္ကသိုလ်ပဲလေ။

**(ဆက်လက်ဖော်ပြပါမည်)**










**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ပထမအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူ ဝယ်ယူမည့် ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာ (၉၈)မျိုးအား ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ဒုတိယအကြိမ် ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ၅-၁၀-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၄-၁၁-၂၀၂၀ရက်တွင် တင်ဒါပုံစံများကို ပိတ်သိမ်း၍ 1% P.O Cheque လက်ခံမည်ဖြစ်ကာ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်ရက်ကို အချိန်မီ အကြောင်းကြားသွားမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ်-၀၆၇-၃၄၀၈၁၇၇ နှင့် ၀၆၇-၃၄၀၈၄၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)
## တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်ရှိ သံလွင်တံတား(တာဆန်း) တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးတည်ဆောက်ရေးပစ္စည်းများဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စက်/ယာဉ်ယန္တရားများ ငှားရမ်းခြင်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူ/ငှားရမ်းလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | တင်ဒါပုံစံရောင်းချမည့်နေရာ | - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့။ |
| ၂။ | တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် | - ၃-၁၁-၂၀၂၀ ရက် (ရုံးချိန်အတွင်း) |
| ၃။ | လျှောက်လွှာပုံစံအရောင်း ပိတ်မည့်ရက်/အချိန် | - ၁၇-၁၁-၂၀၂၀ ရက် (၁၆:၀၀)နာရီ |
| ၄။ | တင်ဒါဖွင့်မည့်ရက်/အချိန် | - ၁၉-၁၁-၂၀၂၀ ရက်၊ (၁၀:၀၀)နာရီ |
| ၅။ | တင်ဒါတင်သွင်း/စိစစ်/ ရွေးချယ်မည့်နေရာ | - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့။ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးနှင့် တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင်မြို့၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတို့တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရမည့်ဖုန်းနံပါတ် - ၀၉-၂၅၁၇၆၉၂၂၃၊ ၀၉-၇၈၁၃၀၀၄၀၉၊ ၀၈၁-၄၅၄၂၀)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၄)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့် နေပြည်တော်ကောင်စီနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် အောက်ဖော်ပြပါ လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | Lot(1)DHUD/ UIDP(YRG)/2020-2021 | သန်လျင်မြို့နယ်၊ သီလဝါတန်ဖိုးနည်းအိမ်ရာစီမံကိန်း အပိုင်း(၂.၁)တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၁၁/၀.၄)ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၅)လုံး (၃၁၅)ကေဗွီအေ ထရန်စဖော်မာ(၁)လုံးနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း |
| ၂။ | Lot(2)DHUD/ UIDP(YRG)/2020-2021 | လှိုင်သာယာမြို့နယ်၊ ကျန်စစ်မင်းအိမ်ရာစီမံကိန်းအပိုင်း(၂) လျှပ်စစ်လုပ်ငန်း(Social Infrastructure) |
| ၃။ | Lot(3)DHUD/ UIDP(YRG)/2020-2021 | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၂၃၀/၆၆/၁၁)ကေဗွီ၊ ဓာတ်အားခွဲရုံတွင် (၆၆)ကေဗွီ၊ မြေအောက်ကြိုးသွယ်တန်းခြင်း |
| ၄။ | Lot(4)DHUD/ UIDP(YRG)/2020-2021 | နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာအိမ်ရာစီမံကိန်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် (၁၁/၀.၄)ကေဗွီ၊ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ(၃)လုံးနှင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း |

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံများစတင်ရောင်းချမည့် နေ့ရက်/အချိန်/နေရာ | - ၁၉-၁၀-၂၀၂၀ (တနင်္လာနေ့) |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့် နေ့ရက်/အချိန် | - ၁၇-၁၁-၂၀၂၀ (အင်္ဂါနေ့) |
| ၄။ | တင်ဒါအဆိုပြုလွှာ တင်သွင်းရမည့် နေ့ရက်/အချိန်/နေရာ | - ၁၉-၁၁-၂၀၂၀ (ကြာသပတေးနေ့) (၁၅:၀၀) နာရီတိတိ |
| ၅။ | တင်ဒါဖွင့်ပွဲဆောင်ရွက်မည့် နေ့ရက်/အချိန်/နေရာ | - ထပ်မံကြော်ငြာပါမည်။ |

အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့ပြအခြေခံအဆောက်အဦစီမံကိန်းဖွံ့ဖြိုးရေးဌာနခွဲ၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် ဖုန်းနံပါတ် ၀၆၇- ၃၄၀၇၆၉၈ နှင့် ၀၉-၆၈၉၀၇၂၂၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးကြည်**
**အသက်(၈၈)နှစ်**

မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ဆွေ၏ ဖခင် ဦးကြည်သည် ၁၅-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မွန်ပြည်နယ်

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်မြင့်**
**အသက်(၈၅)နှစ်**
**အကြံပေးအရာရှိ၊ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)**

ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)မှ အကြံပေးအရာရှိ ဦးအောင်မြင့် အသက် (၈၅)နှစ်သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် ဝန်ထမ်းမိသားစုများ**
**ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

## အထူးဝမ်းနည်းကြေကွဲခြင်း

International Business Promotion Centre
မှ အသင်းဝင် **ဦးအောင်သာလတ်** (TT Int' Ltd.)
သည် (12.10.2020)နေ့တွင် ပန်းလှိုင်ဆေးရုံကြီးတွင်
ကွယ်လွန်သွားကြောင်း သိရပါသဖြင့်
မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်အဖွဲ့
International Business
Promotion Centre

## အထူးဝမ်းနည်းကြေကွဲခြင်း

Sandhi Governance Institute အဖွဲ့၏ အလုပ်အမှုဆောင် ညွှန်ကြားရေးမှူး ဦးခိုင်ဝင်း-ဒေါ်နီလာမြိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းစိန် (စစ်ကွင်း) အသက် (၈၂)နှစ်သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့)၊ နံနက် (၂:၃၀) နာရီတွင် ပါရမီဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Sandhi Governance Institute**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
**ဒေါ်မြညိမ်း**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ်(၂၆-က)နေ (အောင်သိန်း သစ်ဆိုင်)တို့၏မိခင် ဒေါ်မြညိမ်းသည် ၁၃-၁၀-၂၀၂၀(အင်္ဂါနေ့) ညနေ ၆:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကောင်းသန့်သစ်ဆိုင်မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**စာရေးဆရာ၊ သတင်းစာဆရာကြီး၊ အမျိုးသားစာပေဆုရှင်**
**တက္ကသိုလ်စိန်တင်** အသက် (၈၆) နှစ်

ကြီးကြီးဒေါ်တင်စိန် [စာရေးဆရာမကြီး စိမ့် (ပညာရေး)] ၏ ခင်ပွန်း၊ အမျိုးသားစာပေဆုရှင် စာရေးဆရာကြီး တက္ကသိုလ်စိန်တင် သည် ၁၃-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့တွင်) ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဦးမင်းဇော်ဦး၊ ဒေါ်ဥမ္မာတင်
Super Crown Plastic Industry

## အထူးကျေးဇူးတင်ရှိခြင်း

ကျွန်တော်၊ကျွန်မတို့၏ဖခင်ကြီး ဦးသန်းအောင်ရင်၏နာရေးကိစ္စအဝဝကို အဘက်ဘက်မှ စာနာကူညီအားပေးခဲ့ကြသော မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ) ပါမောက္ခများနှင့် ဆရာ၊ ဆရာမများအားလုံးတို့အားလည်းကောင်း၊ ဖခင်ကြီး၏ လုပ်ဖော်ကိုင်ဖက် အငြိမ်းစား ဆရာကြီး/ ဆရာမကြီးများ၊ တပည့်များအားလုံးအားလည်းကောင်း၊ မြန်မာနိုင်ငံဘောဂဗေဒအသင်း (MEA)၊ ကျောင်းသား/ကျောင်းသူဟောင်းများအသင်း(မုံရွာစီးပွားရေးတက္ကသိုလ်)၊ မုံရွာစီးပွားရေးတက္ကသိုလ်ဘောဂဗေဒအသင်း၊ Monywa MPA Associations,MMPAA၊ ပါရဂူကျောင်းသား/ကျောင်းသူများ၊ ဘောဂဗေဒဌာန(ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ကျောင်းသား/ကျောင်းသူဟောင်းများဖြစ်ကြသော Eco 74-78 Batch, 83-84-85-86 intake family နှင့် ကိုမျိုးအောင်-မသီတာဇော်ညွန့်၊ Eco 93 Foundation, Eco 94 95 Batch, MIEGA Health Care, Inya Economics Journal၊ ဒေါက်တာကံဇော် (ဝန်ကြီး ငြိမ်း)၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ ဦးကြည်ထွန်း၊ ဒေါ်အေးအေးလှိုင် (ဆန္ဒမွန်တိုင်းရင်းဆေး)၊ ဦးကျော်မင်းလတ် (ဘဝသစ်ကိုယ်ပိုင်ကျောင်း)နှင့် စေတနာရှင်များအားလုံး၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း လူမှုကွန်ရက်မှလည်းကောင်း အားပေးနှစ်သိမ့်ကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်သန့်**
**အသက်(၉၂)နှစ်**
**သံအမတ်ကြီး (ငြိမ်း)**
**၁၉၉၇ ခုနှစ် အမျိုးသားစာပေဆုရှင် (နိုင်ငံရေးစာပေ)**

မြန်မာစီးပွားစီမံအမှုဆောင်များအသင်း ဒုတိယဥက္ကဋ္ဌ-(၂) ဒေါ်သီတာသန့်၏ ဖခင်ကြီး ဦးအောင်သန့်သည် ၁၃-၁၀-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက်ပိုင်း၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစီးပွားစီမံအမှုဆောင်များအသင်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဗိုလ်ကြီးစိန်သန်း(ငြိမ်း) (၆၈)နှစ်**
**B.Sc Zoology (1974)**

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသူ/သားဟောင်းများအသင်းဝင်ဖြစ်သူ ပါမောက္ခ ဒေါက်တာယဉ်ယဉ်မွေး(ငြိမ်း)၏ခင်ပွန်း သတ္တဗေဒ ကျောင်းသူ/သားဟောင်းအသင်းဝင် ဗိုလ်ကြီးစိန်သန်း(ငြိမ်း)သည် ၁၃-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသူ/သားဟောင်းများ**
**လူမှုရေးကူညီစောင့်ရှောက်မှုအသင်း**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေကွက်အမှတ်-၂၅၆၊ ဦးပိုင်အမှတ်-၁၉-၄/၉ အတွင်းရှိ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်း၊ အမှတ်(၂၀)၊ အကျယ်အဝန်း(အလျား ပေ၂၀x အနံပေ ၃၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံလွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချသူများဖြစ်သော ၁။ ဒေါ်ကြူကြူမာ[၁၂/လမန(နိုင်)၁၂၉၇၄၂]၊ ၂။ ဒေါ်ငယ်ငယ်[၁၂/လမန(နိုင်)၁၂၉၇၄၃]၊ ၃။ ဦးငွေတိုး[၁၂/လမန(နိုင်)၁၂၉၇၄၆] ၄။ ဒေါ်ပန်းမှုံ (ခင်ပွန်း ဦးသန်းထွန်း၏ ကိုယ်စား) [၁၂/ကတန(နိုင်)၀၇၇၁၁၇]တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဟေမာအောင် [၁၂/လမန(နိုင်)၁၅၁၃၄၃]က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ အဆိုပါ အိမ်၊ မြေနှင့်သက်ဆိုင်သူ မည်သူမဆို ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**ဒေါ်ဟေမာအောင်၏တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခိုင်မေလှိုင်**
**LL.B,D.B.L,Dip in English**
**(စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**တရားလွှတ်တော်ရှေ့နေ**
**အခန်း-၁၀၄D၊ ပထမထပ်၊ တိုက်-၁၀/၁၂၊ ၃၅ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-5083805**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးအေးမောင် (၈၁)နှစ်**
**ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)**
**ဟိုတယ်/ခရီး လုပ်ငန်းဝန်ကြီးဌာန**
**ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) ကန်တော့ခံအဘိုး**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ညောင်အိုင်လမ်း၊ (၅/၁+၂)နေ ဒေါ်အုန်းကြည်၏ခင်ပွန်း ဦးအေးမောင် အသက် (၈၁) နှစ်သည် ၈-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## ပျောက်ဆုံး

ကျွန်တော် သိန်းဇော်ဦး [၁၂/သကတ(နိုင်)၁၉၀၆၄၄]၏ နိုင်ငံကူးလက်မှတ်စာအုပ်နှင့် သင်္ဘောသားလက်မှတ် All in one တို့မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-423734459**

## ပျောက်ဆုံးကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်စန်းစန်း[၁၃/လရန(နိုင်)၀၀၀၈၂၃]၏ အခွန်ပုံစံ အပခ-၁၂ ၂၀၀၃မှ ၂၀၁၂ ထိနှင့် အခွန်ပုံစံ ပတခ(၀င)-၈ ၂၀၁၂မှ ၂၀၁၃ ထိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၉၉၉၈၂**

**သွေးသည် အသက်**

# ကျေးဇူးအထူးတင်ရှိခြင်း

၉-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသော ကျေးဇူးရှင်မိခင်ကြီး ဒေါ်လှလှ အသက် (၈၁)နှစ်၏ နာရေးကိစ္စတွင် လိုအပ်သည်များကို ကူညီဖြည့်ဆည်းပေးပါသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ လူကိုယ်တိုင် လာရောက်နိုင်ခြင်း မရှိပါသဖြင့် Telephone, E-mail, Facebook, Messenger တို့မှ စာနာမှုအပြည့်ဖြင့် နှစ်သိမ့်ပေးပါသော အကြီးအကဲများ၊ လုပ်ဖော်ကိုင်ဖက်များ၊ အသင်းအဖွဲ့များ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာဖြင့် ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## မတည်ငွေရင်းလျှော့ချခြင်း

ကျွန်တော်များ Shwin Chang Lone Manufacturing Co.,Ltd မှ မတည်ငွေရင်း အစုရှယ်ယာအရေအတွက် (၆၅၂၅၀) တန်ဖိုးကျပ်သိန်း(၆၅၂၅)မှ အစုရှယ်ယာအရေအတွက် (၆၀၀၀၀) တန်ဖိုးကျပ်သိန်း(၆၀၀၀)လျှော့ချ၍ လက်ကျန် အစုရှယ်ယာအရေအတွက် (၅၂၅၀)တန်ဖိုး ကျပ်သိန်း (၅၂၅) ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**Shwin Chang Lone Manufacturing Co., Ltd**
**Ph:09-798137066**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့၊ အောက်ကျင်းရပ်ကွက်၊ ဖူးဘုရားလမ်း၊ အိမ်အမှတ်(၃၀၀)နေ (ဘ)ဦးအီးဂျီ၊ (မိ) ဒေါ်ခင်လှိုင် တို့၏ သား မောင်သူရိန်(ခ)ဟာရွန်ဘိုင် သည် မိဘ၏ဆိုဆုံးမမှုကို နာမခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဦးအီးဂျီ-ဒေါ်ခင်လှိုင်**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာရုံး/ကျောင်းများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း ထပ်တိုး(၇)ခုကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံဝယ်ယူ/ တင်သွင်းရမည့်ရက် | - | ၁၆-၁၀-၂၀၂၀ ရက်မှ ၂၈-၁၀-၂၀၂၀ ရက်နေ့ထိ |
| အချိန် | - | နံနက် ၉:၃၀ နာရီမှ ညနေ ၄:၃၀ နာရီထိ |
| နေရာ | - | ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ အမှတ်(၅၉၁)၊အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ |

အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်(၀၉-၅၁၆၁၀၀၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ပြင်ဆင်ဖတ်ရှု

၁၅-၁၀-၂၀၂၀ ရက်၊ ကြေးမုံသတင်းစာ စာမျက်နှာ-၂၅ပါ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း ကြော်ငြာတွင် ဦးသန့်ဇင်ဦး[၁၀/မလမ(နိုင်)၁၀၁၇၂၄]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်သန္တာကျော်**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လဆန်အောင်[၁/မညန(နိုင်)၁၄၂၀၁၃]၏ ပတ်စ်ပို့နံပါတ် (MD247045)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**Ph:09-420113822**



**ဦးအောင်မြင့် (ခ) E.Chandrasekaran**
**(B.Sc Engg (Mech) 1963 Batch)**
**အသက် (၈၅) နှစ်**
**ကုန်သွယ်/လယ်ယာအငြိမ်းစား**
**(အင်ဂျင်နီယာမှူးကြီး)**
**အကြံပေးအရာရှိ**
**ကုန်သည်စက်မှုအသင်းချုပ် (UMFCCI)**

အမှတ် (၆၃/၆၅)၊ မြယာကုန်းလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဒေါ်နုနု (ခ) ဒေါ်ဘာနူးမသီ၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်ထွန်းအောင် (ခ) မော်ဟန်၊ ဒေါ်နီနီမြင့် -ဦးရာဂျား၊ ဒေါ်နွယ်နီဝင်း၊ ဦးဟန်ဝင်းအောင်(ခ)ရာဂျား-ဒေါ်သက်သက်ခိုင်တို့၏ ချစ်လှစွာသော ဖခင်၊ ဒေါက်တာခင်စန္ဒီ၊ မသရဖီအောင်ဟိန်း၊ မောင်လွင်မိုးအောင်၊ မောင်ခန့်ဇွဲလျှံတို့၏ ချစ်လှစွာသောအဘိုးသည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့)၊ ညနေ ၇:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု






## ဦးကြည်
**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ တိုက်(၇)၊ အခန်း (၂၀၈)၊ (၁၁) လမ်း၊ (၃) ရပ်ကွက်နေ (ဦးကျင်ရှိန်-ဒေါ်လှညွန့်)တို့၏ သားကြီး၊ (ဦးကျင်ဟန်-ဒေါ်သွယ်ခင်)တို့၏ သားသမက်၊ ဒေါ်ရှုကြည်၏ ခင်ပွန်း၊ (ဦးကံရှိန်)-ဒေါ်အေးသိန်းတို့၏ညီ၊ (ဦးဟုန်စိန်-ဒေါ်ယဉ်မြိုင်)၊ (ဦးမောင်မြင့်-ဒေါ်အေးအေး)၊ (ဦးမောင်မောင်ထွေး)-ဒေါ်ငွေငွေ၊ ဦးသောင်းအေး-ဒေါ်တင်တင်ဦးတို့၏ အစ်ကို၊ ဒေါ်ယုယုမေ၊ဒေါ်လွင်လွင်မာ (အလက-၈၊ လှိုင်)၊ ဦးဝင်းမော် (မြန်မာအမျိုးသားလေကြောင်း)-ဒေါ်ဇင်မာလင်း၊ ဦးစိုးထွန်း-ဒေါ်ငွေငွေမြင့်၊ ဒေါ်ခင်ခင်ဆွေ(ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်)၊ ဦးတင်မောင်အေး-ဒေါ်စန်းစန်းမော်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၅-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၅:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်သည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်ဇင်မောင်
**အသက် (၄၅)နှစ်**

ပျဉ်းမနားမြို့နယ်၊ အမှတ် (၈/၆၉)၊ မင်္ဂလာသာဓိ ရပ်ကွက်၊ ကေးလမ်းနေ (ဦးတင်ယု)- ဒေါ်ငွေကြည်(မူ/အုပ်-ငြိမ်း)တို့၏ သား၊ ဒေါ်ယုရွှေစင်၏ ခင်ပွန်း၊ မမီမီခင်၏ မွေးသဖခင်ကျေးဇူးရှင်၊ ဦးကျော်မင်းယု (လ/ထ မန်နေဂျာ၊ မြန်မာ့ စီးပွားရေးကော်ပိုရေးရှင်)-ဒေါ်ခင်ဆွေသက်တို့၏ မောင်၊ မောင်မင်းသန့်၏ဦးလေး ဦးကျော်ဇင်မောင်သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအောင်သန့်**
**သံအမတ်ကြီး(ငြိမ်း)**
**အသက်(၈၂)နှစ်**

New Link Marketing Ltd.,မှ Managing Director ဒေါ်သီတာသန့်၏ ဖခင်ကြီး ဦးအောင်သန့် (သံအမတ်ကြီး-ငြိမ်း)သည် ၁၃-၁၀-၂၀၂၀ (အင်္ဂါနေ့) တွင် (၈၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**[ဦးအောင်သန့် သံအမတ်ကြီး(ငြိမ်း)ကောင်းရာသုဂတိလားပါစေ]**

**New Link Marketing Ltd.,မှ**
**Director နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
**စာရေးဆရာ၊ သတင်းစာဆရာကြီး**
**အမျိုးသားစာပေဆုရှင်**
**နာယက ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)**
**တက္ကသိုလ်စိန်တင် အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်နေ ဒေါ်တင်စိန် (ပညာရေးတက္ကသိုလ်-ငြိမ်း) စာရေးဆရာမကြီးစိမ့်(ပညာရေး)၏ခင်ပွန်း တက္ကသိုလ်စိန်တင်သည် ၁၃-၁၀-၂၀၂၀(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)**

## အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
**ဒေါ်အေးအေးကြူ (မြိတ်မြို့)**
အသက်(၇၈) နှစ်

သူငယ်ချင်း Dr. Tsuyoshi Hasegawa + Dr. ဒေါ်ဝေဝေသက်တင် တို့၏ ချစ်လှစွာသော မိခင်ဖြစ်သူ ဒေါ်အေးအေးကြူ (၇၈)နှစ်သည် ၁၂-၁၀-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**Sayar Donation Group 1976**
အ.ထ.က(၃)၊ ထားဝယ်မြို့

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးမြင့်စိုး**
**အသက်(၆၆)နှစ်**

a 12(myanmar) Co.,Ltd မှ မစုနန္ဒာစိုး (Manager)၏ဖခင် ဦးမြင့်စိုး အသက်(၆၆)နှစ်သည် ၁၅-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Mandalay EHB Group of Companies**
**Mandalay EHB Co.,Ltd**
**Art Decoration Co.,Ltd**
**a 12 (myanmar) Co.,Ltd**

## ဦးကျော်ဒင်
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တိုက် (၅၄)၊ ငါးလွှာ၊ (၁၅၇)လမ်းနေ ဒေါ်မြသန်းချို(ခ)ဒေါ်ချို၏ ခင်ပွန်း၊ ဦးဇော်ဝင်းမြင့်-ဒေါ်သဇင်သန်း၊ ဦးလှဝေသန်း-ဒေါ်သန်းသန်းထွေး၊ ဒေါ်တင်တင်ကျော် (ပါမောက္ခ-ကျိုင်းတုံတက္ကသိုလ်)၊ ဦးမောင်မောင်သန်း-ဒေါ်ဝင်းဝင်းစိုး၊ ဦးစိုးမြင့်အောင်-ဒေါ်နွယ်နွယ်အေးတို့၏ ဖခင်၊ ကိုဇော်ထက်အောင်-မအေးမြတ်ခိုင်(စင်ကာပူ)၊ ကိုစိုးသူရိန်စီ-မဆွေနွယ်လှိုင်(စင်ကာပူ)၊ ကိုရဲစစ်မှူး-မဖြူဇင်သွယ်၊ ကိုသက်မြန်မာ(ခ)ကိုပိုင်စိုးသူ-မသန္တာထွန်း၊ မယမုံဖူး၊ ကိုသက်မှူးမောင်၊ မရှင်လင်းဦး၊ မောင်လင်းခေတ်ရှင်တို့၏ အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၅-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးစိန်လွင်(ခ) ဆီပရာဆပ်
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ အမှတ် (259/261)၊ ရွှေဘုံသာလမ်း၊ အမှတ်(၄) ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးရမ်းလချူမန်း-ဒေါ်ဆာဟင်ဆီယာ)တို့၏ သား၊ (ဒေါ်ကျန်မသီ)၏ ခင်ပွန်း၊ ကိုမြင့်လွင်(ခ) ဘီမာလ်ကူမာရ်-ဒေါ်သီတာဝင်း၊ ကိုအောင်လွင်(ခ)အရုဏ်ကူမာရ်-ဒေါ်စန်းစန်းအေး၊ ကိုသိန်းလွင်(ခ)အဝိနာစ်ကူမာရ်-ဒေါ်တင်လေးအောင်၊ မနီလာလွင်-ကိုစီဝိုဆန်ကာတို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုး ဦးစိန်လွင်(ခ)ဆီပရာဆပ်သည် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ ဟိန္ဒူဓလေ့ထုံးစံအတိုင်း မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းအောင်(ခ)ဦးဘုန်းအောင်
**အသက် (၇၅)နှစ်**
**(ရပ်စောက်-ရှမ်းတောင်)**
**C/E TOMOE**
**1964–65 RIT INTAKES (AUTO MOBILE – 1971)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၃၅-K 3)၊ သံလွင်လမ်း၊ (၁၀) ရပ်ကွက်နေ (ဦးအောင်စု-ဒေါ်သန်းရင်)တို့၏ သား၊ (ဦးကျော်ဦး-ဒေါ်မြသန်း)တို့၏ သားသမက်၊ ဒေါ်ခင်သန်းဝင်း၏ ခင်ပွန်း၊ ဒုရဲမှူး ဖြိုးမြတ်အောင် (နေပြည်တော်)၊ ဗိုလ်မှူးကောင်းမြတ်-ဒေါက်တာမေရည်အောင် (သဃ်န်းကျွန်းစံပြဆေးရုံ)တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၄-၁၀-၂၀၂၀ ရက် နံနက် ၇:၃၀ နာရီတွင် အမှတ် (၃/က)၊ မြတ်ဝတ်ရည်လမ်းသွယ် (၂)၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## အလ္လာအရှင်မြတ်အမိန့်တော်ခံယူခြင်း
**ဟာဂျီရှာဂျဟန်း(ခ) ဦးစိန်ဝင်း**
**အသက် (၇၃)နှစ်**
**(တောင်ငူ)**

တောင်ငူမြို့၊ (၁၄)ရပ်ကွက်၊ (၇)လမ်း၊ အမှတ် (၂၅၄)နေ [ဦးဘစိန်-ဒေါ်မိုင်မွန်နာ(သစ္စာဝါဒီ၊ ပြည်မြို့)]တို့၏ သားကြီး၊ ဦးမျိုးသက်-ဒေါ်ခိုင်ရွှေစင်ဝင်း၊ ဦးအောင်အောင်-ဒေါ်မြတ်သဂီဝင်း၊ ဦးကျော်မင်းဦး-ဒေါ်မြတ်စန္ဒာဝင်းတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုး၊ ဒေါ်ချိုတီ၏ ချစ်လှစွာသောခင်ပွန်း ဟာဂျီရှာဂျဟန်း(ခ)ဦးစိန်ဝင်းသည် ၁၅-၁၀-၂၀၂၀ ရက် နံနက် ၈ နာရီတွင် အလ္လာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ညနေ ၄:၃၀ နာရီတွင် ကန်တော် ကဘာရ်စတန်သို့ ပို့ဆောင်ဒဖာနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးမြင့်စိုး
**အသက်(၆၆)နှစ်**
**လျှပ်စစ်ဝန်ကြီးဌာန(ငြိမ်း)**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အနောက်/၂ မြောက်ရပ်ကွက်၊ ထူပါရုံ (၂၃)လမ်း၊ အမှတ် (၄၈၀)နေ ဒေါ်စန်းခင်၏ ခင်ပွန်း၊ ကိုအောင်ကျော်ကျော်-မသန္တာလှိုင်၊ မစုနန္ဒာစိုး၊ မောင်ဉာဏ်လင်း-မလဲ့ယဉ်ဝင်း၊ မောင်သက်နိုင်ထူး-မအိအိခိုင်တို့၏ ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၅-၁၀-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁၇-၁၀-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း ဒါယကာ
**ဦးခင်မောင်အေး (မန္တလေး)**
**အသက်(၆၆)နှစ်**
**MD, K Construction Co., Ltd**

မန္တလေးမြို့နေ (ဦးစိန်မြ-ဒေါ်ကြင်မြ)တို့၏ သား၊ ဒေါ်လှလှငွေး၏ ခင်ပွန်း၊ မောင်မျိုးကိုကို-မလွင်သူဇာဦး၊ မဆုမြတ်နန္ဒာတို့၏ ဖခင်၊ မောင်သွင်သစ်ထူး၊ မနေခြည်ဝင့်ဝါတို့၏ အဘိုးသည် ၁၅-၁၀-၂၀၂၀ ရက် နံနက် ၇:၁၀ နာရီတွင် ရန်ကုန်မြို့၊ (9-B)၊ သီရိဇေယျာလမ်း၊ ဘောက်ထော်ပြည်သာယာရှိ နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

# ဆရာတော် ဘဒ္ဒန္တ ခေမိန္ဒာစာရ

**(သာသနဓဇ သိရီပဝရဓမ္မာစရိယ) (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)**

**စတုဘုမ္မိကနိကာယ ဂဏနာယက(ငှက်တွင်း) အကျိုးတော်ဆောင်**

**နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နှင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ**

**သိက္ခာတော် (၄၉)ဝါ၊ သက်တော် (၆၉)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာလမ်းနှင့် (၅၃)လမ်းထောင့်၊ စတုဘုမ္မိက ဗဟိုဌာနကျောင်းတိုက် ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တခေမိန္ဒာစာရသည် (၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်) ၁၅-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၅:၅၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

စတုဘုမ္မိကဗဟိုဌာနကျောင်းတိုက်
ရန်ကုန်မြို့

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်ခင်
**ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်း(ငြိမ်း)**
**မိတ်ဆွေများတိုးတက်ဖွံ့ဖြိုးရေးအသင်း(နာယက)**
**အသက် (၈၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ (၃)လမ်း၊ အမှတ်(၉)၊ ခြောက်လွှာ(A)နေ (ဦးချစ်-ဒေါ်သန်းစိန်)တို့၏သား၊ (ဦးကုလား-ဒေါ်အေးမယ်)တို့၏ သားသမက်၊ [ဒေါ်နီ(ခ)ဒေါ်ဝင်း]၏ ခင်ပွန်း၊ ဦးအေးမြင့်-ဒေါ်နွဲ့ရီ (အောင်ဝင်းထွန်း Structure & Home Decoration)၊ (ဦးတင့်ဇော်)-ဒေါ်လှလှငွေး၊ ဦးပေါက်ကျိုင်း-ဒေါ်သိန်းသိန်းဆွေ၊ ဦးလှသိန်းငွေး-ဒေါ်ဝင်းဝင်းမာ၊ ဒုအရာခံဗိုလ်တင့်ကျော်(တပ်မတော်-ရေ)၊ ဦးလှမိုးထွေး-ဒေါ်ဝင်းဝင်းဝါ၊ ဒေါ်သိန်းသိန်းဝေ၊ ဦးဝင်းတင်-ဒေါ်မာလာစိုးတို့၏ မွေးသဖခင်၊ မြေး ၁၂ ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၁၀-၂၀၂၀ (အင်္ဂါနေ့) နံနက်တွင် ရွာဦး ဒေဝကုန္ဒီကျောင်းတိုက်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အနိစ္စ**

## ဒေါ်အေးသန်းကြည်
**အငြိမ်းစားငွေစာရင်းရုံး**
**အသက် (၈၂)နှစ်**
**မော်လမြိုင်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောရပ်ကွက်၊ အောင်ဇေယျရိပ်မွန်၊ တိုက် (၁)၊ အခန်း (၁၀၅)နေ ဗိုလ်မှူးဝင်းလတ်(ငြိမ်း) (ဗသက-၃၀)၏ ချစ်လှစွာသောဇနီး၊ ရန်ကုန်မြို့နေ ဦးဘိုးကြွယ်-ဒေါ်စန်းညွန့်တို့၏ သမီး၊ ဒေါ်သန်းသန်းကြွယ် (TTC-ကမာရွတ်)၏ ညီမ၊ ဦးရဲဝင်းလတ်-ဒေါ်ခင်စောနွယ်တို့၏ ချစ်လှစွာသောမိခင်၊ စိုးရဲထိုက်၊ ရွှေယမင်းအေး၊ ရဲရင့်မြတ်သူတို့၏ ချစ်လှစွာသော အဘွားသည် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၁၀ နာရီတွင် ရန်ကုန်ဆေးရုံ ကြီး၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက် ကယ်ပါ**

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း
## ရှိတ်ခ်အဇီဇွာလ္လာ(ခ)ဦးလှမိုးဦး(ခ)ကိုဘေတာ
**အသက် (၅၆)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ် (၂၅/ဘယ်)၊ (၁၂၃)လမ်းနေ ဦးခင်မောင်ဦး (ဒု/လထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)-(ဒေါ်ကြည်ကြည်)တို့၏ တစ်ဦးတည်းသောသား၊ [ဦးနီ(မျက်မှန်)-ဒေါ်ချိုချို]တို့၏ သားသမက်၊ ဒေါ်နီချိုသက်၏ချစ်လှစွာသောခင်ပွန်း၊ မဖြိုးအိခိုင်၊ မောင်ဖြိုးအာကာတို့၏ ချစ်လှစွာသောဖခင် ရှိတ်ခ်အဇီဇွာလ္လာ(ခ)ဦးလှမိုးဦးသည် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၄၀ နာရီတွင် အလ္လာဟ်ဟိုအသျှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့မဂ်နမာဇ်အပြီး သန်လျင် ဒါရ်ဂါကဗာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်းဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ချောစု(ခ)ဒေါ်ချောစု
**အသက်(၅၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ကြာညိုလမ်း၊ အမှတ် (၂၅၁)နေ [ဦးကျော်တင့် (အငြိမ်းစား-ရိတ်သိမ်းချိန်လွန်နည်းပညာဌာန)]-ဒေါ်သန်းမြင့် (အငြိမ်းစား၊ အထက်တန်းသူနာပြု၊ ရန်ကင်းဒေသန္တရဦးစီးဌာန)တို့၏ ချစ်လှစွာသောသမီးကြီး၊ ဦးနေထွန်း (E.T.O VALLIANZ OFFSHORE Co., Ltd. SINGAPORE)-နန်းငွေးငွေးရီတို့၏ ညီမ၊ ဒေါ်ယဉ်ယဉ်သွယ် (ကထိက၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်မြို့)၏အစ်မ၊ ဒေါက်တာနန်းရီရီနေထွန်း (လက်ထောက်ဆရာဝန်၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး၊ တောင်ဥက္ကလာပမြို့နယ်)၊ ခွန်မျိုးစည်သူတို့၏ ဒေါ်ကြီး ဒေါ်ခင်ချောစု(ခ)ဒေါ်ချောစုသည် ၁၄-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၁၀-၂၀၂၀ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အောက်တိုဘာ ၁၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၀၂၆ ဦးတွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

(၁၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၄-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅-၁၀-၂၀၂၀)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၂,၉၇၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁,၀၂၆)ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၅-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂၀၁၇) ခု | (၂၇၁) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၀၈) ခု | (၆၅) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၁,၀၀၉) ခု | (၃၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၇၂၆) ခု | (၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၇၇) ခု | (၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၁) ခု | (၄၈) ဦး |
| နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၉) ခု | - |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၁၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၆) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၄၈) ခု | (၂၈၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၁၃၇) ခု | (၂၉၉) ဦး |
| စုစုပေါင်း | (၁၂,၉၇၅) ခု | (၁,၀၂၆) ဦး |

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ✳

# ဗီယက်နမ်နိုင်ငံ အစိုးရနှင့် ပြည်သူများက နှာခေါင်းစည်းများနှင့် ဆေးရုံသုံးလက်အိတ်များ ထောက်ပံ့လှူဒါန်း




ဗီယက်နမ်နိုင်ငံအစိုးရနှင့် ပြည်သူများက လှူဒါန်းသည့် နှာခေါင်းစည်းများနှင့် ဆေးရုံသုံးလက်အိတ်များ တင်ဆောင်လာသည့် လေယာဉ်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**ရန်ကုန် အောက်တိုဘာ ၁၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းများနှင့် ဆေးရုံသုံး လက်အိတ်များ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများ တင်ဆောင်လာသော လေယာဉ်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသံအမတ်ကြီး Mr. Ly Quoc Tuan က မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အမေရိကန်ဒေါ်လာ ၂၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်းများနှင့် ဆေးရုံသုံးလက်အိတ်များကို လွှဲပြောင်းပေးအပ်ရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက လက်ခံရယူသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ○

# ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၅**

ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၁၆ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်ဖြစ်သည်။

သတင်းစဉ်

# ဗဟန်းမြို့နယ်၌ ၂၃ ခုမြောက် လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်း ဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၅**

ဖျားနာပါက လာရောက်ပြသနိုင်မည့် ၂၃ ခုမြောက် လူထုအခြေပြုဖျားနာကု အခမဲ့ဆေးခန်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်၌ စတင်ဖွင့်လှစ်ကြောင်း သိရသည်။

အဆိုပါ ဆေးခန်းသည် ဗဟန်းမြို့နယ် SSC ဆေးရုံဘေးရှိ လူထုအခြေပြု ဗဟိုဌာန(ဗဟန်း)၌ တည်ရှိပြီး အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖



**ကြေးမုံ ယနေ့ ဖတ်စရာ**

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ညီညွတ်သော ဒီမိုကရက်တစ်ပါတီ (UDP)(ခ) နှင်းဆီပါတီ ဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့်ပတ်သက်သည့် စိစစ်တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြား**

စာမျက်နှာ » ၁၀